www.burmeseclassic.com

ကိန်းမင်းစာပေ

ကဲ------

ချစ်သူရေ
ကျွန်မတို့တစ်တွေလည်း
အချစ်ကပေးတဲ့
ခွန်အားတွေကို
ခံယူကြစို့နော်။

BURMESE CLASSIC .com

လုံးချင်းဝတ္ထုသစ်

# မေပုလဲဦး

## အချစ်ကပေးသောခွန်အားများ

ဝန်ရှိသိန်းသွေကြည်
2007

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက် ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com



အချစ်ကြောင့်ပေါ့ ...
ကျိန်စာသင့်ပြီး နှစ်ပေါင်းများစွာ
အိပ်ပျော်နေတဲ့ စနိုးဝိုက် မင်းသမီးလေး
နိုးထလာလာခဲ့ရတယ်။

အချစ်ကြောင့်ပေါ့ ...
မင်းနန္ဒာ မင်းသားလေးဟာ
မွေ့နွန်း မင်းသမီးလေး ရှိရာသို့
မြစ်ကူးချောင်းခြား မကြောက်မလန့် သွားခဲ့ရတယ်။

အချစ်ကြောင့်ပေါ့ ...
ကမ္ဘာ့သမိုင်းမှာ ထီးနန်းကိုတောင်
စွန့်ခွာရဲတဲ့ ဘုရင်တွေ အများကြီးရှိခဲ့တယ်၊
အချစ်ဟာ ခွန်အားများစွာကို ဖြစ်စေနိုင်တယ်၊

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကဲ...

ချစ်သူရေ...

ကျွန်မတို့ တစ်တွေလဲ

အချစ်ကပေးတဲ့ ခွန်အားတွေကို

ခံယူကြစို့နော်...



BURMESE CLASSIC .com

## အခန်း (၁)

"နွေ"

"ဒေါက်...ဒေါက်...ဒေါက်"

"နွေ"

အခန်းတံခါး ခေါက်နေတာမို့ နွေက အဝတ်လဲရင်းက

နေ ပြန်အော်တော့တာ။

"ပြီးတော့မယ်ဟေ့ ခဏလေး"

အပြင်ကလည်း ပြန်အော်တော့တာ။

"မြန်မြန်လုပ်ပါဟ ရုပ်ရှင်ရိုက်မှာ မဟုတ်ဘူး"

အင်္ကျီလက်ရှည်ပေါ်ကနေ ဂျင်းကုတ်ထူထူကို ထပ်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



နေရင်း နွေက ခပ်စွာစွာလေး ပြန်အော်ပစ်လိုက်သည်။

"ဟော့… မိန်ကလေးဆိုတာ နှင်တို့ ယောကျ်ားလေးတွေလို ဖြစ်သလိုနေလို့ မရဘူး၊ နည်းနည်းပါးပါးတော့ ပြင်ရတယ်ဟဲ့၊ နှင်းကန်အော်မနေနဲ့"

နွေအော်တော့ အပြင်က တိတ်သွားသည်။

ဒီကောင် သက်ပိုင်က အော်နိုင်မှ တန်ရာကျတာ။ သူဟောက်တာကိုများ ငြိမ်ခံနေလို့ကတော့လား မပြီးနိုင်အောင် ဟောက်နေတတ်တာပါ။

နွေကတော့ နည်းနည်းမှ မခံပါ။ အခုတောင် ကိုယ့်ကိစ္စရှိလို့ ခံနေတာပါနော်။ မဟုတ်လို့ကတော့လား နွေက စကားလေး တစ်ခွန်းတောင် တင်စီးခံတာမဟုတ်။

နွေနဲ့ သက်ပိုင်က မတည့်အတူနေ စစ်စစ်တွေပါ။ မသိတဲ့သူတွေကတော့ နွေနဲ့သက်ပိုင်ကို မောင်နှမအရင်းတွေလို့ပဲ ထင်ကြသည်။

တကယ်တော့ နွေတို့နှစ်ယောက်က သူစိမ်းတွေပါ။ နွေ့ မေမေ ဒေါ်နှင်းဆီနဲ့ သက်ပိုင်ရဲ့ ဖေဖေ ဦးကျော်သက်က





နွေနဲ့သက်ပိုင်တို့ ဆယ်နှစ်အရွယ်လောက်မှာ လက်ထပ်ခဲ့ကြတာဖြစ်သည်။

ပြောရရင်တော့လည်း ကော်တော်ရှုပ်တဲ့ကိစ္စပါ။ နွေ့မေမေနဲ့ သက်ပိုင် ဖေဖေက ငယ်ချစ်ဦးတွေတဲ့၊ အမြေအနေမပေးလို့ ဝေးခဲ့ရတာတဲ့၊ ကံဇာတ်ဆရာရဲ့ အလိုကျ ချစ်တဲ့သူတွေနဲ့ဝေးပြီး မချစ်မနှစ်သက် သူတွေနဲ့ လက်ထပ်ခဲ့ကြရတာတဲ့လေ။

ဒါပေမဲ့ ပေါင်းဆိုဖို့ ကံကရှိနေသေးတော့ နွေ့ဖေဖေက နွေ ငါးနှစ် သမီးလေးမှာ ဆုံးပါးသွားခဲ့သလို၊ သက်ပိုင်ရဲ့ ဖေဖေကလည်း သက်ပိုင် သုံးနှစ်သားမှာပဲ ဆုံးခဲ့သည်။

ဒီတော့ နွေ့မေမေနဲ့ သက်ပိုင်ဖေဖေ ပြန်တွေ့တဲ့ အချိန်မှာ လက်ထပ်ဖြစ်သွားတာပေါ့။

အဲဒီတုန်းက နွေက ကိုးနှစ်ပဲရှိသေးတာ။ မြစ်ကြီးနားက အိမ်ကို ရောင်းခဲ့ပြီး မေမေနဲ့အတူတူ ရန်ကုန်ကို ဆင်းလာခဲ့တာ။ ဘာမှန်းမသိဘဲ နွေ့မှာ ပျော်လိုက်ရတာ။

ရန်ကုန်ရောက်တော့ သက်ပိုင်တို့ရဲ့ တိုက်အိမ်လှလှ



www.burmeseclassic.com

www.burmeseclassic.com



ကြီးဆီကို ကားလှလှကြီးနဲ့ လာခဲ့ရတာမို့ နွေ့မှာ ပျော်လို့မဆုံး။

နောက်မှ မေမေ ယောကျ်ားယူလိုက်ပြီ ဆိုတာကိုသိပြီး နွေ ငိုခဲ့ရတာပါ။ ဒယ်ဒီကတော့ မေမေ့ အပေါ်မှာရော နွေ့ အပေါ်မှာပါ အရမ်းကောင်းပါသည်။ မေမေ့ ဘဝပြည့်စုံ ချမ်းသာစွာနဲ့ နေရသလို နွေ့ ဘဝလေးလည်း အပူအပင်မရှိ ပြီးပြည့်စုံခဲ့ရသည်။

ဒယ်ဒီက နွေ့ကို သမီးအရင်းလေးလို ချစ်ခဲ့သလို မေမေကလည်း သက်ပိုင်ကို သားအရင်းလိုပဲ ချစ်ခဲ့တာမို့ နွေ့တို့မိသားစုလေးမှာ အိမ်တွင်းရေး ပြဿနာ တစ်စုံတစ်ရာမှ မရှိခဲ့ပါ။

နွေနဲ့သက်ပိုင် ခဏခဏ ရန်ဖြစ်တတ်တဲ့ ကိစ္စက လွဲရင် ပေါ့လေ။ နွေနဲ့ သက်ပိုင်က မျက်နှာချင်းဆိုင်ပြီး ဆယ်မိနစ်ပြည့်အောင်တောင် နေလို့ရတာမဟုတ်။

စကားကောင်းကောင်း ပြောနေရင်း ငြင်းစရာတစ်ခု ဖြစ်လာတာနဲ့ ရန်ထဖြစ်တတ်တာပါ။ နောက်ဆုံး TVတစ် လုံးတည်းကို နှစ်ယောက် ကြည့်လို့မရအောင် ဆိုးကြပါသည်။





နွေက ဒီကားကြည့်ရင် သက်ပိုင်က ဟိုကားကြည့်မယ် လို့ ထလုပ်တတ်သည်။ ဒီတော့ ဘယ်လိုလုပ်ပြီး တည့်နိုင်မှာ တဲ့လဲ။

နွေ့ကိုဆို သက်ပိုင်က စလိုက်နောက်လိုက်တာလည်း အလွန်ပါ။ နွေများအလှပြင်ထားရင်

"လှလဲမလှဘဲနဲ့ အလကားလို့ ပြောတတ်သလို"

"ဟာ...နွေက မပြင်ဆင်ဘဲနေရင် မလှဘူးလို့ ထင်ရ ပေမယ့် ပြင်လဲပြင်လိုက်ရော ကြောက်စရာကြီးဗျာ"

လို့လည်း ရုပ်တည်ကြီးနဲ့ ပြောတတ်သေးသည်။

ဒါကြောင့်ပဲ သက်ပိုင်ကို နွေက ခပ်ဝေးဝေးနေတာပါ။ ဒီနေ့တော့ နွေ့မှာ ကိစ္စရှိနေသည်။ အိမ်မှာ လူကြီးတွေ မရှိပါ။ လူကြီးတွေ အလစ်မှာ နွေက ဆိုင်ကယ်စီး သင်ချင် သည်။

နွေ့ကို သင်ပေးနိုင်တာ သက်ပိုင်ပဲရှိသည်။ ဒါကြောင့်ပဲ ဒီကောင့်ကို သည်းခံနေရတာပါ။ သက်ပိုင်ကလည်း သူသာပြီ ဆိုတာနဲ့ နွေ့ကို ဟိန်းဟောက်နေတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်တွေ ဝတ်ပြီးတော့ နွေက မှန်ထဲမှာ ကြည့်လိုက်သည်။

"အားပါး...ဒီလိုဝတ်လဲ လှတာပါပဲလား"

"နွေက ကိုယ့်ကိုယ်ကို အသံထွက်ပြီး ချီးမွမ်းလိုက်တော့တာ"

နွေ့ဘာသာနွေ သိတာပေါ့၊ နွေ တကယ်လှတာပါ။ နွေ့အလှက ဆွဲဆောင်မှုပြင်းတဲ့အလှ။ အပြစ်ဆိုစရာ မရှိအောင် ပြီးပြည့်စုံတဲ့အလှ။ လူတကာ ငေးယူရလောက်တဲ့ အလှ ဖြစ်သည်။

နွေ့ အရပ်က ငါးပေခြောက်လက်မ ရှိသည်။ မိန်းကလေးတွေထဲမှာတော့ အတော်မြင့်တဲ့ အရပ်ပါ။

အရပ်အမောင်းနဲ့ လိုက်ဖက်တဲ့ ခန္ဓာကိုယ်ကိုလည်း နွေ ပိုင်ဆိုင်ထားသည်။ ခါးသေးရင်ချီပြီး ပေါင်တံရှည်ရှည်နဲ့ နွေ့ အချိုးအဆစ်က အနောက်တိုင်းဆန်ချင်သည်။

နွေ့ အသားက ဝါဝင်းစိုပြည်တဲ့ အသားအရေမျိုးပါ။ ဖြူဖွေးနေတာကြီးလည်းမဟုတ်။ အဝါဖက်လှနေတဲ့ အသား





ရောင်ဖြစ်သည်။

နွေ့ဆံပင်တွေက မည်းနက်ပြောင်လက်ပြီး ကောက်သားအနည်းငယ် ရှိနေတာမို့ ခပ်မြင့်မြင့်လေး ချည်ထားရင် အရမ်းလိုက်ဖက် ကြည့်ကောင်းသည်။

နွေ့ မျက်နှာလေးကလည်း အနောက်တိုင်းဆန်ဆန် လှတာပါ။ နှာခေါင်းချွန်ချွန်နဲ့ နှုတ်ခမ်းပါးပါးလေးက နွေ့ရဲ့ ထက်မြက်မှုကို ဖော်ပြနေသည်။

ကြည်လင်တောက်ပတဲ့ နွေ့မျက်လုံးလှလှတွေက နွေ့အလှကိုပိုပြီး ထင်ရှားစေတော့တာ။

စကားပြောတဲ့ဟန်၊ ပြုံးရယ်တဲ့ဟန်၊ လမ်းလျှောက်တဲ့ဟန်အားလုံးက အဆင်ပြေပြေနဲ့ ကြည့်ကောင်းနေတာမို့ ဘယ်နေရာမှာမဆို နွေက ထင်ပေါ်နေတတ်သည်။ နွေ့အလှက ဘယ်သူနဲ့မှ ရောနှောမသွားဘဲ ရှင်းလင်းပေါ်လွင်နေတတ်သည်။

နဂိုနေလှလွန်းတဲ့ နွေက ဘာကိုပဲ ဝတ်ဝတ်ကြည့်လို့လှနေတော့တာ။ အခုလည်း ဆိုင်ကယ်စီးသင်မှာမို့ ဂျင်း



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီရယ်၊ လည်းပင်းခေါက်ထားတဲ့ စပို့ရှပ်အင်္ကျီ အနီရဲရဲရယ်၊ အဲဒီအပေါ်ကမှ ဂျင်းကုတ်ရယ်ကို ထပ်ဝတ်ပြီး ဆံပင်ရှည်ပျော့ ခွေခွေလေးကို ခပ်မြင့်မြင့်လေး ချည်နှောင်ထား ရုံလေးနဲ့ကိုပဲ နွေက လှလွန်းနေတာပါ။

မှန်ထဲက ပုံရိပ်ကို ကျေနပ်အောင် ကြည့်ပြီးမှ နွေက အခန်းထဲကနေ ထွက်လာခဲ့လိုက်တော့သည်။

* * *

## အခန်း (၂)

"ဟာ"

ရင်ထဲက အာမေဍိတ်အသံနဲ့အတူပဲ သက်ပိုင် လက်ထဲ က ဇစ်ပိုမီးခြစ်လေးပါ လွတ်ကျသွားရတော့သည်။

အခုတလော သူဘာတွေဖြစ်နေမှန်း မသိပါ။ နွေ့ကို ရတ်တရက်တွေ့ရတိုင်း အလန့်တကြားတွေချည်းပဲ ဖြစ်ဖြစ် သွားရတာ အတော်ဆိုးသည်။

ထိတ်ခနဲ ခံစားလိုက်ရတာမျိုး ဒိုင်းခနဲ ရင်ခုန်သွားရ တာမျိုး လက်ထဲက ပစ္စည်းတွေ လွတ်ကျသွားရတာမျိုးတွေ ဖြစ်နေတတ်တာ ဘာကြောင့်လဲလို့ သက်ပိုင်က စဉ်းစားလို့



www.burmeseclassic.com

www.burmeseclassic.com



မရပါ။

နွေ့ကို ခုမှတွေ့ဖူးတာလည်း မဟုတ်။ အတူတူနေလာတာတောင် ဆယ်နှစ်လောက် ရှိနေမှာပဲ။

"ဟိတ်...နင် ဆေးလိပ်ခိုးသောက်နေတာ မဟုတ်လား"

နွေက သူ့ကို ခါးလေးထောက် မျက်မှောင်လေးကျုံ့ပြီး မမစတိုင်လ်နဲ့ မေးနေတာပါ။ နွေ့ကို သတိလက်လွှတ်ငေးကြည့်မိတော့မလို ဖြစ်သွားပြီးမှ သက်ပိုင်က သူ့ကိုယ်သူ မနည်းကြီး ပြန်ထိန်းလိုက်ရတော့တာ။

"မသောက်ပါဘူး"

"အမယ် မီးခြစ်တစ်လုံးလုံး နင့် လက်ထဲရောက်နေတာ ဆေးလိပ်မသောက်ရင် ဘာလုပ်ဖို့လဲ"

"မီးခြစ်ကိုင်တိုင်း ဆေးလိပ်သောက်ရမှာလား"

"နင့်ကို ဒယ်ဒီနဲ့ တိုင်ပြောမယ်"

"တိုင်လေ တိုင်ပေါ့၊ ငါလဲ ခုပဲဆုံးဖြတ်လိုက်ပြီ နွေ၊ ငါ နင့်ကို ဆိုင်ကယ်စီး မသင်ပေးတော့ဘူး"

သူဒီလိုပြောတော့ နွေက လျော့သွားသည်။





"ဘာလဲ ငါမတိုင်ရင် နင် သင်ပေးမှာလား"

"အေး"

"အိုကေ...ဒါဆိုမတိုင်တော့ဘူး လာ...သွားစို့"

နွေက သူ့ကို အတင်းပဲ ဆွဲခေါ်တော့တာ။

ဒီကောင်မလေး ဆိုင်ကယ်စီး သင်ခိုင်းနေတာ ကြာပါပြီ။ နွေ ဆိုင်ကယ်စီးမှာကို စိတ်မချလို့ပဲ သူက သင်မပေးခဲ့တာ။

ဒီအတိုင်းတောင်မှပဲ ထင်ပေါ်လွန်း ပေါ်ပြူလာဖြစ်နေတာမို့ ဆိုင်ကယ်ပါ ထပ်စီးလိုက်ရင်တော့လား ယောကျ်ားတွေ ရူးကြတော့မှာပါ။

ခုတလော သူ့စိတ်တွေ ဘာဖြစ်နေမှန်း မသိတော့၊ နွေ့ကို ကောင်လေးတွေ ဝိုင်းကြည့်ကြရင် သူ့ရင်ထဲမှာ ပူလောင်နေရသည်။

သူငယ်ချင်းတွေကနောက်ပြောင်ပြီး သူ့ကိုရွှေယောက်ဖလို့ခေါ်ရင် ခေါ်တဲ့ပါးစပ်ကို သွားတွေကျွတ်အောင် ဆွဲထိုးပစ်ချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ညီမလေး အရမ်းလှတာပဲကွာ" လို့ပြောရင် ရန်ဖြစ်ချင်မိခဲ့သည်။ အင်း...သူတော့ တစ်ခုခုဖြစ်နေပါပြီ။

နွေကတော့ ကလေးတုန်းက ပုံစံအတိုင်း မပြောင်းလဲဘဲ သူ့ကိုဆက်ဆံနေတာပါ။ နွေ့ဘက်က ဘာမှထူးခြားပုံမရ။ ဘာမှလည်း အပြောင်းအလဲမရှိ။ သူနဲ့ မျက်နှာချင်းဆိုင်တာနဲ့ ငြင်းခုန်မည်၊ ရန်ဖြစ်မည်။

သူမလေးရဲ့ သူငယ်ချင်းတွေနဲ့ သူ့ကိုအောင်သွယ်ပေးမည် ဒါပါပဲ။ နွေ့စိတ်ထဲမှာ သူ့ကို တကယ့်မောင်နှမတွေလိုပဲ သဘောထားနေသလား။

ဒီလိုတွေးမိတိုင်း သက်ပိုင်က သက်ပြင်းတွေချည်းပဲ ချနေမိတော့တာပါ။

နွေ့နာမည်က ခပ်ဆန်းဆန်းပါ နွေခေါင်ခေါင်တဲ့။

နွေ့အလှကလည်း ဆန်းကြယ်ပါသည်။ နောက် နွေ့စရိုက်ကလည်း လျှို့ဝှက်ဆန်းကျယ် လွန်းပြန်သည်။

နွေခေါင်ခေါင်က လှပသလောက် တော်တော်ဆိုပြီး တော်တော် ဘရုတ်သုတ်ခနိုင်တဲ့ ကောင်မလေးပါ။ အလျင်က





နွေ့အပေါ်မှာ သူက ဘာသိဘာသာပါပဲ။ အခုတလောမှ နွေနဲ့ ပတ်သက်နေတဲ့ အရာရာကို ပြတ်ပြတ်ထင်ထင် အမှတ်ရနေ သတိပြုနေမိတာဖြစ်သည်။

"သက်ပိုင် သွားမယ်လေ"

နွေပြောတော့မှ သူက အတွေးတွေက သိမ်းဆည်းလိုက်ရသည်။ တကယ်တော့ အလျင်ကသာ နွေ့ကို ဆန့်ကျင်ပြီး ထော်လော်ကန့်လန့်တွေ လုပ်ခဲ့တာဖြစ်ပေမဲ့ အခုတလောတော့ သူမလေးကို သူလုံးဝ မလွန်ဆန်နိုင်ပါ။

သူတော့ ထူးဆန်းထွေလာတဲ့ တစ်ခုခု ဖြစ်နေတာ သေချာပါပြီ။ အခုလည်း နွေနဲ့အတူ ကားဂိုထောင်ဘက်ကို ဆိုင်ကယ်စီး သင်ပေးဖို့အတွက်တော့ သူစိတ်ထဲမှာမဝံ့မရဲ။

"အတန်းထဲက ချောစုဆိုတဲ့ မိန်းမ အကြွားသန်လွန်းလို့ ကျောင်းမပြီးခင်မှာ အဲဒီမိန်းမနဲ့ ဆိုင်ကယ်ပြိုင်စီးချင်တာ သက်ပိုင်"

"နင်ကလဲဟာ အဓိပ္ပာယ်မရှိတာ၊ သူက နင့်ကိုဘာတွေ ကြွားနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



နွေက မျက်နှာလှလှလေးကို ရှုံ့မဲ့ပြီး ပြန်ပြောသည်။

"ကြွားတာမှ အလွန်ပဲ၊ သူက လေးတန်းလောက်က တည်းက ဆိုင်ကယ်စီးတာတဲ့၊ မြန်မာနိုင်ငံက မိန်းမငယ်တွထဲမှာ တော့ သူဆိုင်ကယ်မောင်းတာ အတော်ဆုံးပဲ ဖြစ်မှာတဲ့။ သူ အခုစီးနေတဲ့ ဆိုင်ကယ်ကြီးကို မိန်းမတွေ စီးနိုင်ဖို့မပြောနဲ့ တော်ရုံယောကျ်ားတောင် မစီးနိုင်ဘူးတဲ့"

"နေပါဦး သူစီးနိုင်တာ ဘယ်လိုဆိုင်ကယ် မျိုးမို့လို့လဲ နွေ"

"နင့် ဆိုင်ကယ်လိုမျိုးပဲလေ"

သက်ပိုင်က နွေ့ကို ကလိချင်တာမို့ ပြောလိုက်သည်။

"ဟုတ်တော့ဟုတ်တယ်ဟ၊ ဒီဆိုင်ကယ်မျိုးက စီးရခက် တာတော့ အမှန်ပဲ၊ နင့်သူငယ်ချင်း မဆိုးဘူး"

သူ့စကားကြောင့် နွေက ဆတ်ဆတ်ခါတုံ့ပြန်သည်။

"အိုး...အဲဒါကြောင့် စီးပြချင်တာပေါ့၊ ဒီမှာ ငါမလုပ် နိုင်တာ ဘာမှမရှိဘူး သက်ပိုင်၊ ဟွန်း– လေယာဉ်ပျံတောင် မောင်းပြလိုက်ချင်သေးတာ"





"ဟာ...မလုပ်ပါနဲ့ဟာ စိတ်လျှော့စိတ်လျှော့၊ တော်ကြာ နင် လေယာဉ်နဲ့ ကျောင်းတက်ရင် ကျောင်းမှာ လေယာဉ်ကွင်း ပါ ထည့်ဆောက်ပေးရတော့မှာပေါ့"

"သက်ပိုင်"

နွေကတော့ တအားကုန်းအော်နေတော့ သူက နွေ ဒေါသထွက်မယ့် စကားနဲ့ ထပ်စမိသည်။

"ရှူး...နွေခါင်ခါင်ကို မိုးကြိုးပစ်ချ လိုက်သလိုမျိုး မအော်စမ်းပါနဲ့ဟာ"

"သက်ပိုင်နော်"

နွေ့နာမည်က နွေခါင်ခါင် ဖြစ်နေတာမို့ သက်ပိုင် ပြောတဲ့စကားကို နွေက ဒေါသတွေထွက်လာရတော့တာ။

"နင်က နင့်သူငယ်ချင်းကို လိုက်ပြိုင်နေတာလား နွေ၊ အဲဒီလိုဆိုင်ရင်တော့ မသင်ပါနဲ့တော့၊ သင်ပေးရတာလဲ ပင်ပန်းတယ်၊ သင့်ရမယ့် နင်လဲ ပင်ပန်းတယ်၊ ချော်လဲရင်လဲ ဒူးတွေ စုတ်ပြတ်သတ် သွားလိမ့်မယ်"

"ရတယ်လေ နင်မသင်ပေးရင်လဲရတယ်၊ ဟိုဘက်ခြံက



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင့်ကို သင်ခိုင်းလိုက်မယ် ဟုတ်လား"

နွေက တမင်ပဲ ပြောလိုက်တာပါ။ အဲဒီ ကိုမောင်ဆိုတာက နွေ့ကို အသေရရ အရှင်ရရ ကြိုက်နေတဲ့သူပေါ့။ သက်ပိုင်နဲ့လည်း နည်းနည်းမှ တည့်တာမဟုတ်။ နွေကသာ ခိုင်းရင် အဲဒီလူက ငရဲပြည်က ငရဲပန်းကိုတောင် သွားခူးပေးမယ့်သူပါ။

နွေကတော့ လုံးဝကြည့်မရပါ။ ဒါ့ပေမဲ့ သက်ပိုင်ကို တမင်ပြောလိုက်တာဖြစ်သည်။ ပြောပြီးတာနဲ့ နွေက လှည့်ထွက်လာပြလိုက်သည်။

နွေ့ခြေလှမ်းသုံးလှမ်း မပြည့်ခင်မှာပဲ သက်ပိုင်က အလျော့ပေးတော့တာ။

"ဟော့...လာ...လာ ငါပဲ သင်ပေးပါ့မယ်၊ ဟိုကောင် မျက်နှာရှူးနဲ့ သွားမပတ်သတ်စမ်းပါနဲ့ဟာ၊ နင်တို့မိန်းမတွေ တော်တော်ပဲဆိုးတယ်၊ ကိုယ်က ပြန်ကြိုက်မှာ မဟုတ်ဘဲနဲ့ ကိုယ့်ကို ကြိုက်နေတဲ့ ယောကျ်ားလေးကိုလဲ အရောတဝင်နေတာပဲလား"





"အမာ...ပြန်မကြိုက်နိုင်ပါဘူးလို့ နင်က ထင်မနေလို့လား အဟင့်...ဟင့်"

"ဘာလဲ နင်က အဲဒီကောင်ကို ပြန်ကြိုက်မလို့လား နွေ"

"ဒါပေါ့ ကြိုက်သင့်ရင် ကြိုက်ရမှာပဲ၊ စကားပုံတောင် ရှိတယ်လေ။ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်တဲ့။

သက်ပိုင် မျက်နှာကြီးက နီရဲသွားတော့တာ။ နွေက တမင်ပဲ ပြောပစ်လိုက်သည်။

"လာ...လာ အဲဒီကောင်နဲ့တော့ သွားမပတ်သက်စမ်းပါနဲ့၊ ငါပဲ သင်ပေးပါ့မယ်"

"အဲဒီလိုလုပ်ပါ သက်ပိုင်ရဲ့၊ ဈေးမကိုင်စမ်းပါနဲ့ဟာ"

"နင့်ကို တစ်နေ့တခြား ကြည့်လို့မရတော့ဘူး နွေ"

"ကြည့်မရရင်လဲ မကြည့်နဲ့ပေါ့"

ကိုယ်က လိုအပ်နေတာတောင်မှ နွေကလည်း အလျော့မပေးနိုင်တော့ ခက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ မတည့်တဲ့ နွေတို့နှစ်ယောက်က ဆိုင်ကယ် တစ်စီးနဲ့ ထွက်လာခဲ့တော့တာ။

သက်ပိုင်က ရှေ့ကနေမောင်းပြီး နွေက နောက်ကနေ ခွထိုင်စီးတော့ နွေ့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားရသည်။ တကယ်ဆို သူစိမ်းတွေပဲ မဟုတ်လား၊ လူမှုရေးအရသာ မောင်နှမလို့ပြောနေတာလေ၊ ငယ်ငယ်လေးကတည်းက အတူ တူ နေခဲ့တာတော့ မှန်တာပေါ့၊ ဒါပေမဲ့ သွေးမတော် သားမ စပ်တာက သွေးမတော် သားမစပ်တာပဲလေ။

အတွေးနဲ့ နွေက တွန့်ဆုတ်သွားရတော့တာ။

"နွေ..."

"ဟင်..."

"ဘယ်နေရမှာ သင်မှာလဲ၊ လူရှင်းမှ ဖြစ်မှာနော်"

"တော်ပြီဟာ မသင်တော့ဘူး"

နွေက ချက်ချင်းပဲ ပြောင်းလဲလိုက်ရတော့သည်။ အိမ်မှာထဲက ဒီလိုတွေးမိဖို့ ကောင်းတာပါ။

"ဘာလဲ ငါ့ကို စိတ်ဆိုးလို့လား"





"မဟုတ်ပါဘူး"

"အဟွန်း...ငါသိပါတယ် နင် စိတ်ဆိုးသွားတာ မဟုတ် လား"

"မဟုတ်ပါဘူးဆိုနေ ငါ့ဘာသာငါ မသင်ချင်တော့တာ၊ အိမ်ပြန်မယ်"

ခုမှပဲ သက်ပိုင်ကလည်း ချက်ချင်း အလျှော့မပေးဘဲ နွေ့ကို ဆိုင်ကယ်စီး အတင်းပဲ သင်ပေးတော့သည်။

"ကဲပါ...နင် မနာအောင် ငါ သင်ပေးပါ့မယ် စိတ်ချ"

ဆိုင်ကယ်ကို ရပ်လိုက်ပြီး သက်ပိုင်က ပြောတော့ နွေ့မှာ ငြင်းမိသည်။

"ရပြီ ငါတကယ် မသင်ချင်တော့တာ၊ နင့်ကိုစိတ်ဆိုး လို့ မဟုတ်ပါဘူး"

"ဒါဆို ဘာဖြစ်လို့ မသင်ချင်တော့တာလဲ နွေ"

ဒီလိုဆိုတော့လည်း နွေက အကြောင်းပြချက်ပေးဖို့ ခက်နေပြန်သည်။

"နင်နဲ့ ငါနဲ့က သူစိမ်းတွေ ဒီလောက် နီးနီးကပ်ကပ်



www.burmeseclassic.com

www.burmeseclassic.com



နေလို့ မကောင်းပါဘူး” လို့ ပြောလို့ရော ကောင်းပါ့မလား။

ဒီတော့ နွေက အကြောင်းပြချက်တစ်ခု ရှာဖွေပေးလိုက်တော့သည်။

“ငါ ခေါင်းကိုက်နေလို့ဟာ”

“နင့်ဟာကလဲ ကောက်ခါငင်ခါနဲ့ပါလား”

“ဟဲ့...ခေါင်းကိုက်တာပဲ ကိုက်ချင်တဲ့အချိန် ထကိုက်မှာပေါ့”

နွေက ဘာ့ပြောလိုက်တော့မှပဲ သက်ပိုင်က ငြိမ်သွားသည်။

“ဆိုင်ကယ်စီး မသင်ချင်ရင်လဲ ဘယ်သွားမလဲ နွေ၊ ဘာစားမလဲ”

ထွက်လာပြီးမှ ချက်ချင်းကြီးပဲ အိမ်ပြန်ပို့ခိုင်းရင်လဲ မကောင်းပါဘူးနော်၊ သက်ပိုင်က သူ့ဘာသာသူ ပုံမှန်အတိုင်း နေနေတာပဲ မဟုတ်လား။

နွေကသာ ကိုယ့်အတွေးနဲ့ကိုယ် စိတ်ထဲမှာ မသိုးမသန့်ကြီး ဖြစ်သွားရတာလေ၊ ဒါကြောင့် အတင်းပဲ ပြန်မယ်လို့





မပြောတော့ဘဲ တစ်ခုခုစားဖို့ နွေက သဘောတူလိုက်ရတော့သည်။

“နင်...စားချင်တာစားလေ၊ ငါ ကျွေးမယ်”

“ဟာ...တယ်ဟုတ်ပါလား ကျွေးတုန်း အဝတီးပစ်ရမယ်”

“အရမ်းကြီးတော့ မစားနဲ့နော်၊ ငါ့မှာ ပိုက်ဆံသိပ်မရှိဘူး”

“အံမာ...မညာစမ်းပါနဲ့၊ မနေ့ကပဲ ဒယ်ဒီ နင့်ကို မုန့်ဖိုးပေးတယ် မဟုတ်လား”

“အခု နည်းနည်းပဲ ပါတာကို ပြောတာဟဲ့”

“ဩော်...ဒီလိုလား၊ ဒါဆိုရင်လဲ ငါခဏ ချေးထားမှာပေါ့ဟာ”

“သက်ပိုင်နော် စေတနာပျက်အောင် မလုပ်နဲ့”

“အလကား ပြောတာပါကွာ၊ ဟမ်ဘာကာ တစ်လုံးနဲ့ ကော်ဖီတစ်ခွက်ဆို ရပါပြီ”

“အဲဒီလောက်ပဲနော်”



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ"

နွေက ဆိုင်ကယ်ပေါ် ပြန်တက်လိုက်သည်။ သက်ပိုင်က ဆိုင်ကယ်စက်နှိုးပြီး ကွေ့အထွက်မှာပဲ မထင်မှတ်တဲ့ မတော်တဆတစ်ခု ဖြစ်သွားရလေတော့သည်။

* * *



# အခန်း (၃)

"ဝုန်း..."

"အား..."

"အမယ်လေး..."

"ဟာ..."

သက်ပိုင် မျက်လုံးတွေက ပြာဝေသွားရတော့တာ။ သူ့ဆိုင်ကယ်က ကွေ့အထွက်မှာပဲ တစ်ဖက်က မောင်းလာတဲ့ ကားနဲ့ ဝင်ချိန်မိသွားတာပါ။

ကားကလည်း ရပ်မလို့ပဲ ဖြစ်မည်။ အရှိန် သိပ်မရှိ ဆိုင်ကယ်ကလည်း ခုမှစက်နှိုးပြီး ထွက်ကာစမို့ အရှိန်မပြင်း



www.burmeseclassic.com

www.burmeseclassic.com



သေးလို့ပဲ တော်တော့သည်။

ဒါပေမဲ့ နွေကတော့ ဆိုင်ကယ်ပေါ်က ပြုတ်ကျပြီး ခွေခွေလေး လဲနေပြီ။

"ဟာ...နွေ...နွေ"

"ဟေ့လူ...ခင်ဗျား ထွက်မပြေးနဲ့နော်"

သက်ပိုင်က နွေ့ကို စိုးရိမ်တကြီး ပွေ့ထူနေရင်းပဲ တစ်ဖက်က ကားမောင်းသမားကို လှမ်းအော်တားမြစ် လိုက်သေးတာ။

"မပြေးပါဘူးဗျာ အပွန်း...ပွန်း၊ ဒါပေမဲ့ ဒီကိစ္စက ကိုယ့်ညီ မှားတာနော်၊ ကိုယ်ဘက်က လုံးဝမမှားဘူး"

သက်ပိုင်က စိတ်ဆိုးဆိုးနဲ့ ခပ်ရိုင်းရိုင်းပဲ ပြန်ပြော လိုက်သည်။

"ခင်ဗျား...ပါးစပ် ပိတ်ထားစမ်းပါဗျာ၊ ဘယ်သူမှား တယ်ဆိုတာ ယာဉ်ထိန်းရဲက ဆုံးဖြတ်လိမ့်မယ်၊ အခု ဒီမှာ အရေးကြီးနေတာဗျ၊ နွေသာ တစ်ခုခုဖြစ်သွားလို့ ကတော့ ခင်ဗျား မလွယ်ဘူး"





"အားပါး ကြောက်စရာကြီးပါလား အပွန်း...ပွန်း"

သူက ဒေါသထွက်နေပေမဲ့ တစ်ဖက်လူကတော့ အေးအေးဆေးဆေး ရယ်မောနေတာမို့ တစ်ချက်လှမ်းကြည့် လိုက်သည်။

တစ်ဖက်လူက အသက်သုံးဆယ် ဝန်းကျင်လောက် တော့ရှိမည်။ ဝတ်စားထားတဲ့ အဆင်အပြင်နဲ့ ဥပဓိရုပ်ကတော့ လူရည်သန့်ဖြစ်သည်။

သက်ပိုင်က အဲဒီထက်ပို အကဲမခတ်နိုင်ပါ။ နွေ့အတွက် စိတ်ပူနေလို့ ဖြစ်သည်။

"နွေ...နွေ"

"ဟဲလ်မက်ကို ချွတ်ကြည့်လိုက်လေဗျာ အသက်ရှူ ရခက်နေမှာပေါ့"

သူက ဘာမှမပြောဘဲ နာခံလိုက်သည်။ ဆိုင်ကယ်စီး ဦးထုပ်ကို ချွတ်ပေးလိုက်တော့ နွေ့ မျက်နှာလေးက အဖုံး အကွယ်မရှိဘဲ ပေါ်လာတော့တာ။

"ဒဏ်ရာကတော့ မရှိဘူး မဟုတ်လား၊ ဒီလောက်အရှိန်



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့တော့ ပြဿနာ မရှိနိုင်ပါဘူးဗျာ၊ လန့်ပြီးရှော့ခ်ရသွားတာဖြစ်မယ်၊ နေဦး ကိုယ့်မှာ ရှူဆေးပါတယ်"

"နွေ...နွေ"

သူက နွေ့ မေးဖျားလေးကိုကိုင်ပြီး လှုပ်ကာခေါ်ကြည့်သည်။ နွေက နိုးမလာပါ။ သူ့ရင်ထဲမှာ စိုးရိမ်သောကတွေ ပြည့်လျှံလာရတော့သည်။

"နွေ

"ရော့... ညီလေး ရှူဆေး ပေးရှူလိုက်၊ ခေါင်းကို မတ်မတ်ထူထား ဟုတ်ပြီ"

"နွေ...နွေ"

"အင်"

နွေ သတိပြန်ရလာတော့မှပဲ သက်ပိုင်က အသက်ရဲရဲ ရှူနိုင်တော့သည်။ သူခေါ်တာကို ပြန်ထူးပေမဲ့ နွေ့မျက်လုံးလေးတွေက ချက်ချင်းပွင့်မလာသေးပါ။

"ရော့ဗျာ ရေနည်းနည်းတိုက်လိုက်၊ ဘာမှ မဖြစ်ပါဘူး၊ ရုတ်တရက် လန့်သွားတာပါ"





"ဘာမှမဖြစ်ရင် တော်သေးတာပေါ့ဗျာ၊ တစ်ခုခုဖြစ်လို့ကတော့ ခင်ဗျား မလွယ်ဘူး"

သက်ပိုင်နဲ့ သူစိမ်း ယောကျ်ားတစ်ယောက်ရဲ့ စကားသံကြောင့် နွေက မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

အလျင်ဆုံးမြင်ရတာက သက်ပိုင် သက်ပိုင် အနားမှာ ရပ်နေတဲ့ သူဆီအကြည့်ကို ပို့လိုက်တယ်ဆိုရင်ပဲ နွေ ခန္ဓာကိုယ်လေးက ဆတ်ခနဲ တုန်သွားရတော့သည်။

အိုး...ထူးဆန်းလိုက်တဲ့ အကြည့်တွေကွယ်၊ နှလုံးသားထဲကို မြားတစ်စင်းနဲ့ ထုတ်ချင်းခတ်ပစ်လိုက် သလိုပါပဲလား။

ဘယ်လိုမှ မထင်မှတ်ဘဲ နွေ ...ယောကျ်ားတစ်ယောက်ရဲ့ အကြည့်မှာ ရင်ခုန်တုန်လှုပ် သွားရလေတော့တာ။

"ကဲပါ...ကိုယ်ညီ...မင်း ကောင်မလေးလဲ သတိရပါပြီဗျာ၊ ဘာမှမဖြစ်ပါဘူး၊ ကိုယ်သွားလို့ရပြီနော်"

"နွေ...နင် ဘာမှမဖြစ်တာ သေချာရဲ့လား၊ ဘာဖြစ်နေလဲဟင် ခေါင်းမူးနေလား၊ အန်ချင်နေလား၊ ငါကိုပြော"

"ဟင့်အင်း...ငါ လန့်သွားတာပါ ဘာမှမဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကာယကံရှင်က တောင် ဘာမှမဖြစ်ပါဘူးလို့ ပြောနေပြီဗျာ၊ ကိုယ်သွားမှဖြစ်မယ်၊ ကိုယ့်ကလေးကို ကျောင်း ကြိုရမှာမို့ပါ"

ကိုလူစိမ်းရဲ့ စကားကြောင့် နွေ့ ရင်ထဲမှာ ဆို့နင့်သွား ရတော့သည်။

"သြော်...ကလေးအဖေကိုးလို့ စိတ်ထဲကနေ မှတ်ချက် ချရင်း နွေ့က ရှက်ရွံ့စွာနဲ့ ရင်ခုန်သံတွေကို ဖုံးဖိရလေတော့ တာ။

နွေ့...ရင်ခုန်သံတွေ မှားယွင်းခဲ့ပါရောလား။

"လဲတဲ့အရှိန်နဲ့ ဦးနှောက်ကို ထိမထိဆိုတာ နှစ်ဆယ့် လေးနာရီ စောင့်ကြည့်ရမှာဗျ၊ ခင်ဗျား မသွားနဲ့ဦး"

သက်ပိုင်က ဂျစ်ကန်ကန်နဲ့ ပြောနေတာပါ။

"ဟာကွာ...ဒါဆိုလဲ ကိုယ့်လိပ်စာ ယူထားလိုက်ဗျာ၊ တစ်ခုခုဖြစ်တာနဲ့ အချိန်မရွေး ကိုယ့်ကို လာဖမ်းလိုက်ဟုတ် လား၊ အခု ကလေးကြိုရဦးမယ်"

နွေ့က အားနာသွားတာမို့ ဝင်ပြောလိုက်မိသည်။





"ငါဘာမှမဖြစ်ပါဘူး သက်ပိုင်၊ ဒီက အစ်ကိုကြီး သွားခိုင်းလိုက်ပါတော့ဟာ"

"ခင်ဗျား နာမည်နဲ့ လိပ်စာတော့ ပေးထားခဲ့နော်"

"ပေးတယ် ကိုယ့်ညီ ပေးတယ်ဗျာ၊ အခုဖြစ်တဲ့ကိစ္စမှာ ကိုယ်မမှားဘူးနော်၊ ဒါပေမဲ့ မင်း ဆိုင်ကယ် တစ်ခုခုဖြစ် သွားရင်လဲ ကိုယ်လျော်ပေးမယ် ရော့...ကိုယ့်လိပ်စာ"

"ကျွန်တော့် ဆိုင်ကယ် ကြေသွားခဲ့ရင်တောင် အရေး မစိုက်ဘူးဗျ၊ ခင်ဗျားဆီက အလျော်လဲ မလိုဘူး၊ နွေ့ ဘာမှ မဖြစ်ဖို့ပဲ လိုတယ်"

"ကဲပါ...သက်ပိုင်ရာ သွားပါစေတော့ဟာ"

နွေ့က အတင်းဝင်ပြောတော့မှပဲ သက်ပိုင်က လူစိမ်း လက်ထဲက လိပ်စာကတ်လေးကို ဆတ်ခနဲ လှမ်းယူလိုက် တော့တာ။

"ကျေးဇူးပါပဲဗျာ သွားမယ်နော်"

ကိုလူစိမ်းက နွေ့ကို အပြုံးနဲ့ နှုတ်ဆက်သွားတဲ့ အချိန်မှာပဲ ညို့ငင်အားပြင်းထန်တဲ့ အကြည့်နဲ့ အပြုံးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နွေ့မှာ နောက်တစ်ကြိမ် သတိမေ့လျော့ ချင်ရလေတော့သည်။

သက်ပိုင်ကတော့ နွေ ဘာတွေဖြစ်နေတယ်ဆိုတာကို သတိထားမိမရဘဲ ကိုလူစိမ်းကိုပဲ ရန်လုပ်နေတော့တာ။

"ဒီမှာ ခင်ဗျား လိပ်စာနဲ့နာမည်က အမှန်ပဲနော်"

"အဟွန်း...ဟွန်း လိပ်စာအမှားနဲ့ နာမည်အလွဲပေးဖို့ စိတ်ကူးမှာ မရှိပါဘူး ညီရာ၊ စိတ်ချပါ၊ ဪ...ဒါနဲ့ ဒီက ကိုယ့်ညီတို့ရဲ့ နာမည်နဲ့ လိပ်စာလေး ကိုယ့်ကိုပေးထားပါလားဗျာ"

"ကျွန်မနာမည် နွေခေါင်ခေါင်ပါ ရှင်"

နွေကဝင်ပြောတော့ သက်ပိုင်က မလိုလားတဲ့ပုံစံနဲ့ နွေ့ကို မျက်မှောင်ကုတ်ပြီး တစ်ချက်ကြည့်သည်။

"ကျွန်တော်နာမည်က သက်ပိုင်၊ ဒီလောက်ဆို ရပြီနော် ကိစ္စရှိရင် ကျွန်တော် ခင်ဗျားကို ဆက်သွယ်မယ်"

"အိုကေ...ကိုယ့်နာမည်က မင်းနေမျိုးတဲ့ မှတ်ထားပေါ့ဗျာ၊ ကဲ...ကိုယ်သွားမယ်၊ ခုလောက်ဆို ကိုယ့်သားလဲ လည်ပင်းရှည်နေလောက်ပြီ အဟွန်း...ဟွန်း"





ဦးမင်းနေမျိုးက ရယ်မောနှုတ်ဆက် သွားပေမဲ့ သက်ပိုင်က ခပ်တည်တည်နဲ့ ဘုကြည့်ကြည့်နေတာပါ။

နွေကတော့ ရင်လည်းခုန် အားလည်းနာ တစ်ခုခုဖြစ်မှာလည်း စိုးရိမ်နေမိတာမို့ ခံစားချက်တွေ ရောထွေးပြီး တွေတွေလေးပဲ ရပ်နေမိတော့တာ။

ဦးမင်းနေမျိုးရဲ့ ကားလေး နွေတို့အနားကနေ ထွက်ခွာသွားတာနဲ့ သက်ပိုင်က နွေ့ကိုဟောက်တော့သည်။

"နင်က ဘာဖြစ်လို့ အဲဒီ ငတိကြီးကို အရောဝင်ရတာလဲ"

"ဟဲ့ ငါက ဘာရောဝင်လို့လဲ ကိုယ့်ထက် အသက်အများကြီးကြီးတဲ့ လူတစ်ယောက်ကို နင်သာ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံနေတာ"

နွေကလည်း မခံဘဲ ပြန်ပြောလိုက်သည်။

"ငါရိုင်းတယ်ဆိုတာက နင့်အတွက် စိတ်ပူလို့လေ"

"ဘာမှမဆိုင်ပါဘူး"

"ဆိုင်တော့ပေါ့ဟ၊ ငါသာမရိုင်းရင် သူထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့"

"သွားတော့ရော ဘာဖြစ်သေးလဲ သူ့ကားနဲ့ ငါဝင်တိုက်တာမှ မဟုတ်တာ"

"မပြောချင်ဘူး နင့်ကိုငမ်းသွားတာ ငါလုံးဝ မကျေနပ်ဘူး"

"မဟုတ်တာဟာ သူ့သားကို ကျောင်းသွားကြိုမယ်လို့ သူကိုယ်သူ ပြောသွားတာဟာ ငါ့ကို ငမ်းစရာလားဟဲ့"

သက်ပိုင်ကို ပြောနေပေမဲ့ နွေ့ ရင်ထဲမှာတော့ ရှိန်းမြမြလေး ခံစားလိုက်ရ သလိုလိုပါ။

နွေကို အဲဒီလူကြီး သတိမထားမိမှာကိုပဲ စိုးရိမ်မိသလိုလို ခံစားနေရတာ ထူးဆန်းနေသည်။ တကယ်ဆိုရင် ဘာဆိုင်လို့လဲကွယ်။

"နင့် ဆိုင်ကယ်ကိုကြည့်ဦး သက်ပိုင်"

"ဆိုင်ကယ်က အရေးမကြီးပါဘူး၊ နင် ဘယ်နားနာသွားလဲ နွေ"

သက်ပိုင်က နွေ့ကိုပဲ လှည့်ပတ်ကြည့်ပြီး ဒဏ်ရာ





ဒဏ်ချက်တွေ ရှာဖွေရင်း မေးမြန်းနေတော့တာ။

"ခေါင်းမူးနေလား၊ ခါးတွေဘာတွေရော နာသွားလား၊ ဆေးခန်းသွားရင် ကောင်းမယ်ထင်တယ်ဟာ"

"အဟင့်...ဟင့် ရပါပြီဟာ၊ ဘာမှမဖြစ်ပါဘူး၊ လန့်သွားရုံလောက်ပါပဲ၊ ဘာလဲ ငါ သေသွားရင် နင့်ကို အမှုပတ်မှာစိုးလို့လား"

သက်ပိုင်က တစ်ခုခုပြောတော့မယ့် မျက်လုံးတွေနဲ့ နွေ့ကိုကြည့်ပြီးမှ ဘာမှမပြောတော့ပါ။

အိမ်ပြန်လာတဲ့အထိ နွေကတော့ ဦးမင်းနေမျိုးဆိုတဲ့ လူချောကြီးရဲ့ အကြောင်းကိုပဲ တွေးနေဖြစ်သွားတော့သည်။

သူ့အသက်က သုံးဆယ်ဝန်းကျင်လောက် ရှိမှာပေါ့၊ ဝတ်စားဆင်ယင်ထားတဲ့ ပုံစံနဲ့ ချောမောသန့်ပြန့်တဲ့ ရုပ်ရည်က တစ်ခါမြင်ဖူးထားရင် မေ့လောက်စရာ မရှိတဲ့ပုံပါ။

ဒါပေမဲ့ ဦးမင်းနေမျိုးဆီမှာ ကလေးရှိတယ်ဆိုတော့ ဇနီးမယားလည်း ရှိမှာပဲပေါ့။

အပျိုစင်လေး တစ်ယောက်အနေနဲ့ အိမ်ထောင်ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက် အကြောင်းကို မတွေးသင့်ပါဘူးနော်။

ဟုတ်တယ်...

နွေ မတွေးသင့်ဘူး၊ ဦးမင်းနေမျိုးရဲ့ ဟန်ပန်သွင်ပြင်နဲ့ စကားသံတွေ အကြည့်တွေ အပြုံးတွေကိုလည်း နှလုံးသား ထဲမှာ မှတ်သားမထားသင့်ဘူး။

နွေက ကိုယ့်ကိုယ်ကို ဆုံးမသွန်သင်ရင်းနဲ့ပဲ ဦးမင်း နေမျိုးကို မေ့ထားဖို့ ကြိုးစားရတော့တာ။

ဒါပေမဲ့ ရတ်တရက်ကြီးတော့ မေ့လို့မရဘဲ ဖြစ်နေ ရတာ အတော့်ကိုဆိုးပါသည်။

* * *



# အခန်း (၄)

ဆိုင်ကယ်နဲ့ ကားနဲ့ တိုက်မိတော့မလို ဖြစ်သွားပြီးတဲ့ နောက်ပိုင်းမှာ နွေ အတော်ပဲ ငြိမ်သွားတာကို သက်ပိုင်က သတိထားမိသည်။

ဆိုင်ကယ်စီး သင်ချင်တယ်လို့လည်း မပြောတော့ပါ။ သူနဲ့လည်း အငြင်းသန်ပြီး ရန်မဖြစ်တော့ပါ၊ ဒယ်ဒီနဲ့မေမေ တောင်မှ နွေ ငြိမ်သွားတာကို သတိထားမိကြသည်။

မေမေက...

"သားရေ နွေ တစ်ယောက် အရမ်းငြိမ်နေပါလား၊ သားနဲ့ ခေါ်ကြရဲ့လားလို့တောင် မေးယူသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီကလဲ

"ဟော့ကောင် သမီး နွေ့ကို မင်း ဘာတွေ စထားနောက်ထား ပြန်ပြီလဲ သူ တကယ်မသိပါ။

ဒီတစ်ရက်နှစ်ရက် အတွင်းမှာပဲ သူဘာတွေ ခံစားနေရတယ်ဆိုတာကိုတော့ သက်ပိုင်က ကောင်းကောင်းသိနေပါပြီ။

နွေခေါင်ခေါင်ဆိုတဲ့ ကောင်မလေးအပေါ်မှာ သူသာမန်ထက်ပိုတဲ့ စိတ်ဝင်စားမှုတွေ ဖြစ်နေမိတာပါ။

ဆယ်နှစ်လောက် တစ်အိမ်တည်းမှာ အတူတူစားပြီး မောင်နှမတွေလို နေလာခဲ့ပြီး ခုမှ သူ့စိတ်တွေ ဖောက်ပြန်သွားရတာကို သက်ပိုင်က မတားဆီးနိုင်ဘဲ ဖြစ်နေမိသည်။

နွေရယ်...

ငါ့စိတ်တွေ နင့် အပေါ်မှာ မရိုးသားတော့ဘူးဟာ။

ခါတိုင်း ထမင်းအတူတူစားရင် ဘာမှမဖြစ်ခဲ့ပေမဲ့ အခုတော့ ရင်တွေခုန်ရလွန်းလို့ သက်ပိုင်က ထမင်းစားလို့မဝင်ဘဲ ဖြစ်နေရပါပြီ။





အရင်က ကြုံရင်ကြုံသလို နွေ့ကို ကျောင်းပို့ပေးခဲ့ရပေမယ့် သူ ဘာမှမခံစားခဲ့ရပါ။

အခုတော့ သူမလေးနဲ့ နှစ်ယောက်တည်း ကားအတူစီးရမှာကို သူ့မှာ တုန်လှုပ်နေရတော့တာ။ ရင်ထဲက ခံစားချက်တွေ ပွင့်ထွက်ကုန်မှာကိုလဲ ကြောက်လန့်နေမိ ပြန်တော့တာ။ နွေ့ ပုံစံလေး ပြောင်းလဲသွားတော့ သက်ပိုင်ကပိုပြီး လိပ်ပြာမလုံချင်ပါ။

သူ့ရင်ထဲက မရိုးဖြောင့်မှုတွေ သူ့ရင်ခုန်သံတွေကို နွေ သိနေလို့ သူနဲ့ ခပ်ခွာခွာနေတာများ ဖြစ်နေမလားလို့ တွေးမိနေတော့တာ။

အဲဒီအချိန်မှာ နွေကလည်း ကိုယ့်ပြဿနာနဲ့ ကိုယ်ပါ။

ဦးမင်းနေမျိုးကို အိပ်မက်တွေ မက်နေမိတဲ့အထိ ဖြစ်နေရတာဟာ နွေ့အတွက်တော့ တကယ့်ကို ကြီးမားတဲ့ ပြဿနာကြီးပါပဲ။

နွေ့ စိတ်ဓာတ်တွေ ဒီလောက်ပျော့ညံ့တာကို နွေ့ဘာသာနွေ အားမလိုအားမရ ဖြစ်မိနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တစ်ခါပဲ တွေ့ဖူးတဲ့ ယောကျ်ားတစ်ယောက်ကို မမေ့နိုင်ဘဲ ဖြစ်နေတာဟာ အရူးထတာ မဟုတ်ဘူးလား။ ပြီးတော့ နွေ မမေ့နိုင်တဲ့ ယောကျ်ားဟာ သားနဲ့မယားနဲ့ရှိတဲ့ ယောကျ်ားတစ်ယောက်ဆိုတော့ ပိုပြီး ခက်မနေဘူးလားနော်။

နွေကသာ အမှတ်တရရှိနေတာပါ၊ ဦးမင်းနေမျိုးကတော့ နွေ့ကို သတိရမှာတဲ့လား။ အခုဆိုရင် သုံးရက်တောင်ရှိနေပြီ။ နွေကလည်း မေ့ထားသင့်နေပါပြီ။

ကျောင်းသွားရင်းနဲ့လည်း နွေ့မှာ လမ်းပေါ်ကို မျက်စိကစားရတာ အမောပါ။ ဦးမင်းနေမျိုးနဲ့ မတော်တဆ ခဏလေးပဲဖြစ်ဖြစ် ဆုံတွေ့ချင်လို့ပါ။

နွေ့ကိုယ်နွေ့တောင် မုန်းတီးချင်နေပါပြီကွယ်။

တစ်ခါတစ်ခါတော့ သက်ပိုင်ဆီမှာရှိနေတဲ့ ဦးမင်းနေမျိုးရဲ့ လိပ်စာကတ်ကလေးကို ခိုးယူပြီး ဘယ်သူမှမသိအောင် ဆက်သွယ်ကြည့်ရမလားလို့တောင် တွေးမိနေတဲ့အထိပါ။

နွေတော့ ရောက်နေရပါပြီ။ အခုလည်း မေမေနဲ့ ဒယ်ဒီက မင်္ဂလာဆောင်တစ်ခုကို လိုက်ခဲ့ဖို့ ခေါ်ပေမဲ့





နွေက မလိုက်နိုင်ဘဲ ခေါင်းစင်းစင်းနဲ့ အိမ်မှာ ကျန်နေရစ်ခဲ့မိတော့တာ။

သက်ပိုင်လည်း အိမ်မှာမရှိပါ။ နယ်ကသူငယ်ချင်း အလည်ရောက်နေလို့ဆိုလား မနက်က ကော်ဖီဝိုင်းမှာ ပြောနေတာ ကြားမိသလိုလိုပါပဲ။ နွေကလည်း စိတ်တွေများနေတာမို့ မှတ်မှတ်သားသားတော့ မရှိပါ။

အိမ်က အလုပ်သမားတွေကလည်း သူတို့အလုပ်နဲ့သူတို့ မအားကြတဲ့အတွက် နွေက တစ်ယောက်တည်းပဲ ဖြစ်နေရတော့သည်။

လူဆိုတာက တစ်ယောက်တည်းနေရင် အတွေးတွေများတတ်တဲ့ သဘာဝအတိုင်း နွေကလည်း အတွေးတွေများနေရတော့တာ။ နွေ့ အတွေးတွေက ဦးမင်းနေမျိုးဆီမှာချည်းပဲပေါ့။

အတွေးတွေ ရှက်လွင့်ရင်းနဲ့ စိတ်ကူးတွေပါ ယဉ်မိနေတော့တာ။ စိတ်ကူးထဲမှာ နွေနဲ့ ဦးမင်းနေမျိုးနဲ့ တွေ့ကြတယ်။ ဦးမင်းနေမျိုးဟာ အိမ်ထောင်လည်း မရှိဘူး၊ ကလေးလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ နွေ့ကိုလဲ မေ့လျော့မနေဘူး။

"စတွေ့ထဲက နွေ့ကို မမေ့နိုင်တာပါ" လို့ပြောသေးတယ်။

"နွေလဲ မမေ့ပါဘူးရှင်" လို့ပြောတော့ မမေ့နိုင်တာဘာဖြစ်လို့လဲ သိလားလို့ နွေ့ကို မေးတယ်။

"ဟင့်အင်းလို့ နွေဖြေတော့ ညို့ငင်တဲ့ အပြုံးတွေနဲ့ပြောတယ်"

"မေ့မရတာ အချစ်ပေါ့ဗျာ"တဲ့။ ပြီးတော့ နွေ့ ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲထည့်ပြီး"

"အို"

စိတ်ကူးယဉ်တာတွေ အရှိန်လွန်သွားတာမို့ နွေကရှက်ရှက်နဲ့ ဘရိတ်ပြန်အုပ်လိုက်ရတော့တာ။

သူများတွေ သိရင် နွေ အရှက်ကွဲရမှာပါနော်။ အခုလည်း နွေ့ဘာသာ အရှက်ကွဲနေရတာပါပဲ၊ စိတ်ကူးယဉ်တဲ့အထဲမှာ အချစ်ဆိုတာတောင် ပါလာရပြီဆိုတော့ လွန်တာပေါ့။





နွေက သီချင်းနားထောင်ကြည့်သည်။ သီချင်းထဲမှာစိတ်ကိုနှစ်ထားလို့ မရဘဲ သီချင်းကသတ်သတ် လူကသတ်သတ် ဖြစ်ရပြန်သည်။

ဒါနဲ့ပဲ ကတ်ဆက်ကို ပြန်ပိတ်လိုက်ရတော့တာ။ ထိုင်နေတော့လည်းမရ၊ လမ်းလျှောက်နေတော့လည်း အူကြောင်ကြောင်၊ နွေ ဘာတွေ ဖြစ်နေရတာလဲ မသိတော့ပါဘူး။

နောက်ဆုံးတော့ အိမ်မှာဆက်နေရင် ဒီထက်ဆိုးတော့မှာမို့ နွေက အဝတ်အစားလဲပြီး သူငယ်ချင်း မိနော်ဆီကိုထွက်လာခဲ့လိုက်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

မိနော်က အပြင်ဆောင်တစ်ဆောင်မှာ နေတာပါ။

အဆောင်ဆိုပေမဲ့ ခပ်ညံ့ညံ့ ခပ်စုတ်စုတ်တော့မဟုတ်ပါ။ လှုကုံထံရပ်ကွက်မှာ ခြံဝင်းကျယ်ကျယ်နဲ့ တိုက်အိမ်ကြီးကြီးမှာ ဈေးကြီးကြီးပေးနေရတဲ့ အဆောင်ဖြစ်သည်။

စည်းကမ်းကလည်း ကြီးလွန်းသည်။ နယ်က လူချမ်းသာ သားသမီးတွေပဲ အနေများတဲ့ အဆောင်ဖြစ်သည်။ နွေက ခြံရှေ့မှာပဲ ကားကိုရပ်ထားခဲ့ပြီး လူဝင်ပေါက် တံခါးငယ်ကပဲ ခြံထဲ ဝင်ခဲ့လိုက်သည်။





ကားမောင်းဝင်ရင် တံခါးဖွင့်ရပိတ်ရနဲ့ အလုပ်ရှုပ်လို့ပါ။ ခါတိုင်းလည်း လာလည်ဖူးတာမို့ အဆောင်ရှင် အဖိုးကြီးက နွေ့ကို သိနေပြီဖြစ်သည်။ ဒါကြောင့် ဘာမှ စစ်ဆေးမေးမြန်းမနေတော့ဘဲ မိနော်ကို ခေါ်ပေးသည်။

နွေ့ကိုတွေ့တော့ မိနော်က ဝမ်းသာအားရ ပြေးဖက်သည်။

"အား…ပျင်းနေတာနဲ့ အတော်ပဲ နွေရာ ပျင်းလွန်းလို့ လူက အရည်တောင် ပျော်ကျချင်နေပြီ"

"ငါလဲ ပျင်းလို့ မိနော်"

"လာ…ခြံထဲမှာ ထိုင်ရအောင် ဧည့်ခန်းထဲမှာ တခြား ဧည့်သည်တွေလဲ ရှိတယ်၊ နွေ စကားပြောရတာ လွတ်လပ်မှာ မဟုတ်ဘူး"

ပြောရင်းနဲ့ပဲ မိနော်က ခြံထဲက ခုံတန်းပြာလေးတွေဆီ နွေ့ကို ခေါ်ဆောင်သွားတော့သည်။

ပထမနှစ် ကျောင်းစတတ်ကတည်းက မိနော်က ဒီ အဆောင်မှာ နေတာဆိုတော့ အခုဆို လေးနှစ်တောင်ရှိနေပြီမို့



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်သူယာလို ဖြစ်နေတော့တာပါ။

"နွေကလဲ စားစရာလေးဘာလေး ဝယ်လာတာ မဟုတ်ဘူး"

"အိမ်ကထွက်လာတုန်းကတော့ သတိအရသား၊ လမ်းရောက်တော့မှ မေ့သွားတာ၊ နင်ဆာရင် အပြင်မှာ တစ်ခုခု ထွက်စားမယ်လေ၊ ငါ့မှာ ကားပါတယ်"

"မဆာပါဘူး၊ ပါးစပ်အားလို့ တစ်ခုခု စားချင်နေတာ အဟင့်...ဟင့်"

နွေနဲ့မိနော်က တစ်ဖက်ခြံကို မျက်နှာမူထားတဲ့ ထိုင်ခုံတန်းကလေးမှာ ထိုင်ဖြစ်သွားသည်။

တစ်ဖက်ခြံက ရောင်စုံပန်းပင်လေးတွေနဲ့ အတော်ကြည့်လို့လှတဲ့ ခြံကျယ်လေးပါ။ တိုက်ပုလေးကလည်း ကဗျာဆန်လွန်းနေတာမို့ နွေက သဘောကျသွားမိတော့တာ။

"ဟာ...ဟိုဘက်အိမ်က ချစ်စရာလေပါလား မိနော်၊ ကြည့်ရတာ စိတ်ထဲမှာ ပျော်သွားတာပဲ"

"အံမာ ခြံနဲ့တိုက်ကလေးကတင် လှတာမဟုတ်ဘူး





နွေ၊ ခြံပိုင်ရှင်ကလဲ အရမ်းချောတာဟ"

"ဟုတ်လား ငါ့လောက်ချောလား"

နွေက တမင်သက်သက် နောက်ပြောင်လိုက်တာပါ။

"ဟဲ့...နင်လိုတော့ ချောပါ့မလား၊ ဟိုက ယောကျ်ား နင်ကမိန်းမ တူပါ့မလား နွေရဲ့"

"မသိပါဘူး ငါက မိန်းမထင်လို့ ပြောနေတာ"

"မိန်းမချင်းဆိုရင်လဲ ဒီလောက် စိတ်မဝင်စားပါဘူးဟာ၊ အဲဒီခြံရှင်က တကယ်ချောမောခန့်ညားတာ နွေ၊ ပြီးတော့ ထူးလဲထူးဆန်းတယ် သိလား၊ ကလေးတစ်ယောက် အဖေ လူပျိုကြီးတဲ့"

မိနော်က လေသံကိုနှိမ့်ပြီး ပြောနေတာပါ။နွေကတော့ မိနော်ကို နောက်ပြောင်ရယ်မောလိုက်မိသည်။

"ဘာလဲဟ ကလေးအဖေပါဆို လူပျိုကြီးဖြစ်ရဦးမှာလား၊ မိန်းမ အဲဒီလူပျိုကြီးကို နင်ကြွေနေတာ မဟုတ်လားပြော"

"မကြွေဘူးလဲ မဟုတ်ဘူး၊ ကြွေတယ်လဲ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နင့်စကားကြီးက ဝေ့လည်လည်နဲ့"

ဒီတော့ မိနော်က စပ်ဖြဲဖြဲ မျက်နှာလေးနဲ့ ပြောသည်။

"စိတ်ဝင်စားမိ သလိုလိုပါပဲ၊ ဒါပေမဲ့ နင်သိပါတယ် နွေ၊ ငါ့မှာ ရည်းစားရှိတယ်"

"တော်တော် မလွယ်တဲ့မိန်းမ"

နွေတို့နှစ်ယောက်က ရယ်မောလိုက်မိပြီးမှပဲ ဘရိတ် ပြန်အုပ်ရတော့သည်။ တော်ကြာ အဆောင်ရှင်အန်တီကြီးရဲ့ မျက်စောင်း ရောက်လာရင် အခက်မဟုတ်လား။

"အလကား ပြောတာပါ နွေရယ်၊ ငါ့မှာက ရည်းစားနဲ့ ပဲဟာ တခြားတစ်ယောက်ကို စိတ်ဝင်စားစရာတဲ့လား၊ ဒါပေမဲ့ အဆောင်က မိန်းမတွေကတော့ နင်ပြောသလိုပဲ တော်တော်မလွယ်တဲ့ မိန်းမတွေ နွေရေ"

နွေက ရယ်လည်းရယ်ချင်ပြီး စိတ်လည်းဝင်စားသွား မိသည်။

"ဒါဆိုရင် ငါ ဗေဒင်ဟောလိုက်မယ်၊ အဲဒီလူက ချောတာ တစ်ခုတည်းတော့ မဟုတ်နိုင်ဘူး မိနော်၊ တော်တော်





ချမ်းသာ မဟုတ်လား"

"ဟယ်...တော်လိုက်တာ"

"တော်ရမယ်လေ နာမည်လေးလဲ မေးကြည့်လိုက် ပါဦး"

"ဘယ်သူတဲ့လဲ"

"နွေခေါင်ခေါင်တဲ့"

နွေတို့နှစ်ယောက်က အတိုင်းအဖောက်ညီပြီး ပွဲကျ သွားရပြန်သည်။

"အရမ်းချမ်းသာတယ်တဲ့ နွေ၊ ပိုင်ဆိုင်မှုတွေမှ အများ ကြီးရယ်"

"သိနေတယ်လေ ဒီခေတ် ကောင်မလေးတွေက ချော ကာလောက်နဲ့တော့ ဣန္ဒြေပျက်အောင် အဲဒီလူနောက် မလိုက် ပါဘူးဟာ"

"ဒါပေမဲ့ အဲဒီလူကြီးက အရမ်းတည်တယ် နွေ၊ ကောက်ကို လာတောင်မလာဘူးဆရာ"

"နေပါဦး အဲဒီလူကြီးလို့ ပြောရအောင် ဘယ်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် ရှိနေပြီလဲဟာ”

မိနော်က ခဏစဉ်းစားပြီးမှ ပြန်ဖြေသည်။

“သုံးဆယ်ကျော်လောက် ရှိမှာပေါ့ နွေ၊ ချောတာတော့ တော်တော်ချောတယ်ဟာ၊ အသားအရေက ဝါဝင်းနေတာပဲ၊ အရပ်ကလဲ အမြင့်ကြီး၊ ဘော်ဒီကလဲ အရှမ်းစမတ်ကျတာယ်၊ ယဉ်ကျေးတယ်။ ပြောရရင်တော့ စိတ်ကူးယဉ်ချင်စရာကြီး ပေါ့ဟာ”

နွေ ကိုယ်တိုင် အိမ်မှာ စိတ်ကူးယဉ်ကမ္ဘာထဲ ရောက်နေခဲ့မိသေးတာမို့ မိနော်ပြောတော့ နွေက မလုံမလဲ ဖြစ်သွားရသလို ဦးမင်းနေမျိုးကိုလည်း မဆီမဆိုင် သတိရလိုက်မိသေးသည်။

“နေပါဦး ကလေးတစ်ယောက်အဖေ လူပျိုကြီး ဆိုတာက ဘာလဲ”

“ကလေးတစ်ယောက် မွေးစားထား တယ်လို့ ပြောကြတာပဲ၊ မိန်းမလဲ မရှိဘူး၊ ကလေးကတော့ ဒီအိမ်မှာပဲ သူနဲ့အတူတူ နေနေတယ်၊ ခုနစ်နှစ် ရှစ်နှစ်လောက်ရှိမှာပေါ့





ယောက်ျားလေးဟ”

တကယ်ဆို နွေက သူများအကြောင်း မစပ်စုတတ်ပါ။ ဒီနေ့မှ စိတ်လေနေလို့ အလကားသက်သက် မေးမြန်းနေတာ ဖြစ်သည်။

“မွေးစားထားတာ မဟုတ်ဘဲ သူ့ကလေးလဲ ဖြစ်ချင်ဖြစ်နေမှာပေါ့ မိနော်၊ ဒီခေတ် လူပျိုကြီးဆိုတာတွေကို လျှော့မတွက်နဲ့နော်”

“ဟုတ်တယ် နွေ၊ တချို့ကလဲ နင်ပြောသလို ပြောကြတယ်ဟ၊ မွေးစားသား မဟုတ်ဘူး၊ သူ့သားအရင်းတဲ့လေ”

“ဒါလဲဖြစ်နိုင်တာပဲ”

အဲဒီအချိန်မှာပဲ မိနော် နွေ့ကို လက်ကုတ်ပြီးပြသည်။

“ဟော...ဟော...ကြည့် နွေ၊ အခု ခြံထဲကို ဝင်လာတဲ့ ကားတွေ့လား၊ အဲဒါ အဲဒီလူကြီးရဲ့ကားပဲ ကြည့်ကြည့်”

မိနော် ကြည့်ခိုင်းလို့ လှမ်းကြည့်လိုက်မိတာနဲ့ နွေ့ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရတော့တာ။

နွေ တွေ့ရတာက နီညိုရောင် ဆလွန်းကားလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကားလေးကို တွေ့လိုက်တာနဲ့ နွေ့မှတ်ဉာဏ်တွေက ဖျတ်ခနဲ လင်းလက်သွားပြီး ကားနံပါတ် အလွတ်ရသွားသည်။

ဘုရားရေ ဒါ နွေတို့ ဆိုင်ကယ်နဲ့ တိုက်မိတော့မလို ဖြစ်သွားရတဲ့ ကားပဲ။ ဒါဆို...

နွေက ရင်တဒိတ်ဒိတ်ခုန်ပြီး ငေးမောကြည့်နေတုန်းမှာပဲ ကားလေးက တိုက်ပုလေးရဲ့ ရှေ့မှာရပ်သွားသည်။ နောက် ကားမောင်းသူဘက်က တံခါးပွင့်လာပြီး လူတစ်ယောက် ကားပေါ်က ဆင်းလာသည်။

"ဟင်...ဦးမင်းနေမျိုး"

နွေ ပါးစပ်က လွှတ်ခနဲ ထွက်သွားမိတော့ မိနော်က နွေ့ကို တအံ့တဩနဲ့ မေးတော့တာ။

"နင် သိနေတယ်လား"

နွေက သိတယ်လို့ ပြောဖို့လည်းခက်၊ မသိဘူးလို့ ပြောဖို့လည်း ခက်နေရတာမို့ နှုတ်ဆိတ်နေမိတော့သည်။

နွေ့မျက်ဝန်းအစုံကတော့ ဦးမင်းနေမျိုးဆီကနေ ဖယ်ခွာလို့မရဘဲ ငေးစိုက်နေရတော့တာ။ နွေ့ ရင်ခုန်သံတွေကလည်း





ကျယ်လောင်မြန်ဆန် လွန်းနေတော့တာ။

နွေ...နွေ ဘာလုပ်ရမလဲကွယ် လှမ်းအော်ပြီးတော့ပဲ နှုတ်ဆက်လိုက်ရတော့မလား။

နှုတ်ဆက်ရအောင် နွေနဲ့က အသိမိတ်ဆွေတွေလည်း ဟုတ်မှမဟုတ်ဘဲနော်။ နွေ ကြည့်နေတုန်းမှာပဲ ဦးမင်းနေမျိုးက အိမ်ထဲ ဝင်သွားဝင်သွားတော့သည်။

နွေ့မှာတော့ ရင်ခုန်လှိုက်မောပြီး ကျန်ရစ်ခဲ့ရတော့သည်။

ဘုရားရေ...

အချစ်ဆိုတာ ဒါပဲလားကွယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

"နွေ…နွေ"

"ဟဲ့…နွေ"

မိနော်က နွေ့ ပခုံးကို ကိုင်လှုပ်ပြီး ခေါ်နေတော့တာ။

"ဘာဖြစ်နေတာလဲဟာ"

"သတိလစ်နေပြီလားလို့ ခေါ်ကြည့်ရတာပေါ့"

"လစ်စရာလား"

"အမယ်…စောစောက ဖြစ်သွားတဲ့ နင့်ပုံစံကို ဗီဒီယို ရိုက်ပြီးတော့ မှတ်တမ်းတင်ထားချင်တယ်၊ ပြောပါဦး အဖြစ်အပျက်တွေကို နင်နဲ့ သိနေတာလား၊ ဘယ်တုန်းက သိတာလဲ၊





ဘယ်မှာသိတာလဲ၊ ဘယ်လောက်အထိ သိတာလဲ"

"အမယ်လေး မေးခွန်းတွေကလည်း များလိုက်တာဟာ၊ ဘယ်က စဖြေရမှန်းတောင် မသိတော့ဘူး"

နွေ့ ရင်ထဲမှာ အပျော်လေးတွေ ဝင်ရောက်နေပြီမို့ နွေ့ ပုံစံလေးက ချက်ချင်းပဲ ပြောင်းလဲသွားရတော့သည်။

"ဖြေချင်တဲ့ နေရာက စဖြေဟာ"

"ဒီလိုပေါ့လို့ အစချီပြီး နွေက ဆိုင်ကယ်စီးသင်ဖို့ အထွက်မှာ ဦးမင်းနေမျိုးရဲ့ကားနဲ့ တိုက်မိတော့မလို ဖြစ်ခဲ့တာကို ပြောပြမိတော့တာ။

"ဒီလောက်လေးတော့ မဟုတ်နိုင်ဘူး နွေ၊ နင် လျှိုမထားနဲ့နော်၊ နင့် မျက်လုံးတွေထဲမှ လျှို့ဝှက်ချက်တွေ ရှိနေတယ်"

တကယ်တော့ နွေကိုယ်တိုင်ကလည်း ပြောပြချင်မိနေတာပါ။

မိနော်နဲ့ နွေက တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်း သိနေတဲ့ အခင်ဆုံး သူငယ်ချင်းတွေပဲဟာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ဖုံးဖိထားစရာ မလိုပါ။ ဒါကြောင့်ပဲ နွေက ရင်ခုန်သံတွေရဲ့ အကြောင်းကို ပြောပြလိုက်မိတော့တာ။

"တကယ်ထူးဆန်းတယ် မိနော် သိလား။ ဦးမင်းနေမျိုးရဲ့ အကြည့်တစ်ချက်က ငါ့နှလုံးသားကို သွက်သွက်ခါရမ်းသွားစေတယ်ဆိုရင် နင်ယုံမလား၊ ဒီရက်တွေမှာငါလေ ဦးမင်းနေမျိုးကို လုံးဝမေ့မရခဲ့ဘူး မိနော်၊ သူ့မှာ သားရှိပါတယ်လို့ သူကိုယ်တိုင် ပြောသွားခဲ့တာဆိုတော့ သူ့ကိုဇနီးမယားရှိတဲ့ သူလို့ပဲ ငါက တွက်ထားလိုက်တာပါ၊ ဒါကြောင့်လဲ မတွေးမိအောင် သူ့ကို သတိမရမိအောင် အစွမ်းကုန်ကြိုးစားရတာလေ၊ ဘယ်လိုကြိုးစား ကြိုးစား မမေ့နိုင်ပါဘူးဟာ၊ ဒါကြောင့် စိတ်ပြေလက်ပျောက် နင့်ဆီ ထွက်လာခဲ့မိတာပေါ့"

"အို...ဟိုး...အခု ငါ့ဆီလာလိုက်တာ နင့်အတွက် စိတ်ချမ်းသာစရာ ဖြစ်သွားပြီ မဟုတ်လား နွေ၊ ကဲ...မေ့နိုင်ဖို့ ကြိုးစားမနေနဲ့ နွေ၊ ဦးမင်းနေမျိုးမှာ ဇနီးမယားလဲ မရှိဘူး၊ လောလောဆယ် တွဲနေတဲ့ အတွဲတွေ ဘာတွေလဲ မမြင်မိဘူး၊





ဒီတော့ နင်ရဲရဲသာ ချစ်ပစ်လိုက်ဟာ"

မိနော်က နွေကို မြှောက်ပေးနေတော့တာ။ အစကတည်းက ယိုင်ချင်နဲ့ချင်နေတဲ့ နွေ့နှလုံးသားလေးက မိနော်ရဲ့ အားပေးအားမြှောက် လုပ်ပေးမှုနဲ့ပဲ ချက်ချင်းတက် ကြွသွားရတော့သည်။

"အဟင့် ငါ့ဘက်ကသာ သေချာနေတာပါ မိနော်ရယ်၊ ကိုကိုက ငါ့ကို သိတောင်သိပါ့မလား"

"ဘယ်သူ ဘယ်သူ"

မိနော်က မချိုမချဉ် မျက်နှာပေးနဲ့ တမင်ကြီးမေးနေတာ။

"ဘယ်သူရမလဲ ငါ့ ကိုကိုပေါ့"

နွေကလည်း ဟိုဘက်တိုက်ပုလေးဆီ မေးငေါ့ပြပြီး ပြောင်ချော်ချော်နဲ့ ပြောလိုက်တာပါ။

"အမယ် ကိုကိုတွေဘာတွေ ဖြစ်ကုန်ပြီလား မိန်းမနော် မလွယ်ဘူး"

"ခုမှ ရင်ခုန်ဖူးတာပါဟာ၊ ဒါတောင် ဝမ်းသာရမှာလား



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းရမှာလားဆိုတာ မမေ့သေးဘူး”

“ဘာတွေစိတ်ပူနေတာလဲ နွေ၊ နင့်ကို မချစ်ချင်တဲ့ ယောကျ်ား မရှိနိုင်ပါဘူးဟာ၊ ဦးမင်းနေမျိုးက နင့်အလှကို မခံစားနိုင်ရအောင် ဘာသားနဲ့ ထုထားတာမို့လို့လဲ၊ နင့်ကို တွေ့ရင် သံမဏိနဲ့ လုပ်ထားတဲ့ နှလုံးသားတောင် အရည် ပျော်သွားမှာ သေချာတယ်”

“ရှေ့တည့်တည့်ကနေ ဒီလောက်ကြီး မြှောက်နေတာ တော့ မကောင်းပါဘူးဟာ”

“ကဲ...အဲဒါတွေ ထားလိုက်စမ်းပါဟာ အခု ငါဘာလုပ် ရမလဲမိနော်၊ ကိုကိုနဲ့ နီးစပ်ဖို့အတွက် အကြံပေးစမ်းပါဟာ”

နွေနဲ့ မိနော် ပြောဆိုနေတဲ့ အချိန်မှာပဲ အသက်ငါးနှစ်၊ ခြောက်နှစ်လောက်ရှိမယ့် ကလေးလေး တစ်ယောက် ဘောလုံး တစ်လုံးနဲ့ တိုက်ပုလေးထဲကနေ ပြေးထွက်လာတာကို တွေ့ လိုက်သည်။

“ဟော... အဲဒါ ဦးမင်းနေမျိုးရဲ့ သားပဲ နွေ”

နွေ့ ရင်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားရသည်။ မွေး





စားသားမဟုတ်ဘဲ ဒီကလေးဟာ ကိုကို့ရဲ့ သား အရင်းလေး များ ဖြစ်နေမလားပဲနော်။

ကိုကိုရယ်...

နွေ ရင်မောလိုက်တာ၊ မိန်းကလေးတိုင်းဟာ အပြစ် ကင်းစင်တဲ့ စင်းလုံးချော ချစ်သူလိုပဲ လိုချင်ကြမှာပါ။

ဒါပေမဲ့ တကယ်တမ်း နှလုံးသားက စေစားလာခဲ့ ရင်တော့ ဘယ်လို အပြစ်မျိုးကိုမဆို အချစ်နဲ့ ဖုံးလွှမ်းပေး လိုက်နိုင်ကြတာ များပါတယ်။

အဲဒီအချိန်မှာပဲ ကလေးလေး ကန်လိုက်တဲ့ ဘောလုံး က နွေနဲ့မိနော် ထိုင်နေတဲ့ နေရာအနားကို ရောက်လာတော့ တာ။

ဘာမှ စဉ်းစားမနေတော့ပဲ နွေက ဘောလုံးလေးကို ကောက်ပြီး ခြံစည်းရိုးစား တိုးသွားတဲ့ အချိန်မှာ ကလေးက ရူးရူးဝါးဝါး ထအော်ငိုတော့သည်။

“အီး...ဟီး...ဟီး ဒယ်ဒီ သား...သား ဘောလုံးကို သူများ ယူသွားပြီဗျ အီး...ဟီး...ဟီး”



www.burmeseclassic.com

www.burmeseclassic.com



ဟော့တော့လို့ ပါးစပ်က ရေရွတ်မိပြီး နွေက ဘာလုပ်ရမှန်း မသိဘဲ ခပ်ကြောင်ကြောင် ရပ်နေမိချိန်မှာ ကိုကိုက တိုက်ထဲကနေ ထွက်လာလေတော့သည်။

"ဟော့...သား...သား ဘာဖြစ်ရပြန်လဲကွာ"

နွေက အံ့သြရင်ခုန်ပြီး မှင်တက်မိနေမိတော့တာ။

"ဟို...ဟိုမှာ ဒယ်ဒီ သား...သား ဘောလုံးကို သူယူထားတယ်ဗျ ပြန်တောင်းပေးပါ"

ကလေးက နွေ့ဘက်ကို လက်ညှိုးထိုးလိုက်တာနဲ့ ကိုကို့အကြည့်တွေက နွေ့ဆီကို တန်းတန်းမတ်မတ် ရောက်လာတော့တာ။

အကြည့်ချင်း ဆုံသွားရတဲ့ အခိုက်အတန့်လေးမှာပဲ နွေ့ ရင်ထဲမှာ လျှပ်ပြင်းတွေ လှုပ်ခါသွားရလေတော့တာ။

ကိုကိုက အကြည့်ကို မလွှဲဖယ်ဘဲ နွေရှိတဲ့နေရာအထိ လျှောက်လာတော့ ရင်ခုန်ရလွန်းလို့ ရူးရလုမတတ်အောင်ပါ။

"မင်း...နွေခေါင်ခေါင် မဟုတ်လားဗျာ"

"အို"





ကိုကိုက နွေ့ နာမည်လေးကို မှတ်မိပြီး မေးလိုက်တော့ နွေ့မှာ အိပ်မက်မက်နေတာ များလားလို့တောင် ယောင်နနလေးနဲ့ တွေးနေမိတော့တာ။

"ဟာ...မင်းကိုယ့်ကို မမှတ်မိဘူးထင်တယ်၊ ကိုယ့်ကားနဲ့မင်းတို့ ဆိုင်ကယ် ဝင်တိုက်မိမလိုဖြစ်ပြီး မင်း သတိမေ့သွားတာလေ၊ မင်းအမျိုးသားကတောင် ကိုယ့်ကို စိတ်ဆိုးနေသေးတယ်လေဗျာ"

"အဲဒါ...အဲဒါ နွေ့ အစ်ကိုပါ"

နွေက ခပ်မြန်မြန်လေး ဝင်ပြောမိသွားတာပါ။

"အား...ဆောရီးပဲကွာ၊ မောင်နှမလား၊ အတွဲလား ဆိုတာကိုတောင် ကိုယ်က ကွဲလွဲအောင် အကဲမခတ် တတ်ဘူးကွာ၊ တကယ်ညံ့တာပါ အဟွန်းဟွန်း တောင်းပန်ပါတယ် နွေခေါင်ခေါင်"

"ရ...ရပါတယ် ရှင်"

တုန်ခါသွားတဲ့ နွေ့ အသံလေးကို နွေက အားမလို အားမရ ဖြစ်နေမိရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို အခွင့်အရေး ရတုန်းမှာ စကားတွေ ရွှန်းရွှန်းဝေအောင် ပြောပြီးတော့ ရင်နီးပစ်လိုက်ရမှာပါ။ ခုတော့ နွေက တုန်တုန်လှုပ်လှုပ်လေးပဲ ရပ်နေပြီးစကားတွေ ပြောမထွက်ဘဲ ဖြစ်နေရတာ ဘယ်လောက် ဆိုးထားသလဲနော်။

"အဲဒီနေ့က မင်း ဆေးခန်း သွားရသေးလား"

"ဟင့်အင်း..."

"တော်သေးတာပေါ့ဗျာ၊ ကိုယ်က စိတ်ပူနေမိသေးတာ၊ ဒါပေမဲ့ လန့်ရုံလောက်ပဲဆိုတော့ ဘာမှမဖြစ်နိုင်ပါဘူးလို့ ယုံကြည်နေတယ်လေ၊ မင်း အစ်ကို ကိုယ့်ဆီကို ဖုန်းမဆက်တော့ မင်း ဘာမှမဖြစ်ဘူးဆိုတာကို ပိုသေချာသွားတာပေါ့ အဟွန်း...ဟွန်း"

ကိုကိုကပဲ ရယ်မောကာနဲ့ စကားတွေ ရွှန်းရွှန်းဝေအောင် ပြောနေတာဖြစ်သည်။

နွေကတော့ ရင်ခုန်သံကျယ်ကျယ်တွေကို ကိုကို ကြားသွားမှာ စိုးရိမ်မိပြီး ဖုံးဖိကွယ်ရှက် နေရတာနဲ့ပဲ တေမိမင်းသမီးလေး ဖြစ်နေရတော့တာ။





"ဒယ်ဒီ သားသားဟာ ပြန်တောင်းပေးလေ"

ကလေးလေးပြောလိုက်မှပဲ သတိပြန်ဝင်လာပြီး နွေက ဘောလုံးလေးကို လှမ်းပေးလိုက်ရတော့သည်။

"သား...သား ဘောလုံးကို အန်တီ မယူပါဘူးကွာ၊ မင်းက ဥစ္စာခြောက်နေပြန်ပါပြီ အဟွန်း...ဟွန်း. နွေခေါင်ခေါင်ရေ ဒါ ကိုယ့် သားလေ"

"ဟုတ်ကဲ့"

"နွေခေါင်ခေါင်က ဒီမှာနေတာလားဗျာ"

"ဟင့်အင်း...လာလည်တာပါ"

"ဒါ ကိုယ့်အိမ်လေ"

"ဟုတ်ကဲ့"

"ကြုံတုန်း အိမ်အလည် လာပါလားဗျာ၊ ဖိတ်ခေါ်ပါတယ်"

"ဟင့်အင်း...နောက်မှ"

"ကောင်းပါပြီဗျာ၊ ကဲ...ကိုယ်သွားမယ် နွေခေါင်ခေါင်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သားသား အန်တီ့ကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်လေ"

"ကျေးဇူးတင်ပါတယ် အန်တီ"

နွေ့ကပြုံးပြီး ခေါင်းလေးပဲ ညိတ်ပြနိုင်တော့တာ။ အချစ်နတ်က နွေ့ကို ဖမ်းစားလိုက်ပါပြီ။

နွေ့ အနားကနေ ကိုကို ထွက်သွားတာနဲ့ပဲ နွေ့ရင်ထဲမှာ လှိုက်ဟာလို့ ကျန်ရစ်ခဲ့ရတော့သည်။

"ငါ ညဲ့လိုက်တာဟာ တကယ်ဆို စကားအများကြီး ပြောရမှာနော်"

"မညဲ့ဘူး နွေ၊ နင် လုံးဝမညဲ့ဘူး၊ အခု နင် လုပ်လိုက်တဲ့ ပုံစံလေးက တကယ်ရိုးရိုးလေးနဲ့ ထိရောက်တယ်။ ငါ သေချာပေါက် ပြောလိုက်မယ်နော်၊ ဦးမင်းနေမျိုး နင့်ကို ခိုက်သွားပြီ နွေ"

"တကယ်ပဲလား ဟယ်"

မိနော်ကိုမေးရင်း နွေ့ ရင်ထဲမှာ အပျော်တွေ ပြည့်လျှံသွားရတော့တာ။





ကိုကိုရေလို့ စိတ်ထဲကနေ ခေါ်လိုက်မိချိန်မှာပဲ နွေ့ကိုယ်နွေ့ သိလိုက်သည်။

နွေ့ အချစ်နဲ့ ဝင်တိုးမိသွားပြီလေ"

* * *



www.burmeseclassic.com

# အခန်း (၇)

"နွေ... နင် ဆိုင်ကယ်စီး မသင်ချင်ဘော့ဘူးလာ

သက်ပိုင်က နွေ့ အနားမှာ လာထိုင်ပြီး မေးတာပ

အခုတလော သက်ပိုင်ကို ကြည့်ရတာ တစ်မျိုးကြီးပဲ

နွေက တွေးနေမိသည်။

နွေ့ကို ငေးတဲ့အခါမှာ ငေးကြည့်နေတတ်သလို လုံ

မကြည့်ဘဲနဲ့ စကားပြောချင်လည်း ပြောနေတတ်တာပ

ပြီးတော့ နွေ့ကို စတာနောက်တာလည်း သိပ်

တော့ပါ။ သက်ပိုင်က မနှစ်ကပဲ ကျောင်းပြီးသွားတာ





စုဆို ဒိယ်ဒ်ို စက်ရုံမှာ အလုပ်ဝင်လုပ်နေပါပြီ။

အလုပ်လုပ်နေပြီမို့ လူကြီးဆန်သွားတာလဲ ဖြစ်နိုင်

ပဲလို့ တွေးမိပြန်သည်။

"နွေ"

"အား"

"ဘာတွေ စဉ်းစားနေတာလဲပါ၊ စကားပြောနေတဲ့

ကို အရူးကြနေတာပဲ၊ နင် ဆိုင်ကယ်စီး မသင်တော့ဘူး

လားလို့ မေးနေတာ"

"ဟင့်အင်း...မသင်တော့ပါဘူးဟာ ကြောက်သွားပြီ"

"သင်ချင်သင်လေ ဒီတနင်္ဂနွေမှာ ငါ သင်ပေးမယ်"

"မသင်ချင်တော့ဘူး"

"သင်ပါဟ"

"မသင်ချင်ပါဘူး ဆိုဟာ"

နွေက စိတ်တိုလာတာမို့ အော်ပစ်လိုက်တော့တာ။

အော်တာကို သက်ပိုင်က မျက်နှာပျက်သွားတာတော့

မှာ အံ့သြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



သက်ပိုင်နဲ့ နွေက ဒီလိုပဲ အော်နေကျ မဟုတ်လား။ ဒါ ဘာများဆန်းလို့လဲနော်၊ သူ အော်တဲ့အခါ နွေကလည်း ပြန်အော်လိုက်တာပဲ၊ နွေ အော်ရင်လည်း သူ ပြန်အော်တာပဲလေ၊ ပြီးတော့လဲ ပြီးသွားတာပဲဟာ ခုမှ ဘာကြောင့် သက်ပိုင်က မျက်နှာပျက်ရတာလဲ။

သက်ပိုင် လှည့်ထွက်သွားတော့ နွေက ခေါ်မိသည်။

"သက်ပိုင် ငါ့ကို စိတ်ဆိုးသွားတာလား"

"မဆိုးပါဘူး"

"ဟိုနေ့က ကားနဲ့တိုက်မလို ဖြစ်သွားပြီး ကတည်းက ငါ အရမ်းကြောက်သွားတာ သက်ပိုင်၊ ခုတွေးရင် အခုရင်တုန်တယ်ဟာ၊ ဒါနဲ့ ဆိုင်ကယ် နောက်ကြည့်မှန် အက်သွားတာ ဒယ်ဒီ သိသွားလား သက်ပိုင်"

"အေး...သိသွားတယ်"

"နင် ဘာပြောလိုက်လဲ ဟင်"

"ငါ့ဘာသာ ဆိုင်ကယ် လဲသွားတယ်လို့ပဲ ပြောလိုက်တာပေါ့ နွေ၊ နင်နဲ့အတူတူ ဖြစ်တာဆိုရင် ဒယ်ဒီက ငါ့ကို





ဆွဲထိုးလိမ့်မယ်"

"နင်က နမော်နမဲ့နဲ့ မဟုတ်လား"

"ကျွတ်...အဲဒါ ဟိုငတိကြီး အပြစ်ပါ၊ ငါ ကွေ့ထွက်တာ သူမြင်သားပဲ စောစောကတည်းက လွတ်အောင် ရှောင်ထားရမှာပေါ့"

သက်ပိုင် ပြောတာကို နားထောင်ပြီး နွေက ရယ်မော လိုက်မိသည်။

"အဟား...ဟား နင်က ခုထိ မလျှော့သေးပါလား သက်ပိုင်၊ သူ့ဘာသာသူ မောင်းတဲ့ကားကို နင်ပဲ ဝင်တိုက်ပြီး နင်ကပဲ ဒေါသတွေ ထွက်လိုက်၊ ကြိမ်းလိုက် မောင်းလိုက်နဲ့ တကယ်ပါပဲ၊ ကိုဘက်က လူကြီးလူကောင်းမို့ပေါ့၊ နင့်လိုပဲ ရှူးရှူးရှဲရှဲ ဒေါသကြီးကြီးသာဆိုရင် နင့်လုပ်ပေါက်က ထိုးပွဲပဲ"

တကယ်တော့ နွေက သက်ပိုင် စိတ်ဆိုးသွားတာလားဆိုပြီး စကားတွေများများ ပြောမိတာပါ။

ဘာရယ်မဟုတ်ဘဲ စကားတွေ ပြောလိုက်ပါမှ သက်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



က ဒေါသတကြီး ဖြစ်နေတာကြောင့် နွေ့မှာ စိတ်ကလေး ညစ်သွားရတော့တာ။

"ဘာလူကြီးလုပ်ကောင်းလဲ၊ နွေ နင် အဲဒီငတိကြီးကို ဘာဖြစ်လို့ အမှတ်တွေ ပေးနေရတာလဲ။ သူကားနဲ့ တိုက်မိမလိုဖြစ်ပြီး နင် သတိမေ့သွားတယ်လေ၊ နင့်ကြောင့်ပဲ ငါ စိတ်ဆိုးရတာ ဒါကို နင်က ဟိုငတိကြီးကိုပဲ အမှတ်တွေ ပေးနေရလား"

"အယ်..."

နွေက ဘာပြောရမှန်း မသိတော့အောင် ဖြစ်သွားရတော့တာ။

ပြီးတော့ နွေက မလုံမလဲ ခံစားမိသေးသည်။ နွေနဲ့ ကိုကို ထပ်တွေ့မိကြ စကားတွေ ပြောမိကြတာကို သက်ပိုင်သာသိရင် အခုထက်တောင် စိတ်တိုဦးမှာ သေချာ သည်။

"နွေ...အဲဒါ ကလေးအဖေကြီးနော်၊ နင် ရင်မခုန်နဲ့"

"ဘာ"

တကယ်ပဲ နွေက အနာပေါ် တုတ်ကျသလို နာသွားရ





တော့တာ။

"နင့်ကိုကြည့်ရတာ ငါမကြိုက်ဘူး နွေ၊ အဲဒီငတိကြီးကို ငင် နွှယ်ချင်နေတယ် မဟုတ်လား"

သက်ပိုင်က နွေ့ ပခုံးကို ဖမ်းကိုင်ဖျစ်ညစ်ပြီး မေးလိုက်တာမို့ နွေက ဒေါသကြောင့် မျက်လုံးတွေပါ ပြာသွားရတော့တာ။

"နင်နဲ့ ဘာဆိုင်လို့လဲ သက်ပိုင်၊ နင့်ငါ့ကို အမိန့်ပေးစရာ မလိုဘူး၊ စွပ်စွဲစရာ မလိုဘူး၊ စွက်ဖက်စရာ မလိုဘူး"

မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးလေးတွေနဲ့ နွေက သူ့ကို စိမ်းစိမ်းကားကား ကြည့်ပြီး ပြောလိုက်တာပါ။

ဒီတော့မှ သက်ပိုင် သူ လွန်သွားပြီဆိုတာကို သိလိုက်သည်။ နွေ့ကို သူ တမင်သက်သက် စွပ်စွဲပုတ်ခတ်သလိုမျိုး ဖြစ်သွားရပါပြီ။

အမှန်တော့ သူ့ရင်ထဲက သံသယတွေကို မဆင်မခြင်နဲ့ ပြောလိုက်မိတာဖြစ်သည်။ သူက နွေ့ကို တောင်းပန်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြင်ဆဲမှာပဲ သူထင်မထားတဲ့ စကားတွေကို နွေကပြောချသွားလေတော့သည်။

"သူများကိုလဲ နင် ပုတ်ခတ်ပြီး မပြောနဲ့ သက်ပိုင်၊ ကိုကို...အဲ...ဦးမင်းနေမျိုးက နင် ပြောသလို ကလေးအဖေ မဟုတ်ဘူး သိရဲ့လား"

ကိုကိုတဲ့...

သက်ပိုင် ရင်ထဲမှာ မုန်တိုင်းတိုက်ခတ် သွားရတော့တာ။

သူ့နားကို သူမယုံနိုင်ဘဲ ဖြစ်သွားရတော့သည်။

"ဘာ...အဲဒီငတိကြီးကို နင်က ကိုကိုလို့တောင် ခေါ်နေပြီလား နွေ၊ ဒီလောက်အချိန်လေးနဲ့ ဒီလောက်တောင် ဖြစ်သွားတော့လား၊ ထူးဆန်းတယ်၊ အရမ်းထူးဆန်းတယ် ထင်တောင်မထင်ရဘူး၊ နင်ဟာ မိန်းမပေါ် တစ်ယောက်ပဲ နွေ"

"ဘာ"

စိတ်လှုပ်ရှားမှုကို မထိန်းနိုင်ဘဲ သူဟ အဆင်အခြင်မဲ့ စကားတွေ ထပ်ပြောမိသွားသည်။ နွေကလည်း ဒေါသ





တကြီးပဲ သူ့ကို တုန့်ပြန်သည်။

"ဟုတ်တယ်၊ ငါဘာသာငါ မိန်းမပေါ့ဖြစ်ဖြစ်၊ မိန်းမပျက်ပဲဖြစ်ဖြစ်၊ နင့် အပူတစ်ပြားမှ မပါဘူး သက်ပိုင်၊ နင်ပြောစရာ ဘာအကြောင်းမှ မရှိဘူး"

အိမ်မှာ လူကြီးနှစ်ယောက် မရှိတဲ့အတွက် သူတို့နှစ်ယောက်က ဘယ်သူကိုမှ ကြောက်စရာမလိုဘဲ ရန်ဖြစ်နေကြတော့သည်။

နွေကလည်း သက်ပိုင်ကို စိတ်ဆိုးဆိုးနဲ့ တအားပဲ ပြောနေသလို၊ သက်ပိုင်ကလည်း သူ့စိတ်တွေကို သူမထိန်းနိုင်ပဲ ပေါက်ကွဲရတော့သည်။

"ငါ အပူပါတယ် နွေ၊ နင့်ကို ကလေကဝ ကောင်တွေနဲ့ အဖြစ်မခံနိုင်ဘူး၊ နင့်ကို စောင့်ရှောက်ဖို့ ကာကွယ်ဖို့ ငါ့မှာ တာဝန်ရှိတယ်၊ အဲဒီ ကလေးအဖေကို ခုပဲ ငါသွားသတ်မယ်"

"လုပ်ကြည့်လေ နင်ကို ငါ့လက်နဲ့ အရင်သတ်ပစ်မယ်"

နွေက မျက်စိမှိတ်ပြီး ကုန်းအော်တော့ သူ့ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ဒီဂရီတွေက မြင့်တက်လာရတော့သည်။

"ဘာမဟုတ်တဲ့ လူကို ထိတာနဲ့ နှင်းက ဆတ်ခနဲ ခါအောင် နာနေတာကလား နွေ ပြောစမ်း"

"နာတယ် အဲဒါ ဘာမဟုတ်တဲ့ လူမဟုတ်ဘူး၊ ငါ့ချစ်သူဟဲ့ နားလည်လား"

"ဘာ...နှင့် ချစ်သူ ဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ်"

ဒေါသထွက်ထွက်နဲ့ နွေက ဆောင့်တွန်းပစ်လိုက် သက်ပိုင်က ထိုင်လျက်လဲကျ သွားတော့သည်။

နွေက လုံးဝလှည့်မကြည့်တော့ဘဲ သက်ပိုင်ကို ထားခဲ့ပြီး ထွက်လာတော့ သက်ပိုင်က လှမ်းအော်ပြောသည်။

"နွေ...အဲဒီလူကို နှင် မချစ်ရဘူးနော်၊ နှင့်ကို ငါ ချစ်တယ်"

"ဟင်..."

ရုတ်တရက်မို့ နွေက ကြောင်အအ ဖြစ်သွားရသည်။

ဒီစကားက နွေ မထင်မှတ်တဲ့စကားပါ။ ရှက်လည်းရှက်





ဒေါသလည်း ထွက်မိတာမို့ နွေက ကိုယ့်အခန်းထဲ ကိုယ်ဝင်ပြီး အခန်းတံခါးကို ပိတ်ထားလိုက်မိတော့သည်။

နွေ့ နားထဲမှာ ပဲ့တင်ထပ်နေတာက နှင့်ကိုငါချစ်တယ်လို့ ပြောတဲ့ သက်ပိုင်ရဲ့ စကားသံပဲ ဖြစ်နေတော့တာ။ နွေ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင်လေး ဖြစ်နေရသည်။

သက်ပိုင်ကို စိတ်ဆိုးလိုက်တာမှ ပြောစရာတောင် မရှိတော့။

"ဒေါက်...ဒေါက်"

နွေ့အခန်းတံခါးကို လာခေါက် တော့ နွေက ဆတ်ခနဲ တုန်သွားရတဲ့အထိ လန့်သွားရတော့တာ။

"နွေ...တံခါးဖွင့်ပါဟာ၊ နှင်နဲ့ စကားပြောချင်လို့ပါ"

"နွေ"

"ဒေါက်...ဒေါက်...ဒေါက်"

"သွားစမ်း သက်ပိုင်၊ ငါ နှင့်ကို မုန်းတယ်"

"နွေ"

"နှင်...မသွားရင် ငါ ထွက်သွားမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"နွေ...ငါ...ငါ နင့်ကို တကယ်ချစ်တာပါဟာ"

သက်ပိုင်ဆီက ချစ်တယ်ဆိုတဲ့ စကားကို ကြားရတိုင်း နွေ့ နှလုံးသားနုနုလေးက ဒေါသတွေနဲ့ ကြမ်းတမ်းစွာ ခုန်ပေါက်ကြတော့သည်။

"တိတ်စမ်း သက်ပိုင်၊ နင့် အသံကို ငါ လုံးဝမကြားချင်ဘူး၊ နင့် မျက်နှာကိုလဲ မမြင်ချင်ဘူး သွား"

တံခါးရွက်နားကနေ နွေက ကုန်းအော်ပစ်လိုက်တာပါ။

ဒီတော့မှ သက်ပိုင်ရဲ့ အသံရော တံခါးခေါက်သံပါ ပျောက်သွားတော့သည်။

နွေ့ အခန်းရှေ့ကနေ ထွက်ခွာသွားတဲ့ ခြေသံကို ကြားရတော့မှ နွေက ရှိုက်ကြီးတငင် ငိုပစ်လိုက်မိတော့သည်။

ဘာကြောင့် ခုလို ငိုမိတယ်ဆိုတာကိုတော့ နွေ့ဘာသာနွေတောင် နားမလည်နိုင်တော့ပါ။

ငိုနေရင်း နွေ့ စိတ်တွေက ကိုကို့ဆီ ရောက်သွားရပြန်သည်။ နွေ ပြောတာတွေကို တကယ်ထင်ပြီး သက်ပိုင်က





ကိုကို့ကို သွားရန်ရှာရင် ဘယ်လိုလုပ်မလဲလို့ တွေးလိုက်မိတာနဲ့ပဲ နွေက အရုပ်ကြိုးပြတ် ဖြစ်သွားရတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



[illegible]

[illegible]

# အခန်း (၈)

"ဒေါ်လုံး"

"လာပြီ သား"

"မိစော"

"ရှင် ကိုကိုကြီး"

သူ ကျုံးအော်လိုက်တာနဲ့ ဒေါ်လုံးရော မိစောပါ ရှေ့ကို ရောက်လာကြတော့သည်။

သက်ပိုင် နွေ့ကို မနိုင်တာနဲ့ အလုပ်သမားတွေ ဟောက်ပစ်လိုက်တော့တာ။

"ဒေါ်လုံး ကျွန်တော်နဲ့ နွေ ရန်ဖြစ်တာကို ဒယ်ဒီတို့





မပြောနဲ့နော်"

"မပြောပါဘူး သားရယ်၊ မပြောပါဘူး"

"မိစော"

"ရှင်"

"နင်လဲ အာမချောင်နဲ့နော်"

"မ...မချောင်ပါဘူး ကိုကိုကြီး"

"ကြိုပြောထားတဲ့ ကြားထဲက လူကြီးတွေကို တိုင်ရင် နင် မလွယ်ဘူးနော် မိနော်"

"အာ...ကြောက် ကြောက်ပါတယ် ကိုကိုကြီးရဲ့"

"တော်တော် နင့်ကို ဘာမှ မလုပ်ရသေးဘဲနဲ့ ကြောက် ပြမနေနဲ့ သွားတော့"

"ဟုတ်ကဲ့"

ဒေါ်လုံးနဲ့ မိစောကို နှုတ်ပိတ်ပြီးတာနဲ့ သက်ပိုင်က ဆိုင်ကယ်နဲ့ အိမ်ကနေ ထွက်လာခဲ့လိုက်တော့သည်။

ဖြစ်ပျက်သွားတဲ့ ကိစ္စအတွက် သူက ဘယ်လိုမှတ်ချက် ချရမှန်းတောင် မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နွေရယ်...

နင်က ငါ့ကို မုန်းသတဲ့လား။

ခုမှတွေ့ရတဲ့ ဟိုငတိကြီးကိုတော့ ကိုကိုတဲ့။

အဲဒီလူနဲ့ ချစ်နေမိပြီဆိုတာ တကယ်ပဲလားဟာ။

နွေရယ်

နင် ငါ့ကို မုန်းချင်သလောက် မုန်းနိုင်ပါတယ်ဟာ၊ ဒါပေမဲ့ တခြားတစ်ယောက်ကိုတော့ မချစ်လိုက်ပါနဲ့၊ ငါ ရူးရပါလိမ့်မယ် နွေ။

သက်ပိုင်က ဆိုင်ကယ်ကို ဦးတည်ရာမဲ့ လျှောက်မောင်းနေမိတော့တာ။ အခုမှ နွေ့ကိုချစ်တဲ့ အချစ်တွေက ရင်နဲ့မဆံ့အောင် ဖြစ်နေရတော့သည်။

ဒယ်ဒီနဲ့ မေမေသာသိရင် ဘာပြောကြမလဲ။ ငယ်ငယ်တည်းက အတူနေပြီး မောင်နှမလို ထားခဲ့တာကို သူ့ဘက်က စည်းကျော်ချင်နေမိတာမို့ အပြစ်တင်ကြမှာလား။

ဒယ်ဒီတို့ ဘယ်လိုပဲ မြင်မြင်ပါ။ သူကတော့ နွေ့အချစ်ကို ရချင်သည်။ နွေ့ကို တခြားသူ ရင်ခွင်ထဲ





အရောက်မခံနိုင်ပါ။

အထူးသဖြင့် ဟိုကလေးအဖေရဲ့ လက်ထဲ အရောက်မခံနိုင်။

သက်ပိုင်က လမ်းနံဘေးမှာ ဆိုင်ကယ်ကို ထိုးရပ်လိုက်ပြီး ဘာလုပ်ရမလဲဆိုတာ စဉ်းစားလိုက်သည်။

ဟိုလူကို သွားတွေ့ဖို့ ဆိုတာက လုံးဝအဓိပ္ပာယ်မရှိပါ။ ဒီတော့ နွေ့ကို ချုပ်ကိုင်နိုင်ဖို့ သူ့နည်းသူ့ဟန်နဲ့ ကြိုးစားမှပဲ ဖြစ်ပါတော့သည်။

ညစ်ပတ်တယ်လို့ပဲ ပြောပြော၊ နွေ့အချစ်ကို သူရဖို့က အဓိကမို့ သက်ပိုင်က ဆုံးဖြတ်လိုက်သည်။

နွေ ကလေးအဖေတစ်ယောက်နဲ့ ချစ်နေပါတယ်လို့ နွေ့ မေမေကို ပြောပြလိုက်မည်။ ဒါဆို သူ ဖြစ်စေချင်တာကို လူကြီးတွေက လုပ်ပေးကြပါလိမ့်မည်။

အတွေးနဲ့ သက်ပိုင်က ပျော်သွားသည်။

နွေရယ်...

ငါ နင့်ကို ပိုင်ဆိုင်ချင်တယ်ဟာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

ထိုအချိန်တွင် နွေကလည်း အတွေးတွေနဲ့ လုံးချာလည်ရ တော့သည်။

စောစောက ဒေါသတွေနဲ့ ပူထူနေခဲ့ပြီး ခုတော့ သွေး အေးသွားတော့မှပဲ ဘယ်လို မျက်နှာချင်းဆိုင်ရမယ် ဆိုတာ မတွေးတတ်တော့ပါ။

နွေနဲ့ သက်ပိုင်က သူစိမ်းတော့ သူစိမ်းတွေပါပဲ။ ဒါပေမဲ့ ငယ်ငယ်လေးကတည်းက တစ်အိမ်တည်း အတူတူ နေပြီး မောင်နှမတွေလို ဖြစ်နေတာမို့ သက်ပိုင်ရဲ့ အပြောင် အလဲက နွေ့ကို စိတ်ညစ်စေတာထက် ဘာမှမပိုတော့ပါ။





နွေ့ဘက်မှာ ဘာခံစားချက်မှ မရှိတာချင်းအတူတူ သက်ပိုင်က ဘာမှမပြောရင် ပိုမကောင်းဘူးလား နော်။ ခုတော့ အနေရခက်စေတာပဲ အဖတ်တင်တာပေါ့။

နွေက သက်ပြင်းမောလေး ချနေရင်းကပဲ ချစ်မိတဲ့ ကိုကို့ကို သတိရမသွားတော့တာ။ နွေကတော့ သက်ပိုင်ကို ပြောလိုက်ပါပြီ၊ နွေနဲ့ကိုကို ချစ်သူတွေပါလို့လေ။

နွေ ပြောသလိုမျိုး တကယ်ရော ဖြစ်လာနိုင်ပါ့မလား။ နွေကသာ ရင်တွေခုန်ပြီး ခံစားချက်တွေ ပြင်းထန်နေရတာပါ။ ကိုကိုဘက်က နွေ့ကို သာမန်လောက်ပဲဆိုရင် နွေတော့သေပြီ။

ပြီးတော့ သက်ပိုင်ကိုရော ဘယ်လိုမျက်နှာ ပြရတော့ လဲ၊ ဒုက္ခပါပဲနော်။ နွေ ဒီလိုပဲနေလို့တော့ မဖြစ်တော့ပါဘူး။ ကိုကို့ အချစ်ကိုရဖို့ နွေ ကြိုးစားမှ ဖြစ်တော့မှာပါ။

နွေ ဘယ်လိုကြိုးစားရမှာလဲဟင်၊ ကိုကိုရှိတဲ့ နေရာကို သွားပြီး နွေ့ကို မမြင်မြင်အောင် လူလုံးပြနေရမှာလား။

ဒါမှမဟုတ် ကိုကို့အိမ်ကိုပဲ သွားလည်ပြီး ရောနှောလိုက် ရမှာလား။ နွေ့ရဲ့ဘဝင်မှာ ယောကျ်ားတစ်ယောက်ကိုစပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားမိတယ်ဆိုတာ မရှိခဲ့ပါဘူး။ နွေ့ကို ချစ်ကြ၊ ရူးသွပ်ကြတဲ့ ယောကျ်ားတွေနဲ့ချည်းပဲ နွေ တွေ့ဆုံနေခဲ့ ရတာပါ၊

နွေ့ အဖြစ်ကလည်း ရယ်ရခက် ငိုရခက်ကြီးရယ်ပါ၊ နွေ့ကို ချစ်တဲ့သူတွေ နွေ့ရှေ့မှာ ဒူးထောက်ခစားတဲ့သူတွေကိုတော့ ရင်မခုန်ခဲ့၊ စိတ်မဝင်စားခဲ့ပဲနဲ့ နွေ့ထက် အသက်လည်းကြီး နွေ့ကို စိတ်ဝင်တစား ရှိမရှိလည်း မသေချာတဲ့ ကိုကို့ကိုမှ နွေက ရင်ခုန်ရသတဲ့လေ။

ပြီးတော့ ကိုကို့ အကြောင်းကိုလည်း နွေ ဘာသိထားရလို့လဲ၊ ကိုကို့ သားဆိုတာ မွေးစားသား၊ သားအရင်းလားဆိုတာတောင် နွေ သိရသေးတာမှ မဟုတ်ပဲနော်။

နွေ့ ချစ်မိတဲ့အချစ်က ရင်မောစရာ ကောင်းလိုက်တာကွယ်၊ ဒါပေမဲ့ နွေမှ မချစ်ဘဲမနေနိုင်တာ။

မိနော်ဆီ သွားချင်ပေမဲ့ ဒီအချိန် မိနော် မရှိနိုင်ဘူးဆိုတာ သိနေတော့ ဆန္ဒတွေကို ချိုးနှိမ်ထားရပြန်သည်၊

အခန်းအောင်းနေမိရင် အတွေးတွေက ကိုကို့ဆီပဲ ဝေ့လည်နေတာမို့ နွေက အခန်းပြင် ထွက်လာခဲ့လိုက်သည်၊





နွေနဲ့ စကားများပြီးမှ သက်ပိုင် ဆိုင်ကယ်နဲ့ထွက်သွားတဲ့ အသံကို ကြားရတာမို့ နွေ ရဲရဲတင်းတင်းလေးပဲ ထွက်လာခဲ့လိုက်တော့သည်။

သက်ပိုင် အိမ်မှာ ရှိမနေဘူးဆိုကတော့ ရှောင်စရာမှ မလိုတာနော်။

"မိစော..."

"ရှင် မမလေး"

"ခြံထဲကို ကော်ဖီတစ်ခွက် ယူလာခဲ့နော်"

"ဟုတ်ကဲ့"

မမလေး ခြံထဲဆင်းသွားတော့ မိစောက ဒေါ်လုံးဆီ အပြေးအလွှားလာခဲ့ပြီး သတင်းပေးလိုက်မိသည်။

"ကြီးကြီးလုံး မမလေး ခြံထဲဆင်းသွားပြီ သိလား"

"ဟဲ့နွေ့မျက်နှာ ဘာဖြစ်နေလဲဟင်"

မိစောက စဉ်းစားကြည့်လိုက်သည်။ မမလေး မျက်နှာ ဘာတွေဖြစ်နေပါလိမ်။ နီရဲပြီး ပြောင်တင်းနေတာကိုပဲ သတိထားမိသည်။ တခြားတော့ ဘာမှ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟို နီရဲနေတယ် ကြီးကြီးလုံး"

"ငိုထားတာပဲ ဖြစ်မှာပေါ့အေ"

"ဟုတ်တယ် ဟုတ်တယ် မမလေး ပုံစံက ငိုထားတဲ့ပုံစံပဲ၊ ကြီးကြီးလုံး မိစော မသိလို့နော် ကိုကိုကြီးနဲ့မမလေးက မောင်နှမ မဟုတ်ဘူးလားဟင်"

"ဟုတ်တယ်လေ"

ဒေါ်လုံးက အလွယ်ပဲ ခေါင်းညိတ်လိုက်တာပါ။

ဒီမလောက်လေး မလောက်စား ကောင်မလေးကို ဖြစ်ကြောင်းကုန်စင် ရှင်းပြနေစရာတဲ့လား။

ဒေါ်လုံးကတော့ အားလုံးကို သိထားတဲ့သူပါ။ ဒေါ်လုံးက နွေခေါင်ခေါင်ကို ငယ်ငယ်လေးတင်းက ထိန်းကျောင်းလာခဲ့တဲ့သူပါ။

ဒေါ်လုံးက နွေ့ မေမေရဲ့ လူယုံတော် စစ်စစ်ကြီးဖြစ်သည်။ နွေ့ မေမေ မသန္တာနဲ့ ဒေါ်လုံးက ညီအစ်မတွေလို သံယောဇဉ် ရှိတာဖြစ်သည်။ ဒါကြောင့်ပဲ မသန္တာ နောက်အိမ်ထောင်ပြုတဲ့အထိ ဒေါ်လုံးက မခွဲခွာဘဲ လိုက်ပါလာခဲ့တာ





ဖြစ်သည်။

နွေကလေးရဲ့ မေမေ မသန္တာက လင်ရက်ကောင်းသည်။ ပထမအိမ်ထောင်နဲ့တုန်းကလည်း အပူအပင်မရှိ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနဲ့ နေခဲ့ရတာ။

ပထမအိမ်ထောင် ဆုံးသွားပြီး ဒုတိယအိမ်ထောင်ပြုပြန်တော့လည်း ချမ်းသာလိုက်တာမှ အရမ်းပါပဲ။ ငယ်ချစ်ဦးတွေလို့လည်း ပြောသည်။ မသန္တာကို ကြည့်ရတာတော့ အရမ်း စိတ်ချမ်းသာနေတဲ့ ပုံစံမျိုးပါ။

ဒေါ်လုံးကတော့ သမီးလေး နွေကိုလည်း သူ့မလေးရဲ့ အမေလို ကံကောင်းစေချင်တာပါ။ မောင်သက်ပိုင်နဲ့ ဖြစ်သွားရင် အတော်ကောင်းမှာပဲလို့ ဒေါ်လုံးက ခဏခဏတွေးမိသည်။

ဒါဆို နွေကလေးအတွက် အရမ်းစိတ်အေးသွားရမှာပါ။ မသန္တာကိုတောင် ပြောမိသေးသည်။

"မသန္တာရေ သမီးလေးကို မောင်သက်ပိုင်နဲ့ လက်ထပ်ပေးလိုက်ရင် မကောင်းဘူးလား၊ ဒါဆိုရင် ဥမကွဲသိုက်မပျက်နဲ့ အစစအရာရာ အဆင်ပြေမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"သြော်...အစ်မရယ်၊ သန္တာကတော့ ဖြစ်စေချင်တာပေါ့လေ၊ ဒါပေမဲ့ အတင်းကြီးတော့လဲ မလုပ်ချင်ပါဘူး၊ တော်ကြာ သမီးလေးက သန္တာ့အပေါ်မှာ အမြင်စောင်းသွားရင် မခက်ဘူးလားနော်၊ အခုတောင် သန္တာ နောက် အိမ်ထောင်ပြုတာကို သမီးလေးက အတိုက်အခံ မလုပ်တာကိုပဲ ကျေးဇူးတင်နေရတာပါ"

"အတင်းကြီး မဟုတ်ဘဲ နားဝင်အောင် ပြောကြည့်ပါလား မသန္တာရယ်"

"အဟင့်...အစ်မ သမီးကြောင်းကို အစ်မ သိပါတယ်လေ၊ ဒီလောက် ခွတီးခွကျ ဂျစ်တီးဂျစ်ကန်နိုင်တာ သူက ကြိုက်နေတာတောင် သန္တာ ပြောလိုက်တာနဲ့ မကြိုက်ဘူးလို့ ပေလုပ်မှာ အစ်မရေ။ သူ့အကြောင်းကို သိပြီသား၊ ဒါကြောင့် သန္တာကတော့ အသာလေးပဲ ကြည့်နေလိုက်မယ်၊ ကလေးတွေ သူ့တို့ဘာသာ ချစ်သွားကြိုက်သွားရင်လဲ ပေးစားလိုက်မယ်၊ မချစ်ကြ၊ မကြိုက်ကြဘူးဆိုတော့လဲ သူတို့သဘောနဲ့ သူတို့ပေါ့ အစ်မရယ်"





"ဟုတ်ပါတယ်လေ အတင်းစီစဉ်လို့ ကောင်းတာမှ မဟုတ်ဘဲ"

"အဟင့်...ဟင့် ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် လက်ထပ်ဖြစ်သွားဖို့ဆိုတာ လွယ်တဲ့ ကိစ္စလား အစ်မရယ်၊ ဖူးစာကံလဲ ပါဦးမှပါ၊ ဒါကြောင့် သန္တာကတော့ ပူပင်ကြောင့်ကြ မနေတော့ဘူး၊ ဖြစ်စေချင်ပေမဲ့ အတင်းကြီးဖြစ်အောင် လိုက်မလုပ်ဘူး"လို့ မသန္တာက ပြောထားသည်။

ဒီနေ့တော့ မောင်သက်ပိုင်က သမီးလေးကို အော်ဟစ်ပြီးပြောသည်။

"နင့်ကို ငါချစ်တယ် နွေ"တဲ့။

ဒီစကားကို ဒေါ်လုံးရော မိစောပါ အသေအချာကြားရတာပါ။ ဒေါ်လုံးကတော့ ဝမ်းသာမိတာ အမှန်ပါ။

ကလေးနှစ်ယောက် ချစ်ကြိုက်သွားခဲ့ရင် လက်ထပ်ပေးဖို့ပဲ မဟုတ်လား။ ဒါပေမဲ့ နွေ့ပုံစံလေးက တင်းမာနေတာမို့ ဒေါ်လုံးမှာ လွတ်လွတ်ကျွတ်ကျွတ် ဝမ်းမသာရဲသေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



နေရတော့တာ။ အခု မိစောက မမလေး မျက်နှာနီရဲပြီး ငိုထားတဲ့ ပုံစံပါလို့ပြောတော့ ဒေါ်လုံးမှာ စဉ်းစားရ ခက်နေရတော့သည်။

ဒီကြားထဲမှာ မိစောက စပ်စုနေသေးသည်။

"မောင်နှမဆိုပြီး ဘာဖြစ်လို့ ရည်းစားစကား ပြောရတာလဲဟင်"

"သွား...သွား လုပ်စရာရှိတာ သွားလုပ်စမ်း၊ ငါခေါက်လိုက်ရ"

ဒေါ်လုံးက တမင်ပဲ အော်ငေါက်ပစ်ရတော့တာ။ မဟုတ်ရင် ဒီကောင်မလေးက အမေးအမြန်း ထူနေဦးမှာ။ မောင်သက်ပိုင်က သူနဲ့နွေ့ စကားများတာတွေကို လူကြီးတွေနဲ့ တိုင်မပြောပါနဲ့လို့ နှုတ်ပိတ်သွားတာပါပဲ။

ဒေါ်လုံးကတော့ သန္တာကို တိုးတိုးတိတ်တိတ် ပြောပြဖို့ ဆုံးဖြတ်ထားမိတော့တား။

မိစောက ကော်ဖီခွက်နဲ့ မမလေးဆီ ပြန်ရောက်လာတော့ မမလေးက မိစောကို မြင်တဲ့ပုံမရဘဲ ဟိုးအဝေးကြီးကို





ငေးကြည့်ရေနသည်။ ကြွေရုပ်ကလေးလိုလှတဲ့ မမလေးကို မိစောက အရမ်းချစ်ပြီး အရမ်းသဘောကျတာဟ။

မိစောလည်း အဲဒီလို လှချင်တာပေါ့။ မမလေးက လှသလို ကိုကိုကြီးကလည်း အရမ်းချော အရမ်းလှတာပါ။ ဒီအိမ်ကို ရောက်ရာက်ချင်း နေ့မှာပဲ ကိုကိုကြီးရဲ့ မျက်နှာကို ငေးမိလို့ ဟင်းချိုပန်းကန်တောင် ကျကွဲခဲ့သေးသည်။

အမှန်အတိုင်းပြောရရင် ကိုကိုကြီးနဲ့မမလေးကို မောင်နှမလို့ပဲ မိစောကထင်နေခဲ့တာ။ ပြီးတော့ မြီးကောင်ပေါက်မလေး မိစောက ကိုကိုကြီးကို ရင်ခုန်ငေးမောနေခဲ့ တာပါ။

ဒီနေ့မှပဲ ကိုကိုကြီးနဲ့မမလေး ပြောကြတဲ့ စကားတွေကို အသေအချာ နားထောင်လိုက်ရတာမို့ မိစောလည်း ခံစားနေရပါပြီ။

"နွေ နှင့်ကို ငါချစ်တယ်" တဲ့။

ကိုကိုကြီးကသာ အဲဒီစကားမျိုး မိစောကိုသာ ပြောရင် ဘယ်လောက်ပျော်စရာ ကောင်းလိုက်မလဲနော်။

ကမ္ဘာပေါ်မှာ မိစော အပျော်ဆုံးပဲ ဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးက မမလေးကို ချစ်တယ်တဲ့လေ မိစောမှာ ဝမ်းနည်းလိုက်ရတာ။

တကယ်တမ်းကြတော့ ကိုကိုကြီးလို သူဌေးသားလူချောလူလှ တစ်ယောက်က မိစောလို ကောင်မလေးကို ချစ်မှာတဲ့လား။

ချစ်ဖို့ဆိုတာထက် စိတ်ဝင်စားမှာတောင် မဟုတ်ပါဘူးလေ။ ကော်ဖီခွက်ကို မမလေးရဲ့ရှေ့မှာ အသာလှမ်းတင်ရင်း မိစောက လွှတ်ခနဲ တစ်ချက်ရှိုက်မိသွားတော့တာ။

"အင့်"

ရှိုက်သံကြောင့် အတွေးတွေရပ်ပြီး နွေက ကြည့်လိုက်မိတာ။

"ဟင်...မိစော ငိုနေတာလား"

"မ...မငိုပါဘူး မမလေး"

မငိုပါဘူးလို့ဖြေတဲ့ မိစောရဲ့ အသံလေးက တုန်ခါပြီးငိုသံတွေ သိသိသာသာ ပျော်ဝင်နေတာမို့ နွေက မိစောရဲ့လက်ကလေးကို ဖမ်းဆွဲထားလိုက်မိတော့သည်။





"မိစော မမလေးကို မညာနဲ့နော်၊ အမှန်အတိုင်းပြော၊ ဘာဖြစ်လို့ ငိုရတာလဲ"

နွေ့မေးတော့ မိစောလေးက အတင်းပဲရုန်းပြီး အကြောက်အကန် ငြင်းနေပြန်သည်။

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး မမလေး၊ တကယ်ဘာမှမဖြစ်ပါဘူး၊ မိစောကို ဘယ်သူမှလဲမဆူပါဘူး ယုံပါမမလေးရယ်"

နွေက အသားညိုညို မျက်လုံးဝိုင်းဝိုင်းလေးတွေနဲ့ချစ်စရာကောင်းတဲ့ မိစောကို အနားမှာ ခေါ်ထိုင်ခိုင်းလိုက်မိသည်။

လူကသာ ရုပ်ကန်ကန်နိုင်ပေမဲ့ နွေ့ နှလုံးသားလေးကတော့ နွေးထွေးပျော့ပြောင်းပါသည်။

အသက်ဆယ့်ခြောက်နှစ်လောက်ပဲ ရှိဦးမယ့် မိစောကိုနွေက တကယ်ပဲ သနားငဲ့ညှာမိတာပါ။ ဒီအရွယ်ဆိုတာဘယ်လောက် လွတ်လပ်ပျော်ရွှင်ချင်တဲ့ အရွယ်လဲနော်။

အခုတော့ သူများအိမ်မှာ အလုပ်တွေလုပ်နေရတာမို့



www.burmeseclassic.com

www.burmeseclassic.com



နွေက စာနာမိပါသည်။ တစ်ခါတစ်ရံမှာ မနက် အိပ်ရာက မထဘဲ နေမြင့်တဲ့အထိ အိပ်ပစ်ချင်တဲ့ ဆန္ဒမျိုးတွေ မိစောမှာ ရှိချင်ရှိနိုင်တာပဲနော်။ နေ့ခင်းဘက်တွေမှာ မထတမ်း အိပ်ချင်တာမျိုးလည်း ရှိမှာပေါ့။

ပြီးတော့ မိန်ကလေးဆိုတာ တစ်လတစ်ကြိမ် ကိုယ်လက်မအီမသာ ဖြစ်ကြတာမဟုတ်လား၊ မိစောတို့လို မိန်းကလေးတွေမှာ အိပ်ချင်တယ်ဆိုပြီး အိပ်နေလို့မှ မရတာ။

မနက်လင်းတာနဲ့ အိပ်ရာက ထချင်ချင် မထချင်ချင် ထပြီး အိမ်အလုပ်တွေကို မလုပ်ချင်ချင်လုပ်ချင်ချင် လုပ်နေရတာမို့ နွေက စာနာသနားမိတာ ဖြစ်သည်။

"မှန်းစမ်း နေရောကောင်းရဲ့လား"

နွေက မိစောရဲ့ နဖူးလေးကို စမ်းကြည့်လိုက်တော့ မိစောက ဆတ်ခနဲတောင် တုန်သွားသောတာ။

"ကိုယ်တော့ မပူပါဘူး၊ ခေါင်းတွေ ဘာတွေ မူးရင် ပြောနော်၊ မိစော နေမကောင်းရင် ကြီးကြီးလုံးကို ပြောပြီး နားနေပေါ့"





"ဟုတ်...ဟုတ်ကဲ့ မမလေး"

"ကဲ...အခုဘာဖြစ်လို့ ငိုတယ်ဆိုတာပြောနော်၊ မငိုပါဘူးလို့လဲ မညာနဲ့၊ ဘာမှမဖြစ်ပါဘူးလို့လဲ မညာနဲ့၊ မိစောမျက်နှာကို ကြည့်လိုက်တာနဲ့ တစ်ခုခုခံစားနေရပြီဆိုတာ မမလေး သိတယ်"

နွေက မေးပေမဲ့ မိစောက အတင်းပဲ ငြင်းသည်။

"ဘုရားစူး ဘုရားစူးပါ မမလေးရယ်၊ ဘာမှမဖြစ်ပါဘူး မိစော သွားတော့မယ်နော်"

မိစောက နွေ့ အနားကနေ ပြေးထွက်သွားတော့ ကိုယ့်ဘာသာကိုယ် စိတ်လှုပ်ရှားနေရတဲ့ ကြားထဲမှာ နွေက မိစော ဘာတွေဖြစ်နေပါလိမ့်လို့ ထည့်တွေးမိပြန်သည်။

အင်းလေ သူ့မိဘကို သတိရလို့ပဲ ဖြစ်မှာပေါ့လို့ တွေးရင်း နွေက ကော်ဖီပူပူလေးကို အရသာခံပြီး သောက်နေမိတော့တာ။

ကိုကိုရေ...

ကော်ဖီပူပူလေးသောက်ရင်း ကိုကို့အတွက် အချစ်ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



လေး တစ်ပုဒ်လောက် ရေးချင်ပါရဲ့ရှင်။

ကိုကိုရယ်...

အချစ်ကလေးပဲ အင်အားတွေ နွေ့ဆီမှာ ရှိနေပြီ။

ဒါကြောင့်

နွေ့ဆီကို ကိုကိုရောက်မလာရင် ကိုကို့ဆီကို နွေ ရောက်အောင် လာခဲ့ပါ့မယ်နော်။

ကိုကို့ကို ချစ်တယ်။

နွေက တစ်ယောက်တည်း ပြောရင်း အချစ်တွေကို ခံစား နေမိတော့တာ။

* * *



# အခန်း (၁၀)

နွေခေါင်ခေါင်ဆိုတဲ့ နာမည်ဆန်းဆန်းလေးကို မင်းနေ မျိုးက ဂိုက်ဘုတ်မှာ ရေးမိသွားသည်။

သူရေးလို့မှမဆုံးသေးခင် သားသားက ကောက်ကာ ငင်ကာ ထမေးသည်။

"အဲဒါ သားကို ဘောလုံးကောက်ပေးတဲ့ အန်တီ ချောချောလေးရဲ့ နာမည်ကွ နွေခေါင်ခေါင်တဲ့"

"ဟာင်...ဘာနာမည်ကြီးမှန်းလဲ မသိဘူးဗျာ"

အသက်ခြောက်နှစ်တောင် မပြည့်သေးတဲ့ သားသားက လူကြီးတစ်ယောက်လိုပုံစံနဲ့ ပြောနေတာမို့ သူက ရယ်မော



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"လှပါတယ်ကွ၊ နာမည်ရော လူရော ဒီလောက်လှ

တာ"

"ဟန်နီလမင်းက ပိုလှတယ်ဒယ်ဒီ"

ရုတ်တရက်မို့ သူက ကြောင်သွားမိသည်။

"ဟန်နီလမင်း အဲဒါဘယ်သူလဲကွ"

"သား အတန်းထဲ ကောင်မလေး ဒယ်ဒီ"

မင်နေမျိုးက ရယ်ချင်ပေမဲ့ သားက ရုပ်တည်လေးနဲ့ တကယ်ကို လူကြီးဆန်ဆန် ပြောနေတောမို့ မရယ်မိအောင် ထိန်းထားလိုက်ရသည်။

ဒီကလေးက တော်တော်ဦးနှောက်ကြီးတဲ့ ကလေးပါ။ အရိပ်ပြတာနဲ့ အကောင်ထင်ပြီးသားဖြစ်သည်။ တကယ်တော့ သားက သူရဲ့ တူအရင်းလေးပါ။ မမွေးတဲ့ သားကို သူ ပြန်မွေးစားထားတာ ဖြစ်သည်။

တချို့တွေက သားသားကို သူ့သားအရင်းလို့ ထင်ကြသည်။ သူတို့မိသားစုကလည်း ဘာမှမရှင်းပြပါ။ လူတွေ





ကြိုက်သလို ထင်ပါစေဆိုပြီး သဘောထားကြီးကြီးနဲ့ လွှတ်ထားကြတာဖြစ်သည်။

သူကိုယ်တိုင်က ကောင်မလေးတွေ ရှေ့မှာဆို ကလေးတစ်ယောက် အဖေပါလို့ သူ့ကိုယ်သူ ကြော်ငြာထိုးတတ်ခဲ့တာပါ။

သူ့ကိုကောင်မလေးတွေက ကလေးအဖေလို့ ထင်သွားမှာ သူဘယ်တုန်းကမှ မစိုးရိမ်တတ်ခဲ့ပါ။ ဒါကြောင့်ပဲ သားသားဟာ သူ့တူပါလို့ ဘယ်မိန်းကလေးကိုမှ သူမပြောခဲ့။

အဲဒါ အလျင်တုန်းကဖြစ်သည်။ အခုတော့ နွေခေါင်ခေါင်ဆိုတဲ့ ကောင်မလေးကြောင့် သူ့စိတ်တွေ ပြောင်းလဲနေရပါပြီ။

သူမလေးကို စတွေ့ကတည်းက သူ့ရင်ထဲမှာ တစ်ခုခု ဖြစ်သွားခဲ့ရတာပါ။

ဆိုင်ကယ်စီးဦးထုပ်ကို ချွတ်လိုက်တာနဲ့ ဘွားခနဲ ပေါ်လာတဲ့ ငွေလမင်းမျက်နှာလေးကို သူ့နှလုံးသားက အလွတ်ရသွားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အစက ဆိုင်ကယ် အတူစီးလာတာမို့ သူမလေးနဲ့ ဂျစ်ကန်ကန်ငတိလေးကို အတွဲပဲဖြစ်မှာလို့ ထင်လိုက်မိသေးသည်။ နောက်မှပဲ မောင်နှမလို့ သိလိုက်ရတာပါ။ ထပ်တွေ့ချင်ပေမဲ့ ဘယ်လိုတွေ့ရမှန်း မသိဘဲ ဖြစ်နေခဲ့ရသည်။

မနေ့ကမှ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ခဲ့ရတာ။ အခုတော့ မင်းနေမျိုးဆီမှာ ဝေဒနာတွေ ဖြစ်နေရပြီ။ နွေခေါင်ခေါင်ဆိုတဲ့ မိန်းမလှလေးက သူ့ကို ကလေးတစ်ယောက်အဖေလို့ ထင်နေမှာ၊ အိမ်ထောင်သည် တစ်ယောက်လို့ ယုံကြည်သွားမှာကို သူ တကယ်ပဲ စိုးရိမ်မိသွားတာ။

သူမလေးနဲ့ အနီးဆုံးနေရာကို ရောက်အောင်သွားချင်တဲ့ ဆန္ဒတွေက သူ့ရင်ထဲမှာ ပြည့်လို့နေသည်။ သူမလေးဆီကို သွားရမှာလည်း တစ်မျိုးကြီးပါပဲ။ အသက်အရွယ် ကွာဟမှုက သူ့ကို တွန့်ဆုတ်စေတာလား၊ သူမလေးရဲ့ အစ်ကိုဆိုတာကိုပဲ လန့်နေမိတာလား၊ သူ့ကိုယ်သူ မသေချာပါ။

နွေခေါင်ခေါင်ဆိုတဲ့ မိန်းမလှလေးကို ဘယ်လိုမှ မေ့လို့မရတာကတော့ အရမ်းသေချာနေသည်။





သူမလေးရဲ့ ပုံရိပ်လှလှလေးကို ပြန်မြင်ယောင် ပါစားမိလေတိုင်း သူ့ရင်ခုန်သံတွေက မြန်ဆန်လာရတော့တာ။

သူ့နှလုံးသားတွေက ပူနွေးလာကြတော့တာ။ သူ့ရင်ထဲကို စွဲလမ်းတမ်းတမှုတွေက တံခါးခေါက်ပြီး ဝင်ရောက်လာကြတော့တာ။

ဒါ...အချစ်ပါပဲ။

"ဒယ်ဒီ"

"ဗျာ"

သားခေါ်မှပဲ သူက အတွေးတွေထဲက လန့်နိုးသွားရတော့သည်။

"သားကို ဘောလုံးကောက်ပေးတဲ့ အန်တီက ဒယ်ဒီကို အရမ်းကြည့်တာပဲနော်"

"ဟုတ်လို့လားကွာ"

"ဟုတ်ပါတယ် ဒယ်ဒီရာ၊ သား သိတာပေါ့"

"ဟေ...မင်းက ဘာသိတာတုံးကွ"

"ဒယ်ဒီက ကြည့်တာကိုရော သား မသိဘူးလားဗျာ



www.burmeseclassic.com

www.burmeseclassic.com



အပွန်း…ဟွန်း"

"အဲဒါလဲ သား သိတာပဲ"

"သားက သိလှချည်လား၊ကွ"

"ဒယ်ဒီ"

"အဲဒီအန့်တီကို သား မာမီ လုပ်ခိုင်းရင် မကောင်းဘူး လားဟင်"

"ဟေ"

မင်းနေမျိုးက ပါးစပ်အဟောင်းသား ဖြစ်သွားတဲ့အချိန်မှာပဲ သားက သူ့အနားကနေ ပြေးထွက်သွားလေတော့သည်။

သားကိုကြည့်ရတာ ခွေခေါင်ခေါင့်ကို သဘောကျတဲ့ပုံစံမျိုးပါ။ ဟိုဘက်ခြံက အဆောင်သူတွေကိုတော့ သားက လုံးဝကြည့်မရတတ်တာ သူကောင်းကောင်းသိသည်။

"ဒယ်ဒီ သူတို့ကို သား မာမီမလုပ်ခိုင်းနဲ့နော် ရုပ်ဆိုးမတွေ"လို့ ခဏခဏပြောတတ်လို့ သားရဲ့ပါးစပ်ကို မနည်းပိတ်ထားရတာပါ။

မေမေကဆို သူ့ကို တဖွဖွ ပြောတတ်သည်။





"သားရယ် မင်းအသက်လဲ သုံးဆယ်ရှိပြီနော်၊ အိမ်ထောင်ပြုပါတော့"

"မေမေ မြေးနဲ့ မဖြစ်ဘူးထင်တယ် မေမေ၊ သူက ကျွန်တော့်ထက်တောင် ချေးများနေသေးတာ၊ ဟိုဘက်ခြံက ကောင်မလေးတွေကိုဆိုရင် ရုပ်ဆိုးမတွေတဲ့လေ"

"သားရယ် ကလေးကို ကလေးနေရာပဲ ထားစမ်းပါကွယ်၊ ဒီကလေးကလဲ မေမေ့ မြေးအရင်းပါပဲ၊ သူ့မှာမိဘတွေမရှိတော့လို့ သနားတာလဲ သနားတာပေါ့၊ ဒါပေမဲ့ သားဘဝတစ်ခုလုံးကိုတော့ မမြှုပ်နှံပါနဲ့၊ အသက် အရမ်းမကြီးခင် အိမ်ထောင်ပြုစမ်းပါ" လို့ မေမေက အခါအခွင့်သင့်တိုင်းပြောနေတော့တာ။ အဲဒီတုန်းကတော့ သူ့နှလုံးသားက အိပ်မောကျနေတုန်းပဲ ရှိသေးတာမို့ မေမေပြောရင် သူက ခေါင်းမလှုပ် အဲမလှုပ်နဲ့ ရယ်မောနေလိုက်တာချည်းပဲ ဖြစ်သည်။

အခု အချစ်ကို သိပါပြီ၊ သူမလေးအပေါ်မှာ စွဲလမ်းကပ်မက်နေမိတာလဲ သေချာနေပါပြီ။ မေမေသိရင်လည်း ဝန်းကွက်မှာ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခက်နေတာ သူမလေးရဲ့အနားကို ဘယ်လိုရောက်အောင် သွားရမှန်း မသိတာပဲဖြစ်သည်။

သက်တူရွယ်တူဆိုရင်လည်း အရေးလား၊ သူမလေး သွားရာနောက်ကို တကောက်ကောက်လျှောက်လိုက်၊ သူမလေးရဲ့ အိမ်ရှေ့မှာ ဂစ်တာသွားတီးပြီး အချစ်သီချင်းတွေ သွားဆို ဘယ်လောက်အဆင်ပြေထားသလဲ။

အတွေးနဲ့ ငေးနေတုန်း သူ့ခေါင်းထဲကို အလင်းတန်း တစ်ခု လက်ခနဲ ဝင်လာသည်။

ဟိုဘက်ခြံမှာ နွေခေါင်ခေါင်ရဲ့ သူငယ်ချင်း ရှိနေတာပဲ၊ အဲဒီကောင်မလေးကို သူ မျက်မှန်းတန်းမိနေတာမို့ အဲဒီကောင်မလေးဆီကပဲ ချစ်သူလေးရဲ့အကြောင်းကို စုံစမ်းပါတော့မည်။

လမ်းလျှောက်နေရာကနေ ရုတ်တရက် လမ်းပြန်တွေ့လိုက်ရတဲ့လူလို ဝမ်းသာတက်ကြွပြီး သူက တစ်ဖက်ခြံရဲ့ ခြံစည်းရိုးအနားကို ထွက်လာတော့ သားသားနဲ့ နွေခေါင်ခေါင်ရဲ့ သူငယ်ချင်းမလေး စကားပြောနေတာကို တွေ့လိုက်





ရသည်။

"သားရေ"

ဒီအတိုင်းဆိုရင်တော့ ကောင်မလေးကို စကားသွားပြောဖို့ ခက်နေရဦးမှာပါ။ အခုတော့ သားသားနဲ့ စကားပြောနေလက်စ ဖြစ်နေတာကြောင့် သူက အသာလေးဝင်လိုက်ရုံပဲ ဖြစ်သွားရတော့သည်။

"သား ဘာလုပ်နေတာလဲကွ"

"ပျင်းလို့စကားပြောနေတာ ဒယ်ဒီ"

"သားကို ဘွားဘွား ခေါ်နေတယ် သွားလိုက်ဦး"

နွေခေါင်ခေါင် သူငယ်ချင်းကို သူက မိတ်ဆွေဖွဲ့တဲ့ အပြုံးနဲ့ စည်းရိုးရင်းသားကိုလည်း အသာလေး ပထုတ်လိုက်သည်။

သား ထွက်သွားတော့မှ သူက စကားစလိုက်သည်။

"နွေခေါင်ခေါင့် သူငယ်ချင်းလား"

ကောင်မလေးက သွက်သွက်လက်လက်လေးပဲ ပြန်ဖြေပြီး မိတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်မနာမည် ဒွေးမယ်နော်ပါ"

"အားပါး...နာမည်တွေကတော့ အမိစားတွေချည်းပဲ နော် အဟွန်း...ဟွန်း"

"ကျေးဇူးပါပဲ"

"ကိုယ့်ကို တစ်ခုလောက် ကူညီနိုင်မလားဗျာ"

သူက နီဒါန်းတွေနဲ့ သွယ်ဝိုက်မနေတော့ဘဲ တည့်တည့် မေးလိုက်သည်။ ဒွေးမယ်နော်ဆိုတဲ့ ကောင်မလေးကလည်း ပါးနပ်သည်။

"ဟုတ်ကဲ့ ကျွန်မ ကူညီနိုင်တာဆို ကူညီပါမယ်"

"ကိုယ် နွေခေါင်ခေါင်ရဲ့ လိပ်စာနဲ့ဖုန်းနံပါတ် သိချင်လို့ပါ"

"သြော်...ဒါလား ရပါတယ်ရှင် ခဏလေးနော်"

ပြောပြောဆိုဆိုပဲ ကောင်မလေးက မှတ်စုစာအုပ်ရဲ့ စာရွက်တစ်ရွက်မှာ စာနည်းနည်းကောက်ရေးပြီး သူ့ကို လှမ်းပေးသည်။

နွေခေါင်ခေါင်ရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်တင် မကပါ။





အတန်းနဲ့ကျောင်းကိုပါ ထည့်ရေးပေးထားသေးတာမို့ သူက တကယ်ပဲ ကျေးဇူးတင်သွားရတော့သည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ် ကျွန်မအတွက် ဘာများအပန်းကြီးလို့လဲနော်"

"ကိုယ့်အတွက်ကတော့ တကယ့်အခက်အခဲပါဗျာ အဟွန်း...ဟွန်း"

"ကျွန်မကို ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီဗျာ"

ကောင်မလေး ထွက်သွားတာနဲ့ သူက ပျော်လွန်းလို့ လေချွန်လိုက်မိတော့တာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

"မမလေး ဖုန်းလာနေပါတယ်"

ထမင်းဝိုင်းမှာ ထိုင်ရုံပဲရှိနေသေးသည်။ ဖုန်းလာတယ်ဆိုတာကြောင့် နွေ့က ထမင်းစားခန်းကထွက်ပြီး ဖုန်းကိုင်ရတော့သည်။

နွေ ထွက်လာတော့ စူးစမ်းတဲ့အကြည့်နဲ့ သက်ပိုင်က လိုက်ကြည့်နေတာကိုလည်း နွေက သတိထားမိပြီး စိတ်ကတိုချင်နေရတော့တာ။

တကယ်ဆို သက်ပိုင်နဲ့ ထမင်းဝိုင်းမှာ မဆုံချင်လို့ နွေက ရှောင်နေဖို့ပါပဲ။ ဒါပေမဲ့ နွေ အဲဒီလိုလုပ်လိုက်ရင်





နွေ့ဘက်က ရုပ်ပျက်ရာ ရောက်နေမှာမို့ အသာလေးပဲ ဟန်မဆောင် ဘာမှမဖြစ်သလို နေနေရတာဖြစ်သည်။

အခု နွေ့ ဖုန်းဆိုတာနဲ့ လူကြီးနှစ်ယောက်ကတောင် ဘာမှမဖြစ်ပဲ သက်ပိုင်က ဖြစ်နေလိုက်တာများ...ဟွန်း အမြင်ကတ်လိုက်တာ။ အကြည့်တွေကိုက ပိုင်စိုးပိုင်နင်းနဲ့ ခွက်ဖက်ချင်တဲ့ အကြည့်တွေပေါ့။ စိတ်တိုတိုနဲ့ပဲ အနီရောင် ဖုန်းကလေးကို ကိုင်လိုက်တော့သည်။

"ဟဲလို"

"နွေရေ...ငါ မိနော်ပါဟဲ့"

မိနော်ဆိုတော့ နွေက အံ့ဩသွားရတော့တာ။ ပြီးတော့ ဒီမိန်းမအသံကလည်း ရေးကြီးသုတ်ပျာနဲ့မို့ ထူးဆန်းနေပြန်သည်။

"ဘာဖြစ်လို့လဲဟ၊ နင့်အသံက ထူးဆန်းနေတယ်"

"ဟုတ်တယ် ထူးဆန်းတယ် နွေ၊ မင်္ဂလာရှိအောင်ကို ထူးဆန်းတယ်၊ ဒီမှာ ဦးမင်းနေမျိုးက ငါ့ဆီကနေ နင်ရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ် လာတောင်းသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဟုတ်လား"

ဒိုင်းခနဲရင်ခုန်ပြီး နွေ့ နှလုံးသားလေးက မိုးပေါ်ပျံတက်သွားရသလိုမျိုး ခံစားရတော့သည်။

"အေး...သူ့သား ချာတိတ်လေးကလဲ ငါနဲ့စကားတွေလာပြောတယ် နွေ၊ အဲဒါ တကယ်ထူးဆန်းတာဟ၊ စကားပြောတော့လဲ အဲဒီကလေးက နှင့်ကိုပဲ မေးတာ နွေ၊ အမြေ အနေကို ကြည့်ရတာတော့ နှင့်ကို လာတောင်းရမ်းတော့ မလားပဲ"

"ဟိတ်...ရှတ်နောက်နောက်တွေ မပြောစမ်းပါနဲ့"

"ငါတကယ်ပြောတာ နွေ၊ လောလောဆယ်တော့ အဆောင်က မိန်းမတွေကြားထဲမှာ ငါက ဟီးရိုးဖြစ်သွားပြီပေါ့"

"ဘာဖြစ်လို့လဲ"

"ဦးမင်းနေမျိုးတို့ သားအဖ စကားတွေ လာပြောပေါ့"

"ဖြစ်ရမယ်"





"ကဲ...နှင်နဲ့တွေ့မှ ပြောစရာတွေ ဆက်ပြောမယ်နော်၊ အခု နှင့်ကို သတင်းကောင်းပါတာ နွေ၊ သတိလေးနဲ့သာနေပေတော့၊ မကြာခင် နှင့်ဆီကို နှင့်ကိုကိုက ဖုန်းပဲဆက်လား၊ လူကိုယ်တိုင်ပဲ လာမလား၊ တစ်ခုခုပဲ နွေ၊ ဒါပဲနော် ဘိုင်ဘိုင်"

မီနော်က ပြောချင်တာတွေကို ရှင်မြူးသွက်လက်စွာနဲ့ ပြောဆိုပြီး ဖုန်းချသွားတော့တာ။

နွေကလည်း ပျော်လွန်းလို့ ထမင်းဝိုင်းကိုတောင် မေ့သွားရတော့သည်။ ပျော်လည်းပျော် စိတ်လည်းလှုပ်ရှားရတာမို့ ထမင်းစားချင်တဲ့ စိတ်တွေပင် ပျောက်ဆုံးသွားရတော့တာ။

ထမင်းစားခန်းကို ပြန်လာခဲ့တဲ့ နွေ့ ခြေလှမ်းလေးတွေက ကြမ်းပြင်နဲ့ပင် မထိချင်တော့ပါ။

ထမင်းစားခန်း အဝကို ရောက်တာနဲ့ သက်ပိုင်ရဲ့ အကြည့်တွေနဲ့ တန်းတိုးရတော့သည်။ ရူးစမ်းစွက်ဖက်တဲ့ အကြည့်တွေကို နွေက မုန်းတီးသွားရတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကဖုန်းလဲ သမီး"

မေမေက ထမင်းစားနေရင်းကနေ မေးလိုက်တာပါ။

"နွေ့ သူငယ်ချင်းပါ မေမေ"

"လာ...လာ ထမင်းလာစား၊ သမီး မနေ့က ငါး သလောက်ပေါင်း စားချင်တယ်ဆိုလို့ ပေါင်းခိုင်းထားတာ ကောင်းမှကောင်းပဲ သမီးရေ"

"သန္တာ အရမ်းမစားနဲ့နော် သွေးတိုးနေမယ်"

"ဟုတ်ကဲ့ပါ ကိုရဲ့"

"ဒယ်ဒီ အရမ်းမစားနဲ့နော်"

နွေက သွေးတိုးရှိတဲ့ ဒယ်ဒီကို စိတ်ပူပြီး ပြောလိုက်တော့ ဒယ်ဒီက သဘောကျပြီး ရယ်မောနေသည်။

"လူတွေကလဲ ခက်တယ် သမီးရေ၊ မတည့်တာဆို ပိုပြီး ခံတွင်းတွေ့တယ်ဗျာ အဟွန်း...ဟွန်း"

"ဒါကြောင့် နွေက ခဏခဏ မချက်ခိုင်းတာပေါ့"

ရှင်ပျသွက်လက်နေတဲ့ နွေ့ကိုကြည့်ပြီး သက်ပိုင်က အတွေးတွေ ပွားနေမိတော့သည်။





စောစောကတော့ နွေ့မျက်နှာလေးက ညှိုးနွမ်းပြီးနေ တာပါ။ အခု ဖုန်းပြောပြီးပြန်လာမှ သွက်လက်ရွှင်ပျ နေ တာဆိုတော့ ဖုန်းဆက်တာ ဟိုငနဲကြီး ဖြစ်နိုင်သည်။

တွေးမိရုံလေးနဲ့ပဲ သက်ပိုင်က မနာလိုစိတ်တွေနဲ့ ပူလောင်ရတော့တာ။ အခြေအနေက အတော်ဆိုးနေပြီပဲ။

သူ့ဘက်က ပေါ့ဆနေလို့တော့ မဖြစ်တော့ပါ။ အနီး ဆုံးမှာ နေနေပြီး နွေ သူများရင်ခွင်ထဲ ရောက်သွားတာကို လက်ပိုက်ကြည့်နေလို့မဖြစ်။ ကြည့်နေနိုင်တဲ့ ခွန်အားလည်း သူ့မှာမရှိပါ။ နွေ့ကို လက်လွတ်ဆုံးရှုံးဖို့ဆိုတာ စဉ်းစားလို့ တောင် မရ။

ဘယ်သူနဲ့ပဲ နွေ ချစ်နေပါစေ၊ သူကတော့ နွေ့ကို ရအောင်ယူဖို့ပဲ ဆုံးဖြတ်ထားသည်။ သက်ပိုင်က ထမင်း စားရတာ အရသာမရှိဘဲ ဖြစ်နေရသည်။

ဒယ်ဒီရယ်၊ နွေရယ်၊ မေမေရယ်က စကားတွေပြောနေ ကြပြီး သူကတော့ ထမင်းဝိုင်းမှာထဲမှာ သူစိမ်းတစ်ယောက် ရောက်နေရသလိုမျိုးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"သား...ဟင်းတွေ ထည့်စားလေ"

"ဟုတ်ကဲ့ မေမေ"

"မင်း မျက်နှာကြည့်ရတာ မှုန့်ကုပ်ကုပ်နဲ့ ဘာဖြစ်နေတာလဲကွ၊ စက်ရုံမှာလဲ ဝန်ထမ်းတွေကို တအားဟောက်တာပဲဆို"

ဒယ်ဒီက သူ့ကို ပြောလည်းပြော မေးလည်းမေးသည်။

"အခုရက်ပိုင်းမှာ ကျွန်တော့်စိတ်တွေ သိပ်မကြည်လင်လို့ပါ ဒယ်ဒီ"

"ဟေ...ဘာဖြစ်လို့လဲကွ၊ ရည်းစားပူမိနေလို့လား"

ဒယ်ဒီက သူ့ကို စွဲ့ပြီးမေးတာပဲ ဖြစ်ပါလိမ့်မည်။ သူက တမင်ပဲ ဖြေလိုက်သည်။

"ဟုတ်တယ် ဒယ်ဒီ၊ ကျွန်တော် အချစ်ပူမိနေတာပါ"

"ဟော့ကောင်...ရွှတ်နောက်နောက် လုပ်မနေနဲ့"

ဒယ်ဒီက ထဟောက်သည်။ နွေ့ကို လှမ်းကြည့်လိုက်တော့ မှင်ကောင်ကောင်းနဲ့ ဟင်းချိုကိုပဲ အားရပါးရ သောက်နေသည်။





အဲဒီအချိန်မှာပဲ မိစောက လာပြောပြန်သည်။

"မမလေး ဖုန်းလာနေတယ်"

"အေး...လာပြီ...လာပြီ"

နွေက ဘာစ်ချက်ကလေးတောင် မတုံ့ဆိုင်းဘဲ ထမင်းဝိုင်းကနေ အပြေးအလွှား ထွက်သွားတဲ့ အခါမှာတော့ သက်ပိုင်က ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ ထမင်းဝိုင်းကနေ သူပါထွက်လာ ခဲ့လိုက်မိတော့သည်။

သူ့ရင်ဘတ်ထဲမှာ အချစ်မီးတွေ တောက်လောင်နေရပါပြီ။

ကလေးနှစ်ယောက်ရဲ့ အရိပ်အကဲကိုကြည့်ပြီး လူကြီးနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်အဓိပ္ပာယ်ပါဖွေတဲ့အကြည့်နဲ့ ကြည့်မိတော့သည်။

"ကလေးတွေ ဘာဖြစ်နေတာလဲ သန္တာ"

"မသိပါဘူး ကိုရယ်"

"သား မျက်နှာက အရမ်းပျက်နေတာပဲ၊ ထမင်းစားတာလဲ စိတ်မပါ လက်မပါနဲ့ဗျာ၊ သမီး နွေရဲ့ မျက်နှာကတော့



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပါတယ်၊ ဒါပေမဲ့ ထမင်းစားတဲ့ အထဲမှာတော့ ဓိတ်ပါတဲ့ပုံ မရှိဘူး သန္တာ၊ နှစ်ယောက်စလုံး တစ်ခုခုဖြစ်နေတာတော့ သေချာတယ်"

"ရန်တွေ ဘာတွေ ဖြစ်ထားကြတာပဲ နေမှာပေါ့ကိုရယ်၊ ဒါငယ်ငယ်ကတည်းက ဖြစ်နေကျပဲလေ"

ဒေါ်သန္တာက ခင်ပွန်းသည်ကို ပေါ့ပေါ့ပါးပါးလေးပဲ ပြောလိုက်တာပါ။

သမီးနွေနဲ့ သားသက်ပိုင် ဘာတွေဖြစ်နေတယ် ဆိုတာကိုတော့ ဒေါ်လုံး ပြောပြထားလို့ သိပြီးနေပါပြီ။

သားက သမီးကို ရည်းစားစကား ပြောသတဲ့လေ၊ ဒေါ်လုံးကတော့ အတော်ဝမ်းသာနေတဲ့ပုံပါ။ ဒေါ်လုံးက ဒီကလေးနှစ်ယောက်ကို လက်ထပ်ပေးဖို့ချည်းပဲ အကြံပေးနေတဲ့သူ မဟုတ်လား။

ဒေါ်သန္တာကတော့ ကလေးနှစ်ယောက်ကို အသာလေး အကဲခတ်နေတာပါ။ သား မောင်သက်ပိုင်ရဲ့ အကြည့်တွေကတော့ သမီး နွေ့ဆီမှာချည်းပါပဲ။ သားရဲ့ မျက်လုံးထဲမှာ





အချစ်ရဲ့ အရိပ်သဏ္ဌာန်တွေကိုလဲ အကဲခတ်လို့ရသည်။ ဒါပေမယ့် သမီးကို ကြည့်ရတာတော့ သိပ်မထူးခြားပါ။

မိန်းမချင်းမို့ ဒေါ်သန္တာက ကောင်းကောင်း သိနေသည်။ သမီး နွေက မောင်သက်ပိုင်အပေါ်မှာ မရိုးမသားစိတ်ကစားတဲ့ ဟန်ပန်သွင်ပြင်မျိုး လုံးဝရှိမနေပါ။

သမီးဆီမှာ စိတ်ဝင်စားရမယ့်သူ ချစ်ရမယ့်သူ ရှိနေပြီလားလို့ ဒေါ်သန္တာက တွေးမိသည်။ ကိုယ့်ကတော့ သမီးကို မောင်သက်ပိုင်နဲ့ပဲ နီးစပ်သွားစေချင်တာပါ။ ဒါဆို ပစ္စည်းခန်းကအစ ဘာမှပြောစရာမလိုတော့ ဒီမိဘနှစ်ဦး ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာအားလုံးကို သားနဲ့သမီး အတူတူ ပိုင်ဆိုင်ရုံပဲ ဖြစ်သည်။

သူ့စိမ်းတွေနဲ့ လက်ထပ်ရင် အမွေကိစ္စက စကားပြောရဦးတော့မှာ။ အမွေကိစ္စ တစ်ခုတည်းကြောင့် ကလေးနှစ်ယောက်ကို နီးစပ်စေချင်တာတော့လည်း မဟုတ်ပါ။ ဒေါ်သန္တာကိုယ်တိုင်လည်း မောင်သက်ပိုင်ကို သားအရင်းလို ချစ်နေမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက် နီးစပ်သွားရင်တော့ အကောင်းဆုံးပါပဲ။ နီးစပ်အောင်ဖွတ်အတင်း စီစဉ်တာမျိုးတော့ ဒေါ်သန္တာဘယ်တော့မှ လုပ်မည်မဟုတ်ပါ။ သမီး ဆန္ဒရှိမှပဲ ပေးစားမှာပါ။ ကိုယ့်တုန်းကလည်း မိဘဆန္ဒကြောင့် နာကျင်ကြေကွဲ ခဲ့ရသေးတာဆိုတော့ ကိုယ်သားသမီး အပေါ်မှာလည်း စာနာထောက်ထားမိပါသည်။

"သန္တာ ဘာတွေများ တွေးနေတာလဲဗျာ"

"သြော်... ကလေးတွေကလဲ ကြီးလာကုန်ပြီ၊ ပေါက်စနလေးတွေ မဟုတ်တော့ဘူးလို့ တွေးနေတာပါ ကိုရယ် အဟင့်...ဟင့်။ သန္တာတို့ လက်ထပ်တုန်းက တကယ့်ကလေးအရွယ်လေးတွေပဲနော် ကို၊ သူတို့နှစ်ယောက် ရန်ခဏခဏဖြစ်လို့ ကြိုးနဲ့ပူချည်ထားတာကို မှင်မိနေသေးတယ်"

"ဟုတ်ပါ့ဗျာ အခုဆို သားက ကျောင်းပြီးလို့ အလုပ်တောင်ဝင်နေပြီ။ သမီးကလဲ နောက်ဆုံးနှစ် ကျောင်းသူကြီးဖြစ်နေပြီး မကြာခင် ကျောင်းပြီးတော့မယ် ကို သန္တာ့ကိုပြောစရာရှိလာပြီဗျာ"





ဒေါ်သန္တာက ထိတ်ခနဲ ဖြစ်သွားမိသည်။

"အဟင့်...ပြောလေ ကိုရယ်"

"သားနဲ့ သမီးကို လက်ထပ်ပေးရရင် မကောင်းဘူးလားဗျာ"

ချစ်ခင်ပွန်းက လေသံလျော့ပြီး ပြောနေတာပါ။

"ကောင်းတာပေါ့ ကိုရယ်၊ ဒါပေမဲ့ ကလေးတွေရဲ့ဆန္ဒမပါရင်တော့ သန္တာ ဘာမှမလုပ်ချင်ဘူး ကို၊ ကိုယ်ချင်းစာတယ်လေ"

"ဟုတ်တာပေါ့ ကိုတို့နှစ်ယောက်စလုံး လူကြီးတွေကြောင့် အသည်းကွဲခဲ့ဖူးတာကို မမေ့သေးပါဘူးဗျာ အဟွန်း...ဟွန်း၊ ကိုတို့ရဲ့သားသမီးတွေကို အပေါ်မှာလဲ ငါမိဘပဲ လုပ်ချင်သလိုလုပ်မယ် စီစဉ်ချင်သလို စီစဉ်မယ်ဆိုတဲ့ စိတ်မျိုး မထားပါဘူး၊ သန္တာ ကလေးတွေကို အရင်တီးခေါက်ကြည့်လေ"

"ဟုတ်ကဲ့ ကို"

"ကိုကတော့ စိတ်အေးချင်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သန္တာလဲ ကို့လိုပါပဲရှင်"

ဒေါ်သန္တာတို့ လင်မယားက နားလည်နွေးထွေးတဲ့ အကြည့်တွေနဲ့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြ တော့တာ။

* * *



BURMESE CLASSIC .com

# အခန်း (၁၂)

ထိုအချိန်တွင် နွေကလည်း ရင်ခုန်မောပန်းစွာနဲ့ ဖုန်းပြောနေမိတာပါ။ တစ်ဖက်က ဖုန်းပြောနေတဲ့သူက နွေ့ ရင်ထဲက တိတ်တခိုး ချစ်မြတ်နိုးနေရတဲ့ ကိုကို ဖြစ်နေတာကိုး။

"နွေ...ဘာလုပ်နေလဲဗျာ"

"နွေ...ထမင်းစားနေတာလေ"

"ဟောဗျာကိုယ်ကြောင့် နွေ ထမင်းစား ပျက်ရပြီပေါ့၊ ဆောရီးပဲဗျာ၊ ကိုယ်ကလဲ ထမင်းစားချိန်ကိုတောင် မေ့သွား ရတယ်လေ၊ ဖုန်းနံပါတ်ရတာနဲ့ ဖုန်းဆက်ချင်တာပဲ သိတော့



www.burmeseclassic.com

www.burmeseclassic.com



တာ အဟွန်း...ဟွန်း"

ရင်ခုန်ရလွန်းလို့ နွေက ဘာတွေပြောရမှန်းကို မသိအောင်ပါပဲ။

“နွေ”

“ရှင်”

“ကိုယ် ဖုန်းဆက်တဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်နေပြီးလားဗျာ”

ဒီမေးခွန်းကိုတော့ နွေက ခပ်မြန်မြန်ပဲ ဖြေမိတော့ဟာ။

“အို...မဖြစ်ပါဘူးရှင်”

“ကိုယ့်ကို အခွင့်အရေးယူတယ်လို့ မထင်ပါနဲ့ဗျာ၊ ကိုယ် နွေ့ဆီကို အလည်လာချင်ပါတယ်”

“ဟို...ကျောင်းကိုလာခဲ့လေ”

ပြောမိပြီးမှ နွေက ရှက်နေမိပြန်သည်။ အရမ်းလွယ်တယ်လို့ ကိုကို ထင်သွားရင်လည်း အခက်နော်။

ဟန်ကြီးပန်ကြီးနဲ့ ပဲများပြီး အင်းမလုပ် အဲမလုပ်လည်း မလုပ်ချင်ပါဘူး၊ တော်ကြာ ကိုကို စိတ်ပျက်ပြီး နောက်ဆုတ်





သွားရင် နွေပဲခံစားပြီး ကျန်ရစ်ခဲ့ရမှာ။

ဒါကြောင့် နွေက ဟန်ဆောင်မနေဘဲ နွေ့ နှလုံးသားတံခါးလေးကို ကိုကို မြင်သာရုံအသာလေး ဟထားပေးမိတော့တာ။

“မနက်ဖြန်ခါ ကိုယ် လာခဲ့မယ်နော်”

“ဟုတ်ကဲ့”

“ကိုယ်ဖုန်းချလိုက်တော့မယ်နော်”

“ဟုတ်ကဲ့”

ဖုန်းချလိုက်တော့မယ်ပြောပြီး ကိုကိုက ဖုန်းကိုတော်တော်နဲ့ မချဘဲ ကိုင်ထားသည်။ နွေ ဖုန်းချလိုက်တော့မှ ကိုကိုကလည်း ဖုန်းချသွားတော့သည်။

ကိုကို့အသံကို မကြားရတော့လည်း နွေ့ ရင်ထဲမှာ ဟာသွားရပြန်တာ။ မနက်ဖြန်ခါဆို ကိုကိုက ကျောင်းကိုလာခဲ့မယ်တဲ့။ နွေကတော့ မနက်ဖြန်ခါကို မြန်မြန်ရောက်ချင်ပါပြီ ကိုကိုရယ်။

နွေက ထမင်းစားခန်းကို ပြန်သွားဖို့ လုံးဝမေ့လျော့



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ကိုယ့်အခန်းကိုယ် တန်းပြေးပြီးအချစ်စိတ် အချစ်သွေးတွေ ဖြည့်လျှမ်းနေတဲ့ မျက်နှာလှလှလေးကိုပဲ မှန်ထဲမှာ ကြည့်မိနေတော့သည်။

ကိုကိုရယ်...

ကိုကိုဆီက အချစ်တွေကို မျှော်လင့်တကြီးနဲ့ နွေ တောင်းတနေပါတယ် ရှင်။

နွေက မျက်ဝန်းလေးမှေးယှက်ပြီး စိတ်ကူးနဲ့ ကိုကို့ အနမ်းတွေကို ခံယူလိုက်မိတော့တာ။

BURMESE CLASSIC .com

မရှက်ပါဘူး ကိုကိုရယ်။

နွေ ကိုကို့ကို ချစ်တယ်။

အဲဒီအချိန်မှာ သက်ပိုင်ကလည်း စိတ်လှုပ်ရှားမှုတွေနဲ့ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိတော့တာ။

နွေ ဖုန်းပြောနေတဲ့ အချိန်မှာ သူက အပေါ်ထပ်က ဖုန်းကနေ ခိုးနားထောင်လိုက်တာပါ။ ဒီတော့မှ နွေနဲ့ ဟိုကလေးအဖေ ချစ်သူတွေအဆင့်ထိ မရောက်သေးဘူးဆိုတာကို သူ အသေအချာ သိလိုက်ရတော့တာ။





သိရတာ ဝမ်းသာမိသားသည်။ နွေ့ကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားဖို့အတွက်လည်း ပိုပြီးအားကြိုးမာန်တက်ဖြစ်သွားရတော့သည်။

အချိန်ဆိုင်းနေလို့ မဖြစ်တော့ပါ။ သူ နှေးကွေးနေရင် သူများရင်ခွင်ထဲကို ရောက်သွားလိမ့်မည်။ လူကြီးတွေကို ပြောပြီး နွေ့ကို ပိုင်ဆိုင်ဖို့ ကြိုးစားရင်လည်း ကြာနေဦးမှာပါ။

ပြီးတော့ ဒယ်ဒီနဲ့ မေမေတို့ရဲ့ သဘောထားကိုလည်း သူတီးမိခေါက်မိ ပြီးသားပါ။ နွေကသာ သူ့ကို လက်မခံနိုင်ပါဘူးလို့ ငြင်းရင် လူကြီးတွေက အတင်းတိုက်တွန်းပြီး စီစဉ်မှာ မဟုတ်တာ သေချာသည်။

ဒီတော့ တရားတာ မတရားတာ အပထား၊ နွေ့ကို ပိုင်ဆိုင်ဖို့ အောက်လမ်းနည်းနဲ့ပဲဖြစ်ဖြစ် ညစ်ပတ်တဲ့နည်းနဲ့ပဲဖြစ်ဖြစ် သူ ကြိုးစားပါတော့မည်။

အချစ်ကြောင့် သက်ပိုင်က အတ္တတွေ ကြီးလာရတော့သည်။ ဆုံးရှုံးရမှာ ကြောက်တဲ့စိတ်ကြောင့် ဘာကိုမှ မငဲ့ချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ နွေ့အချစ်ကို ဒီနေ့ညပဲ ရအောင်ယူဖို့ သူက ဆုံးဖြတ်လိုက်မိတော့သည်။

အပြင်မှာ မှောင်နေပြီ။ သက်ပိုင်က အဝတ်အစားလဲပြီး ထွက်လာခဲ့လိုက်သည်။

ဆိုင်ကယ်သူ့သွားဖို့ လုပ်ပြီးမှ မယူတော့ဘူးလို့ တွေးလိုက်သည်။

"ကိုကိုကြီး"

ကားဂိုဒေါင်က ပြန်အထွက်မှာ နောက်က ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ မိစော ဖြစ်နေသည်။

"ဘာလဲ"

ဒီကောင်မလေး သူ့ကို ငေးကြည့်တတ်တာ၊ သူ့အခန်းရှင်းတဲ့အခါ အကြာကြီးနေတတ်ပြီး လူလစ်ရင် သူ့ဓာတ်ပုံတွေကို ခိုးနမ်းတတ်တာ သူသိနေတာမို့ သက်ပိုင်က ခပ်မှန်မှန်ပဲ နေသည်။

ဒီအရွယ်ဆိုတာ စိတ်ကစားတတ်တဲ့ အရွယ်လေ၊ ဒီကောင်မလေး သူ့အပေါ်မှာ စိတ်ကစားနေတာကို သိပေမဲ့ အခွင့်အရေးသမား မဟုတ်တဲ့သူက မသိချင်ယောင် ဆောင်နေတာပါ။





ကိုယ့်အိမ်မှာ အလုပ်လုပ်နေသူလေးအပေါ် ရိုင်းစိုင်းစုတ်ပဲ့ပြီး ပန်းကောင်းအညွန့်ချိုး လုပ်ဖို့ စိတ်တောင်မကူးမိပါ။ အခု နွေ့ကို ကြံစည်မိတာကလည်း လက်လွတ်ဆုံးရှုံးသွားရမှာ ကြောက်လွန်းလို့ နွေ့ကို ချစ်ရလွန်းလို့ နွေ့ကို လက်ထပ်မှာမို့လို့ ဖြစ်သည်။

"ကိုကိုကြီးရဲ့ ပိုက်ဆံအိတ် ကျန်ခဲ့လို့ပါ"

"အေးပေးပေး"

သူက အပိုတွေမပြောဘဲ မိစောရဲ့ လက်ထဲက ပိုက်ဆံအိတ်ကို လှမ်းယူလိုက်သည်။

စိတ်ထဲမှာတော့ သိပ်ဘဝင်မကျချင်၊ သူ့အခန်းထဲမှာ သူ့ပိုက်ဆံအိတ် မေ့ကျန်ခဲ့တာကို မိစောကသိပြီး ချက်ချင်းလိုက်လာပေးတယ်ဆိုတော့ ဒီကောင်မလေး သူ့ကို စောင့်ကြည့်နေလို့ပဲ ဖြစ်မှာပေါ့။

"မိစော"

"ရှင် ကိုကိုကြီး"

"ညကျရင် နောက်ဖေးတံခါးကို သော့မခတ်ထားနဲ့နော် ငါ အိမ်ပြန်နောက်ကျချင် ကျမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်...ဟုတ်ကဲ့ မိစော မီးစော တံခါးစောင့်ဖွင့်ပေးပါ့မယ်"

"နှင်စောင့်စရာ မလိုဘူး၊ တံခါးသော့မခတ်ဖို့ပဲပြောတာ"

"ဟုတ်ကဲ့"

သက်ပိုင်က ခပ်တည်တည် မျက်နှာထားကြီးနဲ့ မိစောအနားကနေ ထွက်လာခဲ့လိုက်တော့သည်။

ဟာ...စိတ်ကစားတတ်တဲ့ အရွယ်လေးတွေနဲ့ ဆက်ဆံရတာ မလွယ်ပါလား၊ သူ့နေရာမှာ ခပ်ဆိုးဆိုး ပေါ့ပေါ့ရမ်းရမ်းနဲ့ လက်သွက်ခြေသွက် တခြားယောကျ်ားတစ်ယောက်ဖြစ်နေမယ်ဆိုရင် ဒီကောင်မလေးတော့ မလွယ်ဘူးလို့ သက်ပိုင်က တွေးလိုက်မိတော့သည်။

ဒီအတွေးတွေက နွေ့ဆီမှာပဲ ရှိနေတာမို့ အရေးမပါတဲ့ တခြားတစ်ယောက် အကြောင်းကို သူလုံးဝ မတွေးချင်တာပဲ ဖြစ်သည်။

* * *



## အခန်း (၁၃)

"ကိုကိုကြီး ရယ်"

ဘာအကြောင်းမှ မရှိပါဘဲနဲ့ ကိုကိုကြီးရဲ့ ကျောပြင်ကို ကြည့်ရင်း မိစောကမျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးကျလာရတော့သည်။

မိစောမှာတော့ ကိုကိုကြီးကိုချစ်လိုက်ရတာ ကိုကိုကတော့ဖြင့် မိစောကို စကားပြောရင်တောင် မျက်နှာတည်ကြီးနဲ့ပါ။

ဖြူးပြရယ်ပြပြီး ရောရောနှောနှောနေဖို့ ဆိုတာကတော့ဝေးကြီးပါ။ ကိုကိုကြီးက မိစောကို မတူမတန်သလိုဆက်ဆံနေတာပဲ ဖြစ်မှာပေါ့။

အင်းလေ...ကိုကိုကြီးက မမလေးကို ချစ်နေတာဆို



www.burmeseclassic.com

www.burmeseclassic.com



နေတော့ မိစောကို စိတ်ဝင်စားမှာတဲ့လား။ မိစောကသာ ကိုယ့်အခြေအနေ ကိုယ်မသိဘဲ စိတ်ကူးတွေ ယဉ်နေမိတာ။

အခုလည်း ဆိုင်ကယ်မပါ၊ ကားမပါဘဲ ကိုကိုကြီး ထွက်သွားတာကို မိစောက မနေနိုင် မထိုင်နိုင် စိတ်ပူပေးနေမိပြန်သည်။

ညစာ ထမင်းဝိုင်းမှာ ကိုကိုကြီး မျက်နှာပျက်နေတာကို မိစောသိသည်။ မမလေးရဲ့ ဖုန်းကို ကိုကိုကြီး ခိုးနားထောင်နေတာလဲ မိစော သိတာပါပဲ။ ပြီးတော့ ကိုကိုကြီးက အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်၊ သက်ပြင်းတွေချလိုက်လုပ်ပြီး အတော်ကြာမှ ထွက်သွားတာပါ။

ဘာတွေများဖြစ်နေတာလဲ မိစော သိချင်လိုက်တာ။ ကိုကိုကြီး ဘာတွေခံစားနေရတာလည်း မိစောလည်း မျှဝေခံစား ပေးချင်ပါသည်။

အိမ်ထဲပြန်ဝင်ပြီး မီးဖိုခန်းမှာ အိုးခွက်ပန်းကန်ပေ သိမ်းဆည်းဆေးကြောနေပေမဲ့ မိစောရဲ့ စိတ်တွေက ပျံလွ





နေတော့တာ။

"မိစော"

"ရှင်"

ကြီးကြီးလုံး ခေါ်တော့ မိစောမှာ အလန့်တကြားလေး ဖြစ်သွားရတော့သည်။

"ရော့...နင့် မမလေး အခန်းကို သွားပို့ပေး"

"ဟုတ်"

အငွေ့တထောင်းထောင်းထနေတဲ့ နွားနို့ခွက်ကို လှမ်းယူတော့ ကြီးလုံးက မိစောကိုဆူသည်။

"လက်ကို ရေစင်အောင်သုတ်ဦးလေ ကောင်မလေးရဲ့၊ နွေက ဒီလောက်အသန့်ကြိုက်တာ"

"ဟုတ်ကဲ့"

ရေစိုနေတဲ့ လက်ကို ရေစင်အောင် သုတ်နေရင်းနဲ့ မိစောက မျက်ရည်တွေဝဲရပြန်သည်။

ဩော်...လူချင်းတူပေမဲ့ ကံချင်းက မတူဘူးနော်၊ မမလေးကျတော့လည်း ကံကောင်းလိုက်တာ၊ ရုပ်ရည်လေး



www.burmeseclassic.com

www.burmeseclassic.com



ကလည်းလှ၊ ပိုက်ဆံကလည်းချမ်းသာ၊ ချစ်ခင်သူတွေက လည်း ဝိုင်းဝိုင်းလည်လို့။

မိစောဘဝကျတော့လည်း ကံဆိုးလိုက်တာ၊ မိဘက ဆင်းရဲလွန်းလို့ ကျောင်းတက်ချင်တာလည်း မတက်ရ။ ပြီးတော့ သူများအိမ်မှာလည်း အလုပ်လုပ်ရသည်။ ရတဲ့လခကိုလည်း မိစောမှာ တစ်ပြားမှသုံးရတယ်လို့မရှိ၊ အမေတို့ကပဲ ကြိုကြိုထုတ်ယူသွားတာပါ။

ဒါပေမဲ့ ဒီအိမ်ကအရမ်းကောင်းလို့ မိစောမှာ ကောင်းကောင်းစား လှလှဝတ်ပြီး တစ်သွေးတစ်မွေး ဖြစ်နေရတာ။ အဝတ်ဆိုလည်း မမလေးရဲ့အကျႌဝတ်တွေ ဝတ်လို့တောင် မကုန်။ အကောင်းစားမုန့်တွေလည်း စားရသည်။ ထမင်းဟင်းဆိုလည်း အကောင်းတွေချည်း စားရတာပါ။

"ဟဲ့...ကောင်းကောင်းကိုင်နော်၊ ငူငူငိုင်ငိုင် လုပ်မနေနဲ့ မိစောတို့များ လူကသာကြီးလာတာ ပြောဆိုနေရတုန်းရှိသေးတယ်၊ စိတ်ချထားလို့ကို မရဘူး"

မိစော တွက်လာတော့ ကြီးကြီးလုံးက ပွစိပွစိပြောပြီ





ကျန်ခဲ့သည်။

မမလေးရဲ့ အခန်းထဲကို ရောက်တော့ ထူးထူးဆန်းဆန်း မမလေးက မှန်တင်ခုံရှေ့မှာထိုင်ပြီး အလှပြင်နေသည်။

ပြီးတော့ မမလေး ပုံစံက သွက်လက်ရွှင်ပျလို့ပါ။

"လာ...မိစော ဒီကိုယူလာခဲ့"

"မမလေးက လှလိုက်တာ"

"အဟင့်...မိစောကို မုန့်ဖိုးပေးရဦးမယ်"

"ဟာ...မလိုချင်ပါဘူး မမလေးရယ်"

"မိစောရော နေကောင်းရဲ့လား"

"ကောင်းပါတယ် မမလေး"

"ရော့...ရော့" မုန့်ဖိုးယူရပြန်သည်။

"ခုတလော မိစောလဲ အရမ်းလှတယ်ဟော့၊ ထွားလဲ အရမ်းထွားလာတယ်၊ ဒါနဲ့ နင့်အသက် ဘယ်လောက်ရှိသွားပြီလဲဟင်"

"ဆယ့်ခုနစ်နှစ်ထဲ ဝင်နေပါပြီ မမလေး"

"မိစော တို့အိမ်ကိုရောက်တာ သုံးနှစ်လောက်ရှိပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ရောက်စက မည်းတူးပိန်ခြောက်လေး တကယ့်
ကလေးပဲ ရှိသေးတာ၊ အခုတော့လဲ ထွားလာလိုက်တာများ
တကယ့်မိန်းမကြီးဖြစ်နေပြီ အဟင့်...ဟင့်"

မမလေးက ရယ်မောပြီး စကားတွေ ပြောနေတော့တာ၊

ဒါကိုကြည့်ရုံနဲ့ မမလေး စိတ်ပျော်ရွှင်နေတယ်ဆိုတာကို
မိစောက အကဲခတ်မိသည်။ ကိုကိုကြီးကတော့ စိတ်ညစ်နေ
တဲ့ပုံစံပါ။ မိစောက ကိုကိုကြီးကို သနားမိတာမို့ အရဲစွန့်ပြီး
မေးလိုက်မိတော့တာ။

"မမလေးနဲ့ ကိုကို ရန်ဖြစ်ထားတာလားဟင်"

"ဟင်...ဘာဖြစ်လို့လဲ မိစောရဲ့"

"ကိုကိုကြီးကိုကြည့်ရတာ မျက်နှာမကောင်းဘဲ ဖြစ်နေ
လို့ပါ၊ မမလေးနဲ့ မခေါ်ဘူးလားဟင်"

"ခဏပါဟယ် ဒီလိုပဲရန်ဖြစ်နေကျပါ၊ ပြီးတော့
ပြီးသွားတာပဲလေ၊ နေပါဦး မိစောက ဘာဖြစ်လို့ မေးတာလဲ"

"ဟို...ကိုကိုကြီးကို သနားလို့ပါ"





"အမယ်လေး မသနားနဲ့၊ သနားစရာ မလိုဘူးနော်"

အဲဒီအချိန်မှာပဲ ကြီးကြီးလုံးက မိစောကို လာခေါ်တာမို့
မမလေးနဲ့ စကားစ ပြတ်သွားရတော့သည်။

"မိစောရေ"

"ရှင့် ကြီးကြီးလုံး"

"လာပါဦးအေ"

"ဟုတ်ကဲ့"

"မမလေး မိစော သွားဦးမယ်နော်"

"အေး...အေး"

ကြီးကြီးလုံး ခိုင်းတာတွေ လုပ်ပေးနေရင်း မိစောက
အိပ်ငိုက်လာသည်။

ဒါပေမဲ့ အိပ်လို့မဖြစ်သေးပါ။ ကိုကိုကြီးက နင်
တံခါး စောင့်ဖွင့်ပေးစရာ မလိုဘူးလို့ ပြောထားပေမဲ့
မိစောကတော့ စောင့်ပေးရပါမည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

"နွေ...နွေရယ်"

ဘီယာမူးပြီး သက်ပိုင်ရဲ့ စိတ်တွေဟာ တစ်ချက်တစ်ချက် လွတ်ထွက်ကုန်သည်။

"ဟေ့ကောင်...အသံပြဲကြီးနဲ့ အော်မနေနဲ့"

သူနဲ့နွေ့ အကြောင်းကို သိနေတဲ့ သူ့သူငယ်ချင်းက တားသည်။

"ငါ နွေကို ရချင်တယ်ရာဇာ"

"အေးလေ အဲဒါ ငါ့ကိုပြောလို့ ဘာထူးမှာလဲ၊ နွေ့ကို သွားပြောပေါ့ကွ"

"ငါပြောပြီးပြီ ရာဇာ ပြောပြီးသွားပြီကွ၊ နွေက





ငါ့ကို အရေးမလုပ်ဘူး"

"အရေးမလုပ်ရင် အရေးလုပ်အောင် ဖက်နမ်းပစ်လိုက်ပေါ့ကွာ အဟား...ဟား"

"ဟုတ်တယ် ငါလဲ အဲဒီလိုပဲ စိတ်ကူးထားတယ်၊ ပြောနေကြာပါတယ်ကွာ၊ ခုပဲအိမ်ပြန်ပြီး နွေ့ကို ဖက်နမ်းပစ်မယ်"

ယိုင်တီးယိုင်ထိုးနဲ့ သူထရပ်တော့ ရာဇာက အလန့်တကြား ပြောသည်။

"ဟေ့ကောင် ငါက အလကားနောက်နေတာနော်၊ မူးပြီး တကယ်သွားလုပ်မနေနဲ့၊ ပြဿနာတွေ တက်ကုန်လိမ့်မယ်"

"ငါပြန်တော့မယ် ရာဇာ"

"ဟေ့ကောင်...တကယ်သွားမလုပ်နဲ့နော်"

သူငယ်ချင်း သူ့ကိုစိုးရိမ်တကြီး တားနေသည်။

"ကျွတ်...မင်း မသိပါဘူးကွာ"

သက်ပိုင် ခေါင်းထဲမှာ ရီဝေနေပါပြီ။ လူက ဘီယာ



www.burmeseclassic.com

www.burmeseclassic.com



လာသလို သူ့နှလုံးသားတွေကလည်း အချစ်မူးလာပြီဖြစ်သည်။

ကြားနေရတဲ့ အသံအားလုံးက နွေ့ စကားသံတွေဖြစ်ပြီး မြင်နေရတဲ့ အရာမှန်သမျှက နွေ့ ပုံရိပ်တွေ ဖြစ်နေလောက်အောင်ကို အချစ်တွေနဲ့ မူးယစ်နေမိတော့တာ။

"ဟော့ကောင်...မင်း ထပ်မသောက်နဲ့တော့နော်"

"မသောက်တော့ဘူး ဟော့ကောင်၊ ဘာမှုစိတ်မပူနဲ့ ငါ့ကိုငါသိတယ်၊ ငါအရမ်းမူးနေပြီ"

"လာ...လာ ငါ မင်းကိုပြန်ပို့ပေးမယ်"

"ရတယ်...ရတယ် ငါတက္ကစီနဲ့ပဲ ပြန်တော့မယ်"

"လာစမ်းပါကွာ"

သူငယ်ချင်းက သူ့ကို အတင်းဆွဲခေါ်ပြီး ကားနဲ့ ပြန်ပို့ပေးသည်။

"ရာဇာကြီး"

"ဟေ"

"ငါနဲ့ နွေနဲ့ နီးစပ်ပါ့မလားကွာ"

"တစ်အိမ်တည်း နေတာပဲကွာ၊ မနီးစပ်ဘဲ ရှိပါ့မလား၊





လူကြီးတွေကလဲ သဘောတူမှာပါ"

"ငါကတော့ စိုးရိမ်တယ်ကွာ"

"ကျွတ်...စိုးရိမ်ရင်လဲ နွေခေါင်းခေါင်ကို ခိုးပြေးပေါ့ကွာ"

"အိုကေ မင်းပေးတဲ့အကြံ မဆိုးဘူး"

"ဟော့ကောင် ငါပြောတာ အဟုတ်မှတ်ပြီး လျှောက်လုပ်လို့ သောက်ကျိုးနည်းတွေ ဖြစ်ကုန်မယ် သက်ပိုင် ကြားလား"

ရာဇာ ပြောနေတာတွေကို သူက မကြားတစ်ချက် ကြားတစ်ချက်နဲ့ မူးယစ်ရီဝေနေတော့တာ။

ဒီလိုနဲ့ သူ့ကို ရာဇာက ခြံဝအထိ လိုက်ပို့ပေးပြီး လှည့်ပြန်သွားသည်။ ဘီယာအရှိန်ရယ် ကားစီးလာတဲ့အတွက်ရယ်ကြောင့် သူ့ခေါင်းထဲမှာတော့ ချာချာလည်နေလေပြီ။

ခြံတံခါးကို သော့ဖွင့်တော့ မနည်းဖွင့်ရသည်။ ခြံထဲရောက်သွားတော့ သူက အိမ်ကြီးဆီကို ချက်ချင်းမသွားနိုင်သေးဘဲ မြက်ခင်းပေါ်မှာ ခဏလှဲအိပ်နေရသေးသည်။

အချစ်ကြောင့်လား ဘီယာကြောင့်လားတော့ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ မှုံးနေတာဟော့ အမှန်ပဲဖြစ်သည်။ မြက်ခင်းပေါ်မှာ ပက်လက်လှန်အိပ်ရင်း အိမ်ကြီးကိုကြည့်လိုက်တော့ အလင်း တစ်ဝက် အမှောင်တစ်ဝက်နဲ့ပါ။

နွေ့ အခန်းဆီက ညအိပ်မီးသီး ပြာလဲ့လဲ့အရောင်လေး ဖြာကျနေတာကို တွေ့ရသည်။

နွေရယ်...

အချစ်ရယ်...

အိပ်နေပြီလားဗျာ

သက်ပိုင်က နွေ့ဆီသွားဖို့အတွက် အင်အားအပြည့်နဲ့ ထရပ်လိုက်မိသည်။ တိုက်ရှေ့ တံခါးမကြီးဘက်ကို သွားမိပြီးမှ နောက်ဖေးတံခါးသော့မခတ်ဖို့ မှာထားခဲ့တာကို သတိပြန်ရ လိုက်တာမို့ သူက နောက်ဖေးဘက်ကို လာခဲ့ရတော့သည်။

ဒီအချိန်ဆို တိုက်ရှေ့ဝင်ပေါက် တံခါးမကြီးကို သော့တွေ အထပ်ထပ် ခတ်ထားပြီးနေပါပြီ။

နောက်ဖေးတံခါးကို အသာတွန်းလိုက်တာနဲ့ တံခါးက အလွယ်တကူပဲ ပွင့်သွားတော့တာ။ သက်ပိုင် သူ့ကိုယ်သူ





မနည်းထိန်းပြီး အိမ်ထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ အမှောင် ထဲမှာ တစ်စုံတစ်ယောက်နဲ့ ဝင်တိုက်မိတော့သည်။

"အား"

ဟာ...ဒါ ဒါ နွေ့ အသံပဲ။

နူးညံ့တဲ့ အထိအတွေ့လေးကို သူ့ဦးနှောက်က နွေပါ ပဲလို့ ချက်ချင်းပဲ လက်ခံလိုက်တာမို့ လွတ်ထွက်သွားမှာ စိုးရိမ်တကြီးနဲ့ သူက အတင်းပဲ ဖက်ထားလိုက်မိတော့သည်။

"နွေ...နွေရယ်"

"အို"

"နွေရယ်...အရမ်းချစ်တာပဲ"

"ဟာ...လွှတ်...လွှတ်ပါ"

အသံတိုးတိုးလေးကို သူက လုံးဝအရေးမစိုက်ဘဲ ပိုတိုး ဖက်ထားလိုက်တဲ့အပြင် အမှောင်ထဲမှာ ရှာဖွေပြီး ချစ်သူရဲ့ ပါးရည်နှုတ်ခမ်းလေးကို အငမ်းမရ နမ်းလိုက်မိတော့တာ။

အစပိုင်းမှာတော့ သူမလေးက ရုန်းနေသေးသည်။ သူ့အနမ်းတွေ ပြင်းထန်ကြမ်းတမ်းလာတဲ့ အခါမှာတော့



www.burmeseclassic.com

www.burmeseclassic.com



သူမလေးလဲ မရုန်းနိုင်တော့ပဲ သူ့ရင်ခွင်ထဲမှာ အလိုက်သင့်လေးနဲ့ သူ့အချစ်တွေကို လက်ခံလိုက်သလေတော့သည်။

"အရမ်းချစ်တာပဲ အချစ်ရယ်၊ အရမ်းချစ်တယ်ကွာ"

"အို"

မိစောက မရုန်းနိုင်တော့ဘဲ ကိုကိုကြီးရဲ့ ရင်ခွင်ထဲမှာ ခွေသွားရတော့သည်။

နွေရယ်လို့ ကိုကိုကြီးရဲ့ နှုတ်ဖျားက တစ်ချက်ညည်းညူတိုင်း မိစောရဲ့ နှလုံးသားလေးက ဓားထက်ထက်နဲ့ အမွှန်းခံနေရသလို နာကျင်နေရတော့တာ။

ကိုကိုကြီး ချစ်နေတာ မိစောကို မဟုတ်ဘူး၊ မမလေးကို ဆိုတဲ့ အဆုံးအစမဲ့တဲ့ အချစ်ပင်လယ်ပြင်မှာ မိစောက မိုက်မိုက်မဲမဲ ကူးခတ်နေမိတော့တာ။

မိစောနဲ့ ကိုကိုကြီးက မီးဖိုခန်း အမှောင်ထဲမှာပါ။ တကယ်ဆို...

ကျွန်မ မိစောပါလို့ပြောပြီး ကိုကိုကြီးကို လွှတ်အောင် ရှောင်ရင်ရတာပါပဲ။ ဒါပေမယ့် မိစောကိုယ်တိုင်က မရှော





နိုင်တာပါနော်။

ကိုကိုကြီးပေးတဲ့ ဆန်းပြားတဲ့ အချစ်တွေကို ရင်ခုန်လိုက်မောစွာ လက်ခံယူပြီး အသိပြန်ဝင်လာမိတော့ ကိုကိုကြီးရဲ့ ရင်ခွင်ထဲမှာ မှေးမှိတ်နေရာကနေ မိစောက ထွက်ပြေးလာခဲ့မိတော့သည်။

"ကိုကိုကြီးရယ် မိစောအဖြစ်နဲ့ ကိုကိုကြီးကို ရင်မဆိုင်ရဲပါဘူးရှင်"

"အင်းခနဲ ရှိုက်ငိုသံလေးနဲ့ သူ့ရင်ခွင်ထဲကနေ နွေ ပြေးထွက်သွားတော့မှပဲ သက်ပိုင်က သတိပြန်ဝင်လာမိတော့သည်။

ဘီယာအရှိန်လည်း လျော့ကျသွားပြီဆိုတော့ သူက အဖြစ်အပျက်တွေကို ချက်ချင်းပဲ ဖမ်းဆုပ်မိသည်။ သူ နွေ့ကို အကြမ်းပတမ်း ချစ်မိသွားပါရောလား။ နွေ့ဆီမှာ အပျိုစင်ပန်းလေးကို သူ ခူးယူမိသွားပါရောလား။

အမှောင်ထဲမှာ ကျင့်သားရလာတဲ့ မျက်လုံးတွေကြောင့် သူရောက်နေတာ မီးဖိုခန်းဆိုတာ သိလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေနဲ့ သူ ဒီနေရာမှာ ဘယ်လိုတွေ့မိတာလဲ။ သက်ပိုင် သူ့မှတ်ဉာဏ်တွေကို ပြန်ခေါ်ကြည့်မိသည်။

နွေက သူပြန်လာတာကို မီးဖိုခန်း တံခါးဝကနေ စောင့်နေတာလား၊ မဟုတ်သေးပါဘူး၊ နွေက စောင့်နေပါမလား၊ စောင့်နေရအောင် သူသွားတာကိုရော နွေ သိလို့လား။

တွေးရင်း သူ့ခေါင်းထဲမှာ ရိဝေလာပြန်သည်။

နေဦး...နောက်ဖေးတံခါး သော့မခတ်ထားနဲ့လို့ သူ မိစောကို မှာခဲ့မိတယ်။ မိစောက သူ့ကို တံခါးစောင့်ဖွင့်ပေးမယ်ပြောလို့တောင် မလိုဘူးလို့ သူပြောခဲ့သေးတယ်။ ဒါဆို စောစောက သူ ချစ်ပစ်လိုက်တာ နွေ မဟုတ်ဘဲ မိစော များလား။

"အာ"

အတွေးကြောင့် သူက အလန့်တကြား ဖြစ်သွားရတော့သည်။ အခန်းမီးကို အမြန်ဖွင့်လိုက်တော့ မီးဖိုခန်းရဲ့ ကြမ်းပြင်မှာ စံပယ်ပန်းပွင့်လေးတွေ နှမ်းကြဲနေတာကို တွေ့လိုက်ရသည်။





ဒီအိမ်မှာ ညနေတိုင်း စံပယ်ပန်းတွေခူးပြီး ပန်ဆင်တတ်တဲ့ သူတစ်ယောက်တည်းပဲ ရှိပါသည်။

အဲဒီတစ်ယောက်က သူချစ်မိနေတဲ့ နွေ မဟုတ်ပါ။ မိစောပဲ ဖြစ်သည်။

အဲဒီခဏမှာပဲ သက်ပိုင်က ဘာလုပ်ရမှန်း မသိတော့ဘဲ ရူးသွပ်ချင်မိ သွားရပါတော့သည်။

သွားပြီ...

သူအမှားကြီး မှားသွားခဲ့ပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

နွေ့ အိပ်ရာက ခါတိုင်းထက်စောပြီး နိုးလာသည်။

နွေ့ စိတ်တွေက ကိုကိုနဲ့တွေ့ဖို့ပဲ ဆန္ဒစောနေတာလေ။ ညက ကိုကို့အကြောင်းတွေးရင်း အိပ်ခဲ့တာမို့ ကိုကိုက နွေ့ အိပ်မက်ထဲကိုတောင် ရောက်လာခဲ့တာပါ။

အိပ်မက်ထဲမှာ ကိုကို့ အနမ်းတွေက ရင်ဖိုစရာပါကွယ်၊ နွေ့ အိမ်မက်က သူများတွေကို ပြောပြလို့မဖြစ်တဲ့ အိပ်မက်မျိုးပါ။

မှန်ရှေ့ကို အပြေးအလွှားသွားပြီး ကိုကို နမ်းခဲ့ဖ နှုတ်ခမ်းလေးကို ကြည့်မိသည်။ အဟင့်...အိပ်မက်မို့သာပေ





နော်။

ကိုကိုရယ်...

ခွဲလမ်းမှုဆိုတာ ဒါပဲဖြစ်မယ် ထင်တယ်နော်။ အချိန်တိုင်းပါပဲရှင်၊ နွေ့ကို နာရီတိုင်း စက္ကန့်တိုင်း ကိုကို စိုးမိုးထားတာပါကွယ်။

ကိုကိုက ချစ်တယ်လို့ပြောရင် နွေကတော့ ဟန်ဆောင်မနေနိုင်တော့ပါဘူး၊ ကိုကို့ အချစ်ကို ချက်ချင်းပဲ လက်ခံလိုက်တော့မှာပါ။

အိပ်ရာက အစောကြီးနိုးပြီး ရင်ထဲမှာ ဆာသလိုကို ဟာတာတာကြီး ဖြစ်နေတာမို့ နွေက မီးဖိုခန်းဘက်ကို ဆင်းလာခဲ့လိုက်တော့တာ။

တစ်အိမ်လုံးက တိတ်ဆိတ်လို့ ခါတိုင်းဆို ကြီးကြီးလုံးကို တွေ့နေကျပေါ့။ ဒီနေ့ ဘယ်ရောက်နေပါလိမ့်လို့ တွေးမိပြီးမှ ဒီနေ့ဈေးဝယ်တဲ့ နေ့ဆိုတာကို နွေက သတိရလိုက်မိသည်။

ဒါဆို ကြီးကြီးလုံးနဲ့ မိစောကတော့ ဈေးသွားနေကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဒါကြောင့် အောက်ထပ်တစ်ထပ်လုံးက တိတ်ဆိတ်နေတာပေါ့။

ဒီအချိန်ဆို မေမေနဲ့ဒယ်ဒီက ဘုရားခန်းမှာပဲ ရှိနေဦးမည်။ ခါတိုင်းဆိုရင် နွေကလည်း ကောင်းကောင်းအိပ်နေတုန်းအချိန်ပေါ့။

ဒီနေ့မှပဲ အစောကြီးနိုးရတာလေ။ ကိုကိုရဲ့ ဆွဲငင်အားက ပြင်းထန်လိုက်တာနော်။

နွေက ကိုယ့်အတွေးနဲ့ကိုယ် မီးဖိုခန်းတံခါးဝကို ရောက်လာတဲ့ အချိန်မှာပဲ ငိုရှိုက်သံ တိုးတိုးလေးကို ကြားရတော့တာ။

ရုတ်တရက်တော့ နွေက ကြောင်အ သွားမိသည်။ ဘယ်သူငိုနေတာလဲ။နွေက ခြေသံမကြားအောင် ဖွဖွနင်းပြီး မီးဖိုခန်းထဲ ချောင်းကြည့်လိုက်တော့ ကြမ်းပြင်ပေါ်မှာ ကျုံ့ကျုံ့လေးထိုင်ပြီး ကြေကြေကွဲကွဲ ငိုနေတဲ့ မိစောကို တွေ့လိုက်ရသည်။

"မိစော"

နွေ ခေါ်လိုက်တဲ့ အသံကို ကြားတာနဲ့ မိစောက





ချက်ချင်းပဲ မတ်မတ်ပြန်ရပ်လို့ မျက်ရည်တွေ သုတ်နေစေတော့တာ။

"မိစော ဘာဖြစ်လို့လဲဟင် ဘာဖြစ်လို့ ငိုနေရတာလဲ"

နွေက မိစောရဲ့ ပခုံးလေးကိုဖက်ပြီး ကြင်ကြင်နာနာနဲ့မေးလိုက်မိတာပါ။ နွေ့ ရင်ထဲမှာ မိစောကို ကိုယ့် ညီမလေးလိုသံယောဇဉ်တွေနဲ့ ကြင်နာနေမိတာဖြစ်သည်။ မိစော ငိုနေတာကို တွေ့ရတော့ နွေ့ရင်ထဲမှာ တကယ် မကောင်းပါ။

"ဟင့်အင်း...ဘာ...ဘာမှမဖြစ်ပါဘူး မမလေး"

မိစောက မျက်စိမျက်နှာပျက်နဲ့ ငြင်းနေတော့တာ။

"မမလေးကို မညာပါနဲ့ မိစောရယ်၊ ဘာမှ မဖြစ်ဘဲနဲ့ ဘယ်သူမှ မငိုပါဘူးနော်၊ ကဲ...ပြောစမ်းပါ ဘာဖြစ်လို့လဲ"

မမလေး မေးမှပဲ မိစောက ပိုငိုချင်လာရတော့သည်။

မိစောအဖြစ်ကို ဘယ်လိုမျက်နှာနဲ့ ပြောပြရမှာလဲ မမလေးရယ်၊ ညက အဖြစ်အပျက်ဟာ ကိုကိုကြီးရဲ့ အပြစ် မဟုတ်ပါဘူး မိစောရဲ့အပြစ်ပါ။

ကိုကိုကြီး ယုတ်မာလို့ ဖြစ်ရတဲ့ကိစ္စ မဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



မိစောကိုယ်တိုင် မရှောင်နိုင်ပဲ တည့်တည့်ဝင်တိုးလို့ ဖြစ်သွားရတဲ့ ကိစ္စပါ။

"အိး...အဟင့်...ဟင့်"

မိစောရဲ့ ရှိုက်သံတွေက ပိုကျယ်လောင်လာတော့သည်။ မမလေးကလည်း အတင်းပဲ ချော့မော့ပြီး မေးနေတော့သည်။

"ပြောလေ မိစောရယ်၊ မမလေးကိုမှ မပြောပြရင် မိစော ဘယ်သူ့ကို ပြောမှာလဲဟင်၊ ဘာလဲ မမလေးကို မယုံလို့လား"

"ဟင့်အင်း...မဟုတ်ပါဘူး"

"ဒါဆိုပြောလေကွယ်"

"တကယ် တကယ် ဘာမှမဖြစ်တာပါ မမလေးရယ်၊ အမေနဲ့ အဖေ့ကို သတိရလို့ ငိုနေတာပါ"

"ဟုတ်ရဲ့လားဟယ်"

မိစောက အတင်းမျက်စိမှိတ်ပြီး မမလေးကို လိမ်ညာလိုက်မိတော့သည်။





အမှန်အတိုင်းပြောလို့ ဖြစ်ပါ့မလားနော်၊ တော်ကြာ ပြဿနာတွေ ကြီးကုန်မှာပေါ့။ ကိုကိုကြီးက မိစောကို မမလေးလို့ထင်ပြီး ချစ်ခဲ့တာပဲ။ အခုထိ မိစောပါလို့ သိမှာမဟုတ်ဘဲ ။ မိစောကို စွပ်စွဲကြမှာလည်း ကြောက်မိသည်။

ကိုကိုကြီးကို တမင်မြူဆွယ်တာပါလို့ ထင်ကုန်ရင် ခက်ဘူးလားနော်။ သူများတွေ ထင်မှာထက် ကိုကိုကြီးကိုယ်တိုင် အဲဒီလိုထင်ရင် မိစော ရင်ကွဲရမှာပါ။

"တကယ်ပါ မမလေးရယ်၊ ညကလေ ညတုန်းက အိပ်မက်မကောင်းဘူး၊ .အိပ်မက်ထဲမှာ အမေနဲ့အဖေက အဝတ်အစားအသစ်တွေ ဝတ်ထားတယ်တဲ့၊ နေမှကောင်းရဲ့လားလို့ တွေးမိပြီး မိစော ငိုမိတာပါ"

စိတ်ကူးထဲပေါ်ရာ အကြောင်းပြချက်ကို ပြောပြီး မိစော မမလေး ရှေ့မှာ ရင်ပွင့်အောင် ငိုချလိုက်တော့တာ။

"မိစောရယ် အဖေနဲ့အမေကို သတိရရင် ခဏပြန်လည်ပေါ့၊ မမလေး လိုက်ပို့ပေးမယ်၊ မငိုနဲ့တော့နော် ကိတ်...တိတ်"



www.burmeseclassic.com

www.burmeseclassic.com



မမလေးက မိစောရဲ့ ပခုံးကိုဖက်ထားသည်။ ဒီတော့ ပိုဝမ်းနည်းပြီး ပိုငိုမိတော့တာပေါ့။

အဲဒီအချိန်မှာပဲ သက်ပိုင်ကလည်း မီးဖိုခန်းအဝကို ရောက်လာတာပါ။ စောစောစီးစီး လာခဲ့ရတာတဲ့ ရည်ရွယ်ချက်က မိစောနဲ့ တွေ့ဖို့ပါ။

အခု ငိုသံနဲ့ စကားပြောသံတွေကို ကြားရတာမို့ သူ့ခြေလှမ်းတွေက တန့်သွားရတော့သည်။

"ညတုန်းက ညတုန်းက... လို့ ရှိုက်သံနဲ့ ပြောနေတဲ့ မိစောရဲ့ အသံတစ်ခွန်းတစ်စကို ကြားလိုက်ရတော့ သူ့မှာ ခေါင်းနားပန်းကြီးသွား ရတော့သည်။

ခြေလှမ်းတွေ ရပ်တန့်ပြီး ဇောချွေးတွေလည်း ချက်ချင်း ပြန်ကုန်တော့သည်။ မိစော ဘယ်သူနဲ့ စကားပြောနေတာလဲ ငိုယိုပြီး ပြောနေပုံထောက်ရင် ညက သူချစ်ပစ်ခဲ့မိတာ မွေ မဟုတ်ဘဲ မိစော ဖြစ်နေတာ ပိုသေချာနေပြီပေါ့။

ညက သူတစ်ညလုံး အိပ်မရခဲ့ပါ။ သက်ပိုင် ကိုယ်တိုင်က တာဝန်မဲ့တဲ့ သွေးသားသောင်းကျန်းတဲ့ အားငယ်သူအပေါ်





အခွင့်အရေးယူ အညွန့်ချိုးတတ်တဲ့ ယောကျ်ားတွေကို မုန်းတီးတဲ့သူပါ။

သူမုန်းတီးတဲ့ ယောကျ်ားမျိုး သူကိုယ်သူတော့ အဖြစ်မခံနိုင်။ ကိုယ့်အပြစ်ကိုယ် ခံရဲတဲ့ သတ္တိရှိဖို့ တစ်ညလုံးပဲ သူ့ကိုယ်သူ ဆုံးမသွန်သင်ခဲ့တာပါ။

ဒါကြောင့်ပဲ မိစောကိုတွေ့ပြီး ညက ကိစ္စကိုမေးဖို့ သူလာခဲ့တာဖြစ်သည်။ ညကသူ မူးမူးနဲ့ ချစ်ပစ်လိုက်တဲ့ သူဟာ မိစောမဟုတ်ပါစေနဲ့လို့ မွေပဲ ဖြစ်ပါစေလို့ ဆုတောင်းနေခဲ့ရတာလဲ တစ်ညလုံးပါပဲ။

ပြီးတော့ မရိုးမသားတဲ့ အကြံအစည်တွေနဲ့ မွေ့အချစ်ကို အရယူဖို့ ဆုံးဖြတ်မိခဲ့တဲ့ သူရဲ့လုပ်ရပ်အတွက်လည်း နောင်တရနေ မိတော့သည်။

သူသာ ရိုးသားခဲ့ရင် ညက အမှားမျိုး မှားဖို့ရာ အကြောင်းမရှိပါ။ အခုလည်း အပြစ်ရှိသူမို့ သူ့မှာ ရှေ့တိုးရခက်ခက် ဖြစ်နေရတော့တာ။

မိစော ဘယ်သူကို ပြောပြနေတာလဲဆိုတာ သိချင်လို့



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်း တံခါးဝနဲ့ နီးကပ်အောင် တိုးလာလိုက်တော့မှ မထင်မှတ်ဘဲ နွေ့အသံကို ကြားလိုက်ရတော့သည်။

"မငိုပါနဲ့ဘော မိစောရယ်၊ မိစော စိတ်ချမ်းသာဖို့ မမလေး ကူညီမယ်နော် တိတ်...တိတ်"

"အဟင့်...အဟင့် မိဘော မိစောလေ"

ဟာ...သွားပြီ။

သက်ပိုင်က ထမင်းစားခန်းထဲကနေ အမြန်ဆုံးထွက်လာခဲ့လိုက်ရတော့သည်။

မိစောက နွေ့ကို ပြောပြနေတာပဲ။ သူ အနေနဲ့ နွေ့ဘယ်လိုမျက်နှာချင်းဆိုင် ရတော့မှာလဲ။ နွေက သူ့ကို လူယုတ်မာ တစ်ယောက်လို့ မြင်သွားလောက်ပါပြီ။ နွေ့အချစ်ကို ရဖို့ကတော့ သူ့အတွက် အဝေးဆုံးဖြစ်သွားရပါပြီ။

နွေနဲ့သူ နီးစပ်အောင် ဒယ်ဒီနဲ့မေမေလည်း လုပ်ပေးနိုင်မှာ မဟုတ်တော့ပါ။ အခုနေမှာ နွေက သူ့အချစ်ကို လက်ခံရင်တောင် နစ်နာသွားရတဲ့ မိစောကို သူ စဉ်းစားပေးရပါတော့မည်။





ပန်းကောင်းအညွန့်ချိုး လုပ်ပစ်တဲ့ သူလို့ အစွပ်စွဲမခံနိုင်ပါ။

"အာ့"

သက်ပိုင်က ခြံထဲ ပြေးဆင်းပြီး စင်္ကြားပင်နဲ့ သူ့ခေါင်းကို ပြေးတိုက်လိုက်မိတော့သည်။ သူ ရူးချင်နေမိပါပြီ။ သူ့အတွေးထဲမှာ နွေနဲ့ မိစောက တစ်လှည့်စီပါပဲ။ မိစောကို သူ ဒီအတိုင်း ပစ်ထားလို့မရပါ။ အခု သူနဲ့ မိစောရဲ့ကိစ္စကို နွေ သိသွားပြီဆိုတော့ သူ့ဘက်က ယောကျ်ားကောင်းပီသပြရပါတော့မည်။

ဘာလုပ်ရမလဲ...

နွေ သူ့ရှေ့ကို ရောက်လာပြီး...

သက်ပိုင် မိစောကိစ္စ ငါသိတယ်နော်၊ နင် ဘယ်လိုတာဝန်ယူမှာလဲလို့ တည့်တည့်ကြီးလာမေးတဲ့ အချိန်ထိ စောင့်နေရမှာလား။ ဒါမှမဟုတ် ဒယ်ဒီနဲ့မေမေ သိသွားပြီး သူ့ကို မေးတဲ့အထိ စောင့်နေရမှာလား။

မဟုတ်သေးပါဘူး၊ တာဝန်သိတယ်ဆိုတာ သူမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာ ဖိအားပေးစရာမလိုဘဲ ကိုယ့်ဘာသာကိုယ် သိတာကို ပြောတာပဲ မဟုတ်လား။

သက်ပိုင်က မိစောဆီ သွားနိုင်ဖို့ ခွန်အားတွေ ရရှိအောင် တစ်ယောက်တည်း ကြိုးစားလိုက်ရတော့သည်။

နွေရယ်...

နင့်ကို ချစ်ပေမဲ့ ငါ့အပြစ်ကိုငါ ခံယူပါမယ်ဟာ။

* * *



# အခန်း (၁၆)

"သမီး ကျောင်းသွားမှာ စောလှချည်လား"

"အွန်ဟင့်...ဆရာမတစ်ယောက် နေမကောင်းတာ သွားသတင်းမေးဖို့ ချိန်းထားလို့ မေမေ"

နွေက မလုံမလဲတော့ ဖြစ်မိသား။ ကော်ဖီဝိုင်းမှာ သက်ပိုင် မပါဝင်ဘဲ ခုံတစ်နေရာလွတ်နေသည်။

"သားလဲ အစောကြီးပဲ ထွက်သွားတယ်၊ ကို ခိုင်း ထားလို့လားဟင်"

"မခိုင်းပါဘူးဗျာ၊ သူ့ဘာသာသူ အလုပ်တွေ ကြိုးစား နေတာပါ အဟွန်း...ဟွန်း၊ မဟုတ်မှလွဲရော ဒီကောင်မိန်း



www.burmeseclassic.com

www.burmeseclassic.com



ယူချင်နေပြီ ဖြစ်မယ်ဗျာ”

ဒယ်ဒီ စကားကြောင့် နွှေက နည်းနည်းတော့ အနေခက်သွားမိသည်။

သဘောကျိုးနဲ့ ပြောတာမှ ဟုတ်ရဲ့လားလို့လည်း တွေးမိပြန်သည်၊ သက်ပိုင်က လူကြီးတွေကို အပူကပ်ထားလို့များလား ဒယ်ဒီတို့ကို ကြည့်ရတာလည်း တစ်ခုခုဖြစ်နေသလိုပါပဲ။

“မိန်းမယူချင်နေတော့လဲ ပေးစားလိုက်ရုံပေါ့ ကိုရယ်၊ အိမ်ထောင်ကျသွားရင် သိပ်ပူပင်စရာ မရှိတော့ဘူးပေါ့”

“ဟုတ်ပါဗျာ ဒါနဲ့ သမီးကရော ဘယ်လိုလဲကွ အပျိုကြီးလုပ်မှာလား”

“အဟင့်...အပျိုကြီးတော့ မလုပ်ပါဘူး ဒယ်ဒီရယ်”

“စကားကြုံတုန်း မေးရဦးမယ် သမီးမှာ ရည်းစားတွေဘာတွေ ရှိနေပြီလားကွယ်”

မေမေက မေးတာပါ။ ရှိတယ်လို့ ဖြေရအောင်လည်း တကယ်မှ မရှိသေးတာနော်၊ မရှိပါဘူးလို့ ပြောရအောင်လည်း





မဟုတ်သေးတာမို့ နွှေက ခယုတ်မလွန်လေးပဲ ဖြေလိုက်ရတော့သည်။

“ခုတော့ မရှိသေးပါဘူး မေမေ”

မေမေကလည်း ပါးနပ်ပါသည်။

“အဟင့်...ဒါဆို မကြာခင် ရှိလာတော့မယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား အဟင့်...ဟင့်”

နွှေက အင်းမလုပ် အဲမလုပ်နဲ့ ရယ်မောပြီးတော့ပဲ ကော်ဖီဝိုင်းကနေ ထွက်လာခဲ့လိုက်တော့သည်။

မေမေတို့က တီးခေါက်နေပြီဆိုတော့ နွှေ့ဘက်ကလည်း ပြင်ဆင်ထားမှပါ။ တော်ကြာ သက်ပိုင်နဲ့ လက်ထပ်ပေးမယ် ဘာညာလုပ်ရင် မခက်ဘူးလားနော်။

နွှေ့ဘက်က ရိုးသားသလိုမျိုး သက်ပိုင်ဘက်က ရိုးသားတယ်ဆိုရင်တော့ ဘာပြဿနာမှ မရှိနိုင်ပါ။ လူကြီးက စီစဉ်ခဲ့ရင်တောင် နှစ်ယောက် တညီတညွတ်တည်း ငြင်းလိုက်ရုံပေါ့။

အခု သက်ပိုင်က နွှေ့ အပေါ်မှာ မရိုးမသားဆိုတွေ



www.burmeseclassic.com

www.burmeseclassic.com



နွေ့ဘက် ကာကွယ်ထားမှပဲ ဖြစ်တော့မှာပါ။

ကိုကိုရယ်...

နွေ့ကို အချစ်တွေ အမြန်ပေးပါတော့နော်။

နွေ့ အိမ်က ထွက်လာတော့ အစောကြီးပဲ ရှိသေးတာ။

ဒီလောက် စောစောစီးစီး ကျောင်းကို တစ်ခါမှမရောက်ဖူးတဲ့အတွက် နွေ့မှာ အူကြောင်ကြောင်နဲ့ပါ။

ကိုကိုကသာ မေ့လျော့ပြီး ရောက်မလာခဲ့ရင် နွေ သေသွားနိုင်သည်။ ကားပါကင်မှာ ကားကိုရပ်ပြီး နွေ့က ကားပေါ်မှာပဲ ထိုင်နေမိတဲ့အချိန်မှာ နွေ့ ရင်းနှီးနေတဲ့ ကားလေးတစ်စင်းက နွေ့ ကားအနားမှာ လာရပ်လိုက်တော့တာ။

ကိုကိုလို့ ဝမ်းသာအားရနဲ့ ခေါ်လိုက်မိတော့မလို့ ဖြစ်သွားပြီးမှ နွေ့က မနည်းကြီးပဲ ထိန်းချုပ်ထားလိုက်ရတော့တာ။

"ဟိုင်း..."

ကိုကိုက နွေ့ကို ဘိုဆန်ဆန်နှုတ်ဆက်ပြီး ကားပေါ်ဆင်းလာသည်။





နွေ့မှာတော့ ရင်တွေခုန်ပြီး အသက်ရှူဖို့ကိုပါ မေ့လျော့နေရတော့တာ။ ကိုကိုက နွေ့ ကားနံဘေးမှာရပ်ပြီး နွေ့ကို ခပ်ရူးရူး စိုက်ကြည့်လို့ ရင်ထဲက လာတဲ့အသံနဲ့ ပြောတော့တာ။

"ညက လုံးဝ အိပ်မပျော်ဘူးဗျာ၊ နွေ့ဆီ လာဖို့ကိုပဲ တွေးတောနေမိတယ်လေ၊ ကိုယ်ကျောင်းကို ရောက်တော့ ကျောင်းတံခါးတောင် မဖွင့်သေးဘူး"

"အို..."

"နွေ့..."

"ရှင်..."

"ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို တွေ့မိတဲ့ အချိန်ကစပြီး အချိန်တိုင်း သတိရနေမိတာဟာ ဘာကြောင့်လဲဗျာ"

"အို..."

နွေ့က ဘာမှမပြောနိုင်ဘဲ ခေါင်းလေးငုံ့လို့ ငြိမ်သက်နေတဲ့ အချိန်မှာပဲ ကိုကိုက နွေ့ မျှော်လင့်တောင့်တနေမိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်စကားတွေကို သွက်သွက်ကြီး ပြောချတော့လေတော့သည်။

"နွေရယ် ကိုယ် နွေ့ကို ချစ်နေမိနေပြီဗျာ၊ ကိုကို့ဘဝမှာအချစ်ဆိုတာ မရှိခဲ့ဖူးပါဘူး။ မိန်းမတွေနဲ့လဲ ခပ်ကင်းကင်းပဲ နေခဲ့ပါတယ်၊ နွေ့ကို မတွေ့ရသေးခင်အထိ ကိုကို့ရဲ့ တူလေးကိုပဲ သားအမှတ်နဲ့ တစ်သက်လုံး ပြုစုစောင့်ရှောက်ပြီး နေသွားတော့မယ်လို့ စိတ်ကူးထားခဲ့ပါဗျာ..."

"........."

"ဒါကြောင့်ပဲ ဘယ်မိန်းကလေးကိုမဆို ကိုယ့်ကိုယ်ကို ကလေးတစ်ယောက် အဖေအဖြစ်ပဲ အသိပေးခဲ့တာပါ.."

"နွေနဲ့ကျတော့ ကိုယ်ကို ကလေးအဖေလို့ တကယ် ထင်ပြီး နွေ စိတ်မဝင်စားတော့မှာကို အရမ်းစိုးရိမ်မိပြ ရောလေ"

"သားသားဟာ ကိုကို့အစ်မက မွေးထားတဲ့ ကိုကို့ တူအရင်းလေးပါ နွေရယ်၊ ကိုယ့်မှာ ချစ်သူလဲ မရှိပါဘူ အိမ်ထောင်လဲ မရှိပါဘူး၊ ကိုယ်ဟာ ရိုးသားအေးဆေး အရမ်းချစ်တတ်တဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ။ ကို





အချစ်ကိုလက်ခံပြီး ကိုယ်နဲ့လက်ထပ်လိုက်တဲ့အတွက် နွေ ဘယ်တော့မှ နောင်တမရစေရပါဘူးနော်၊ ကိုကို့ကို လက်ခံပါဗျာနော်"

ဘုရားရေ..

ပြောမယ့်ပြောတော့လည်း ဒီလောက်တောင်မှပဲ ဖြန့် ဖန်ရသလားနော်။ နွေမှာ ရင်တွေခုန်ရလွန်းလို့ ဒုက္ခရောက် တော့မယ်။

"နွေ ကိုကို့ကို တစ်ခုခုပြောပါဗျာ"

"ဟင်...နွေက ဘာပြောရမှန်းတောင် မသိတော့ပါ ဘူးရှင်"

"အရမ်းမြန်ဆန်တယ်ဆိုပြီး ကိုကို့ အချစ်ကို သံသယ တော့ မဝင်လိုက်ပါနဲ့ နွေရယ်၊ ကိုကို နွေ့ကို ပေါ့ပေါ့တန်တန် ချစ်မိျူးနဲ့ချစ်တာ မဟုတ်ပါဘူးဗျာ၊ ကိုယ့် အသက်အရွယ်က ပျော်ချစ်ပြီး အချစ်နဲ့ကစားရမယ့် အရွယ်မျိုးလဲ မဟုတ် တော့ပါဘူးဗျာ၊ နွေကသာ လက်ခံရင် ဒီနေ့ပဲ လူကြီးစုံရာနဲ့ ကို လာတောင်းရမ်းပါမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်မောပန်းပြီး စိတ်လှုပ်ရှားနေရဘဲ့ ကြားထဲကပဲ နွေက ရယ်ချင်သွားရတော့သည်။ ကြည့်ပါဦး ကိုကို ပြောနေတဲ့ပုံစံက ကလေးဆိုးကြီးတစ်ယောက်နဲ့ တူမနေဘူးလား နော်။

"ဘုရားရေ နွေ့ကို ဟင်းရွက်ကန်စွန်း ဝယ်သလိုမျိုးများ သဘောထားနေတာလားဟင်"

"ဟာ...မဟုတ်ရပါဘူးဗျာ၊ နွေ့ကို ဘကယ်ချစ်မိ နေလို့ပါ"

နွေက ကားထဲမှာထိုင်နေပြီး ကိုကိုကတော့ ကားအပြင်ကနေ ကုန်းကုန်းကွကွနဲ့ စကားပြောနေတာမို့ နွေကအားနာ မိသေးတာ။

"ဟိုလေ အခုလိုကြီး စကားပြောနေတာ သောကမြင်လို့ မကောင်းဘူး ထင်တယ်နော်"

"ဆောရီးဗျာ ကိုကိုက ရင်ခုန်ခြင်းနဲ့ အချစ်လွဲပြီ ဘာကိုမှ မသိတော့ဘူး၊ ဟို...နွေ ကားထဲမှာ ကိုယ်ဝင်ထိုင်လို့ ရမလား"





"ရ...ရပါတယ်"

ပြောပြီးမှ နွေက ရှက်ရပြန်သည်။ ကိုကို ကားထဲမှာ ဝင်ထိုင်လိုက်တာနဲ့ နွေ့မှာ စိတ်လှုပ်ရှားရလွန်းလို့ အသက်ရှူ တွေ မြန်ဆန်လာရတော့တာ။

အချစ်တွေ ပြည့်လျှမ်းနေတဲ့ ကိုကိုရဲ့ အကြည့်တွေနဲ့ နွေ ဘယ်လိုမှ ရင်မဆိုင်နိုင်ပါ။ နွေ့ မျက်ဝန်းတွေကို တွေ့ လိုက်တာနဲ့ နွေ့ ရင်ထဲက အချစ်တွေကို ကိုကို သိသွားတော့ မှာ သေချာတာမို့ နွေက ခေါင်းလေးကိုပဲ အတင်းငုံ့ထားမိ တော့တာ။

"နွေ..."

"ရှင်..."

"ကိုကို့ အချစ်ကို လက်ခံပါဗျာနော်...နော်။ နွေကသာ ငြင်းလိုက်ရင် ကိုကို ဘဝတစ်ခုလုံး သေဆုံးသွားရမှာပါ"

"ဟို...နွေ နွေ စဉ်းစားချင်သေးတယ်"

နွေ့ အသံလေးက တိုးတိုးတိမ်တိမ်လေးပဲ ဖြစ်သွား ရတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ရယ် ဘယ်လောက်ကြာအောင် စဉ်းစားမှာ လဲဗျာ၊ ကိုကို့ကို ပျော်ရွှင်ခွင့်လေး အမြန်ပေးပါဗျာ"

ကိုကို့အသံတွေက လှိုက်လှဲတုန်ခါနေတာမို့ နွေ့ ရင်ထဲမှာ ခံစားရပြန်သည်။

နွေကိုယ်တိုင် ချစ်နေပါလျက်နဲ့ စဉ်းစားပါဦးမယ်လို့ ပြောတာဟာ နွေ့ကိုယ်နွေ ညှဉ်းပန်းရာရောက်သလို ကိုကို့ကိုလည်း နှိပ်စက်သလို ဖြစ်နေမှာလို့ နွေက တွေးနေမိတော့တာ။

"နွေရယ် ကိုကို့ကို ကြည့်ပါဦးဗျာ"

"အို...ဟင့်အင်း"

ကိုကို့ကို ကြည့်လိုက်တာနဲ့ နွေ့ မျက်ဝန်းထဲကနေ နွေ့ရင်ထဲက အချစ်တွေကို ကိုကို တွေ့သွားတော့မှာပါ။

ဒါကြောင့်ပဲ နွေက ခေါင်းကလေးကို ငုံ့သထက်ငုံ့ပြီး ကိုကို့ကို ကြည့်ဖို့အတွက် ငြင်းဆန်နေမိတော့တာ။

ခေါင်းကလေးကို အတင်းပဲ ငုံ့ထားပြီး သူ့ကို လုံးဝ မကြည့်တဲ့ ငုံ့ထားပြီး သူ့ကိုလုံးဝကြည့်တဲ့ ချစ်သူလေးကို





ကြည့်ပြီး မင်းနေမျိုးက အသည်းတွေ အူတွေ ယားလာမိတော့သည်။

"အချစ်ရယ် ကိုကို့ကို တစ်ချက်လောက်ပဲ ကြည့်ပါဗျာ"

"ဟင့်အင်း..."

သူ ဘယ်လိုပြောပြော သူမလေးက ခေါင်းလေးကို ငုံ့ထားမြဲပါ။

သူ့ဘက်ကတော့ သူမလေးကို လက်ထပ်ပြီး တစ်ဘဝ တလက်တွဲဖို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ထားလိုက်ပါပြီ။

ဒါကြောင့်ပဲ မနေ့ညနေက သူကလေးရဲ့ လိပ်စာကို ရလိုက်တာနဲ့ သူမလေးနဲ့ ပတ်သက်သမျှတွေကို လက်လှမ်းမီသလောက် စုံစမ်းကြည့်လိုက်မိသည်။

သူမလေးရဲ့ အသိုင်းအဝိုင်းကလည်း ချမ်းသာတောင့်တင်းတဲ့ အသိုင်းအဝိုင်း ဂုဏ်သရေရှိတဲ့ အသိုင်းအဝိုင်းပါပဲ။

မင်းနေမျိုးက ကိုယ်တိုင်ချမ်းသာကြွယ်ဝသူမို့ သူလက်ထပ်မယ့် မိန်းကလေးကို ဆင်းရဲချမ်းသာ ထည့်မတွက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတာက အချစ်ပါပဲ။ သူ့ဘက်ကလည်း အရူးအမူး ချစ်ရတဲ့ မိန်းကလေးမျိုး တစ်ဖက်ကလည်း သူ့အချစ်တွေကို အပြည့်အဝ လက်ခံတုန့်ပြန်တာမျိုးပဲ ဖြစ်စေချင်တာပါ။

"နွေခေါင်ခေါင်ဆိုတဲ့ သူမလေးကို သူ့ဘက်က အရူးအမူး ချစ်နေမိတာ အသေအချာပဲ။ သူမလေးဘက်မှာလည်း အချစ်တွေ ရှိနေမယ်ဆိုတာကို ယုံကြည်ပါသည်။

အချစ်ဆိုတာ မှန်လိုပဲ မဟုတ်လား။ သူမလေးရဲ့ ရင်ထဲမှာ အချစ်တွေရှိနေပြီဆိုတာ ဒီနေ့မနက် စောစောစီးစီးမှာ သူမလေး ကျောင်းကို ရောက်လာတာကိုတွေ့ရုံနဲ့ သူသဘော ပေါက်ထားပြီးသားပါ။

ဒါပေမဲ့ ဘယ်လောက်ပဲ သဘောပေါက်ထားပါစေ ချစ်ရသူလေးရဲ့ နှုတ်ခမ်းလှလှလေးက ဖွင့်ဟပေးတဲ့ ချစ်အဖြေ ကိုပဲ သူက လိုချင်နေမိတာပါ။

"နွေကလေးရယ် ကိုကို့ကို မကြည့်ချင်လောက်အောင် မုန်းတီးနေလို့ တစ်ချက်လောက်မှ မကြည့်တာလားဗျာ"

"အို...မဟုတ်ပါဘူး"





ဒီလိုဆိုတော့လည်း ချစ်သူလေးက ပျာပျာသလဲ ငြင်းဆန်တာပါ။

သူက စိတ်ထဲကနေ ပြုံးလိုက်ပြီး အပြင်ဘက်မှာတော့ ဝမ်းနည်းကြေကွဲတဲ့ ဟန်ပန်နဲ့ ပြောနေမိတော့သည်။

"ကိုယ်သိပါတယ်ဗျာ၊ နွေ ကိုယ့်ကို မချစ်နိုင်ဘူးဆိုတာ ကိုယ်သိပါပြီ၊ နွေ့ဆီမှာ ချစ်သူရှိနေပြီ မဟုတ်လားဗျာ"

"ဟာ... မဟုတ်ပါဘူး"

"ဟုတ်ပါတယ် ဒါကြောင့်ပဲ ကိုယ့်မျက်နှာကိုတောင် မကြည့်ချင်တာ မဟုတ်လား"

"မဟုတ်ဘူး မဟုတ်ပါဘူး"

"ဒါဆို ဘာဖြစ်လို့ မကြည့်တာလဲ ကဲ"

"နွေ... နွေ... ရှက်လို့"

ချစ်ရသူရဲ့ အသံလေးက တိုးတိုးလေးပါ။ သူက ဘယ်လိုမှ စိတ်မထိန်းနိုင်ဘဲ ချစ်ရသူလေးရဲ့ မျက်နှာလေးကို ဆွဲမော့ယူပြီး မျက်လုံးချင်းဆုံအောင်ကြည့်ဖို့ ကြိုးစားလိုက်မိ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူမလေးက မျက်ဝန်းအစုံကို အတင်းပဲမှိတ်ထားတာမို့ သူ့မှာ ပိုပြီးအသည်းယားရတော့သည်။

"ကလေးရယ် အရမ်းချစ်တာပဲဗျာ၊ ကိုကို့ကို ကြည့်ပါဦး"

"ဟင့်အင်း"

"မကြည့်ရင်တော့ တစ်ခုခုလုပ်ရလိမ့်မယ်နော်၊ နောက်မှ အဆိုးမဆိုနဲ့ဗျာ"

"ဟာ...နွေ့ နွေ့ ပြန်တော့မယ်"

"ဘာအဖြေမှ မပေးဘဲနဲ့ မပြန်ရဘူးနော်"

"အင်း...နွေက ဘာဖြေရမှာလဲ"

"မဖြေတတ်ဘူးလားဗျာ"

"ဒါဆို ကိုယ်သင်ပေးမယ်နော်၊ နွေက နောက်က လိုက်ပြောပေါ့"

"ကိုကို့ကို နွေ ချစ်တယ်လို့"

"အိုး"

ချစ်သူမျက်နှာလေးက ရှက်သွေးဖြာပြီး ကမ္ဘာပေါ်မှာ





အလှဆုံး ပန်းပွင့်လေးတစ်ပွင့် ဖြစ်သွားတော့တာ။

အလှဆုံးပန်းကလေးကို သူက အမြတ်တနိုး နမ်းရှိုက်လိုက်မိတဲ့ အချိန်မှာပဲ ပန်းကလေးက တိုးတိုးလေး ညည်းညူတော့တာ။

"ကိုကိုရယ် နွေ ဘယ်လိုငြင်းဆန်နိုင်ပါ့မလဲ ရှင်"တဲ့။

"အချစ်ရယ်လို့ လှိုက်လှိုက်လှဲလှဲ ခေါ်လိုက်ပြီး သူက ချစ်သူလေးကို ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်မိတော့သည်။

"ကိုကို့ကို ချစ်ရဲ့လားဗျာ"

"နွေ့ မရှက်တော့ပါဘူး ကိုကိုရယ်၊ စတွေ့ကတည်းက နွေ့ ရင်ခုန်သံတွေ မြန်ဆန်ခဲ့ရတာပါ"

"ကိုကိုလဲ နွေ့လိုပါပဲဗျာ၊ အချစ်က ကိုကို့ကို အိမ်ထောင်သည် ကလေးအဖေလို့ မထင်ဘူးလားဗျာ အဟွန်း... ဟွန်း"

"ထင်မိတာပေါ့၊ ကိုကို ကိုယ်တိုင်က ပြောခဲ့တာပဲဟာ"

ချစ်သူက မျက်စောင်းလေးနဲ့ လို့ ပြောတာပါ။

"အဲဒါကိုကြည့်ရင်း ကိုကိုရဲ့ ရိုးသားမှုကို အချစ်ခံနိုင်း



www.burmeseclassic.com

www.burmeseclassic.com



လို့ရတယ် မဟုတ်လား၊ ကိုယ့်က ကောင်မလေးတွေနဲ့ ရှင်းရှင်းနေချင်လို့ ကလေးအဖေပါလို့ ကြော်ငြာမှောင်းခတ်ထားတာပါဗျာ၊ နွေ့ကိုတွေ့မှပဲ အိပ်မောကျနေတဲ့ ကိုယ့်နှလုံးသားလေး နိုးထလာခဲ့တာပါ အဟွန်း...ဟွန်း"

"မယုံပါဘူးနော်"

"မယုံရင် ယုံအောင်"

"အာ...လူတွေနဲ့နော်"

ချစ်သူက အလိုက်သင့် ပြောဘော့မှပဲ သူလည်းသတိဝင်လာမိတော့သည်။

ဒီတော့မှ ချစ်သူလေးကို မလွှတ်ချင်ပါဘဲ လွှတ်ပေးလိုက်ရတော့သည်။

ရင်ထဲမှာတော့ အပျော်တွေက အပြည့်ပါ။

ချစ်သူမျက်နှာလေးကလည်း ကြည်လင်ရွှင်ပျလို့။ အရာရာက အချစ်ကြောင့်ပဲ လှပသစ်လွင်နေတော့တာ။

* * *



## အခန်း (၁၇)

မိစောက နေမကောင်းဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ ကြီးကြီးလုံးကို ခွင့်ပန်ပြီး အခန်းထဲမှာ ခွေခေါက်နေလိုက်မိတော့တာ။

တကယ်လည်း မိစောနေလို့မကောင်းပါ။ ငိုရလွန်းလို့ မျက်လုံးတွေနီရဲပြီး မျက်ခွံတွေလင်း ယောင်ကိုင်းဖောင်းအစ်နေပါပြီ။

ညကအဖြစ်ကို ပြန်တွေးမိတိုင်း မိစောမှာ ဆောက်တည်ရာမဲ့ နေရတော့တာ။ ခုထိ ကိုကိုကြီးကို မတွေ့ရသေးပါ တကယ်တော့ ကိုကိုကြီးနဲ့ ရင်ဆိုင်တွေ့ရမှာ ကြောက်လွန်း



www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ မိစော အခန်းအောင်းပြီး နေနေရတာဖြစ်သည်။

ကိုကိုကြီးရယ်...

မိစော ဘာလုပ်ရမလဲဟင်၊ အခုလို အခန်းအောင်းပြီး တော့ မိစောက ဘယ်လောက်ကြာကြာ နေလို့ရမှာတဲ့လဲ။

မနက်က မမလေး မိစောကို မေးတုန်းက အမှန်အတိုင်း ပြောပြလိုက်ရ အကောင်းသားလို့ တွေးနေမိပြန်သည်။

မိစောသာ အမှန်အတိုင်း ပြောပြလိုက်ရင် မမလေး ကတော့ မိစောဘက်က ရပ်တည်မှာ သေချာပါသည်။

ဒါပေမဲ့ ကိုကိုကြီးကတော့ မိစောကို မုန်းတီးသွားမှာ သေချာသည်။ ကိုကိုကြီးဆီက အချစ်တွေ မေတ္တာတွေကို မရရင်နေပါစေ အမုန်းတွေကိုတော့ မိစော အကြောက်ဆုံး အရာက ကိုကိုကြီးရဲ့ မုန်းတီးမှုကိုပဲ ဖြစ်ပါသည်။

"ကိုကိုကြီးရယ် ဘယ်လိုဒုက္ခမျိုးနဲ့ပဲ ရင်ဆိုင်ရပါစေ၊ မိစော ရင်ဆိုင်ပါ့မယ်၊ ကိုကိုကြီးရဲ့ အမုန်းကိုတော့ မခံယူ ရပါစေနဲ့ရှင်"

မိစောက အရူးမလေး တစ်ယောက်လို တစ်ယောက်





တည်း စကားတွေ တတွတ်တွတ်ပြောရင်းနဲ့ ငိုလိုက်ရယ်လိုက် ဖြစ်နေရလေတော့သည်။

ထိုအချိန်တွင် သက်ပိုင်ကလည်း အိမ်မြှောင်အမြီး ပြတ်လို မငြိမ်မသက် ဖြစ်နေရလေသည်။ သူ့စိတ်တွေက နွေနဲ့အတူ ပါသွားလိုက်၊ မိစောဆီကို ရောက်လာလိုက်နဲ့ ဖြစ်နေရတော့တာ။

အခုလောက်ဆို နွေနဲ့ ဟိုင်တိတွေ့နေပြီလို့ တွေးမိတော့ ရင်ပူရသလို မိစောနဲ့ကိစ္စကို တွေးမိတော့လည်း ရင်ထဲမှာ မီးတောက်ချင်ရပြန်သည်။

ယောကျ်ားကောင်းတစ်ယောက် ဖြစ်ဖို့အတွက်ဆိုရင် တော့ နွေနဲ့ပတ်သက်တဲ့ ခံစားချက်မှန်သမျှကို ဖြတ်တောက် ပစ်ရပါလိမ့်မည်။

မိစောကို ငဲ့ညှာထောက်ထား ရပါလိမ့်မည်။ ဘယ်သူမှ ဖိအားမပေးရပါပဲ ကိုယ့်တာဝန်ကိုယ် ယူတတ်ရပါလိမ့်မည်။

သက်ပိုင်က အတွေးတွေနဲ့ လုံးချာလည်ရင်း မောပန်း နွမ်းလောင်နေရတော့တာ။ မိစောကိုတွေ့ဖို့ စောင့်ကြည့်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမတွေ့ရသေးပါ။

မီးဖိုခန်းထဲမှာလည်း ဒေါ်လုံး တစ်ယောက်တည်းပဲ အလုပ်တွေ များနေသည်။ မိစော မရှိပါ။ အိမ်သန့်ရှင်းရေး လုပ်နေလေမလားလို့ လိုက်ရှာကြည့်ပေမဲ့လည်း မိစောကို မတွေ့ပါ။ ဒေါ်လုံးကို မိစောရောလို့ မေးဖို့အတွက်လည်း သက်ပိုင်က လိပ်ပြာမလုံပါ။ မေးတော့မယ်လို့ မီးဖိုခန်းထဲ ဝင်လာလိုက်၊ မေးရမှာ မလုံမလဲကြီး ဖြစ်နေရတာမို့ ပြန်ထွက်သွားလိုက်နဲ့ပဲ သူ့မှာ ယောက်ယက်ခတ် နေရတော့သည်။

ထမင်းဟင်း ချက်ပြုတ်နေတဲ့ ဒေါ်လုံးကလည်း မောင်သက်ပိုင်ရဲ့ ထူးခြားမှုကို သတိထားနေမိသည်။

ဒီကလေး မီးဖိုထဲကို ဝင်လိုက်ထွက်လိုက်နဲ့ ဘာတွေဖြစ်နေပါလိမ့်။ အရင်က မီးဖိုခန်းဘက်ကို ယောင်လို့တောင်မှ ဝင်လာတတ်တာမှ မဟုတ်ပဲ။

သမီး နွေနဲ့ဆိုရင်သာ စနောက်ရန်ဖြစ်ပြီး ကလေး ဆန်ဆန် နေတတ်ပေမဲ့ ဒေါ်လုံးတို့ မိစောတို့နဲ့ကြတော့





ဒီကလေးက လူကြီးဆန်ဆန် နေထိုင်တတ်သည်။

ဒီနေ့မှ ဘာတွေထူးခြားနေတာလဲ၊ ထူးခြားတာကတော့ အားလုံးပဲ ထူးခြားနေတာပါ။ သမီး နွေကလည်း အလှတွေ ခါတိုင်းထက်ပိုပြင်ပြီး ကျောင်းကို အစောကြီးသွားသည်။ ဒါလည်း ထူးခြားတာပေါ့။

မိစောကို ကြည့်တော့လည်း မျက်နှာလေးကို ဖူးရောင်လို့။ နှာခေါင်းတွေ မျက်လုံးတွေလည်းရဲလို့။ ငိုထားတာလေ၊ ဘာဖြစ်လို့ ငိုရတာလဲမေးတော့ အမေတို့ကို သတိရလို့ပါ ကြီးကြီးလုံးတဲ့။

ဒီကောင်မလေး သူ့အမေအဖေကို ဒီလောက် ငိုကြီးချက်မနဲ့ မလွမ်းတတ်ဘူးဆိုတာ ဒေါ်လုံး ကောင်းကောင်း သိတာပေါ့။ အလည်ပြန်ဖို့ မသင်္ကြန်တို့ လင်မယားက ခွင့်ပေးတာတောင် ဒီကလေးမက ပြန်ချင်တာ မဟုတ်ပါ။ အိမ်မှာ အနေအစားချော်လို့ ပျော်နေတာပဲ။

ဒါကြောင့် မိစောက အမေတို့ကို လွမ်းလို့ပါဆိုပြီး ဘာအလဲ ငိုနေတာလဲ ထူးခြားတာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အထူးခြားဆုံးကတော့ မိစောက နေမကောင်းဘူးဆိုပြီး အခန်းအောင်းနေတာပဲ ဖြစ်သည်။ အခု မောင်သက်ပိုင်က မီးဖိုထဲကို ဝင်လိုက်ထွက်လိုက် ဖြစ်နေတာလည်း ထူးခြားတာပဲပေါ့။

"ဒေါ်လုံး"

"အမယ်လေး"

ရုတ်တရက် ကြားရတဲ့ မောင်သက်ပိုင်ရဲ့ ခေါ်သံကြောင့် ဒေါ်လုံးက လန့်သွားရတော့တာ။

"လန့်လိုက်တာကွယ်၊ ဘာလိုချင်လို့လဲ သား၊ ဗိုက်ဆာလို့လား"

ဒေါ်လုံးက မေးလိုက်ရင်း အကဲခတ်မိသည်။

ဒီကလေးကို ကြည့်ရတာလဲ တစ်ခုခု ဖြစ်နေသလိုပါပဲ။ မျက်နှာလည်း မရွှင်ပျ၊ မျက်လုံးတွေက မှိုင်းညို့ပြီး မဝံ့မရဲပုံစံမျိုးနဲ့။

"မဟုတ်ဘူး ဒေါ်လုံး၊ မိစောကို မတွေ့လို့"

"သြော်...ခိုင်းစရာရှိလို့လား သား၊ မိစောက နေသိပ်





ကောင်းဘူးဆိုပြီး အိပ်နေလေရဲ့၊ ကြီးလုံး ခေါ်ပေးမယ်လေ"

"ဟာ...ရတယ် ခေါ်မပေးပါနဲ့"

ဒီလိုပြောပြီး မောင်သက်ပိုင်က ပြန်ထွက်သွားတာမို့ ဒေါ်လုံးက ခေါင်းကုတ်ပြီး ကျန်ရစ်ခဲ့ရတော့သည်။

ဘာတွေများ ဖြစ်နေပါလိမ့်နော်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

ဘယ်လိုမှ မနေနိုင်တော့တဲ့အဆုံးမှာ သက်ပိုင်က မိစော အပြင်ထွက်လာတဲ့အချိန်ကို မစောင့်နိုင်တော့ဘဲ သူကိုယ်တိုင် မိစောကိုခေါ်ဖို့ ဆုံးဖြတ်လိုက်မိတော့သည်။

ဒေါ်လုံးကို ခေါ်ခိုင်းရင် မိစော အပေါ်မှာ သူအနိုင်ကျင့်ရာ ကျနေဦးမည်။ သူက မှားထားတဲ့သူပဲလေ၊ လူလူချင်း ခပ်ကျောကျော ခပ်ရင့်ရင့် ဆက်ဆံတာမျိုး မဖြစ်ချင်တော့ပါ။

ဒါနဲ့ပဲ သက်ပိုင်က ဘယ်တုန်းကမှ မသွားဖူးခဲ့တဲ့ အိမ်က အလုပ်သမား မိန်းကလေးတွေအတွက် ပေးထားတဲ့ အခန်းဆီကို ရောက်လာရလေတော့သည်။





တစ်အိမ်လုံးက တိတ်ဆိတ်နေတာမို့ သူ့ရင်ခုန်သံကို သူ ပြန်ကြားနေရတော့တာ။ အိမ်မှာ ဒေါ်လုံး တစ်ယောက်တည်းပဲရှိပြီး ဒေါ်လုံးကလည်း မီးဖိုထဲမှာ ချက်ပြုတ်နေတာမို့ မိစောရဲ့ အခန်းတံခါးကို ခေါက်တဲ့အချိန်မှာ ဘာအနှောင့်အယှက်မှ ရှိမနေပါ။

"ဒေါက်...ဒေါက်"

တံခါးခေါက်သံကို အထဲက ချက်ချင်းမတုံ့ပြန်တော့ သူက ဒိုင်းခနဲ ရင်ခုန်ထိတ်လန့် သွားရတော့သည်။

မိစောများ သူ့ကိုယ်သူ တစ်ခုခု လုပ်လိုက်ခဲ့ရင်ဆိုတဲ့ အတွေးက ဘယ်လိုကနေ ဘယ်လို သူ့ခေါင်းထဲကို ဝင်လာသည်မသိတော့ပါ။ သူ့မှာ စိုးရိမ်စိတ်တွေနဲ့ ထူပူသွားရပါပြီ။ အခန်းတံခါးကို ခပ်ပြင်းပြင်းခေါက်ဖို့ တွန်းလိုက်မိတော့သည်။

သူတွန်းလိုက်တာနဲ့ စေ့ရုံစေ့ ပိတ်ထားပုံရတဲ့ အခန်းတံခါးက ပွင့်သွားတော့တာ။ စိုးရိမ်တကြီး ဖြစ်နေတဲ့ သက်ပိုင်က ဘာမှစဉ်းစားမနေတော့ဘဲ မိစောရဲ့ အခန်းထဲကို အလျင်စလို ဝင်လိုက်မိတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲရောက်တာနဲ့ အခန်းထောင့်က ခုတင်လေးပေါ်မှာ ခွေခွေလေး အိပ်ပျော်နေတဲ့ မိစောကို တွေ့လိုက်ရတော့တာ။

တွေ့တွေ့ချင်းပဲ အသက်မှ ရှူနေသေးရဲ့လားဆိုတဲ့ စိုးရိမ်စိတ်နဲ့ သူက မိစောနဲ့ အနီးဆုံးထိရောက် တိုးကပ်ပြီး ကြည့်မိသွားတော့သည်။

အရင်က မိစော မျက်နှာကို သူတစ်ကြိမ်တစ်ခါမှ စူးစူးစိုက်စိုက် မကြည့်မိခဲ့ဖူးသေးပါ။ ကောင်မလေး သူ့အပေါ်မှာ စိတ်ကစားနေတယ်ဆိုတာ ရိပ်မိနေလို့ လုံးဝအရေးမဝင်ဘဲ ခပ်မှန်မှန် ခပ်တန်းတန်းပဲ နေခဲ့တာဖြစ်သည်။

စကားပြောရင်တောင် မျက်နှာကိုကြည့်ခဲ့တာ မဟုတ်ပါ။ မလိုအပ်ဘဲ စကားလည်းမပြော၊ ခေါ်လည်းမခိုင်းဘဲ နေခဲ့တာဖြစ်သည်။

အခုမှ မိစော မျက်နှာလေးကို သူ စူးစူးစိုက်စိုက် ကြည့်မိတော့တာ။ အသားလေးက ညိုညက်ညက်၊ မျက်နှာလေးက ဖူးဖူးပြည့်ပြည့်၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းထူထူ





အိအိလေးနဲ့ မိစောရဲ့ အလှက သူ့ နှလုံးသားထဲကို ထိုးဖောက် ဝင်ရောက်လာပြီး ထူးဆန်းစွာပင် သူ့ရင်ကို ခုန်လှုပ်လာစေတော့တာ။

နှုတ်ခမ်းဖူးဖူးလေးကို ငေးကြည့်ရင်း သူ့ခန္ဓာကိုယ်ထဲက သွေးလှည့်ပတ်မှုတွေ မြန်ဆန်ပူနွေး လာကြရတော့သည်။

ညက သူနမ်းခဲ့တာ အဲဒီ နှုတ်ခမ်းလေးကိုပေါ့။ ပါးမို့မို့လေးကိုရော၊ လည်တိုင်နုနုလေးကိုရော သူ အကြိမ်ကြိမ်နမ်းခဲ့မိတာပဲ။

လူမှားခဲ့တာပါ။ နွေ့ အမှတ်နဲ့ မှားယွင်းခဲ့တာပါလို့ ဘယ်လိုပဲပြောပြော၊ သူတကယ် နမ်းခဲ့ ယုယခဲ့တာက မိစောကိုပဲ မဟုတ်လား။

ကြည့်နေရင်းကပဲ မိစောဆိုတဲ့ ကောင်မလေးကို သက်ပိုင် ရင်ထဲကနေ နာကျင်မိသည်အထိကို ကရုဏာစိတ်တွေနဲ့ နက်နက်ရှိုင်းရှိုင်း သနားမိသွားတော့သည်။

ခွေခွေလေး အိပ်ပျော်နေပေမဲ့ သူမလေးရဲ့ ပါးပြင်နုနုလေးပေါ်မှာ မျက်ရည်တွေက ကောင်းကောင်းတော



www.burmeseclassic.com

www.burmeseclassic.com



မခြောက်သေးပါ။

သူမလေး အရမ်းကို ခံစားနေမှာပေါ့။ အရမ်းလည်း ကြောက်လန့်နေရှာမှာပေါ့။ သူမလေးကို တွေးပွေ့ထားလိုက်ချင်တဲ့ ဆန္ဒတွေ သူ့ရင်ခွင်ထဲကို တိုးဝင်လာကြတော့သည်။

"မိစောရယ်"

သူ တိုးတိုးလေး ညည်းညူခေါ်ငင်လိုက်မိတဲ့ အချိန်မှာပဲ သူမလေးက လန့်နိုးလာပြီး သူ့ကို ငေးကြောင်ကြောင် မျက်လုံးလေးတွေနဲ့ ကြည့်နေတော့သည်။

ပြီးတော့မှ သူမလေးက အကြည့်တွေကို လွှဲဖယ်ပြီး ခေါင်းကလေးကို ခပ်မြန်မြန်ငုံ့ချ သွားတော့တာ။

"မိစော... ည... ညတုန်းက"

သူက ဘာပြောရမှန်း မသိဘဲ စကားကို တို့လို့တန်းလန်းနဲ့ ရပ်လိုက်မိတော့ မိစောက အင်ခနဲ တစ်ချက်ရှိုက်လိုက်ပြီး သူ ဘယ်လိုမှ ထင်မှတ်မထားတဲ့ စကားတွေကို ပြောတော့သည်။

"မိစော မိစော နားလည်ပါတယ် ကိုကိုကြီး၊ ကိုကိုကြီး





က လူမှားခဲ့တာပါ၊ ဒါကြောင့် ကိုကိုကြီးဆီမှာ အပြစ်မရှိပါဘူး၊ မရှောင်နိုင်ခဲ့တဲ့ မိစောမှာပဲ အပြစ်ရှိပါတယ်"

"မဟုတ်...မဟုတ်ပါဘူး"

သက်ပိုင် အသံတွေက တုန်ယင်အက်ကွဲ နေတော့တာ။ မိစောဆိုတဲ့ ကောင်မလေးကတော့ ရဲရဲဝံ့ဝံ့လေးပဲ သူ့ကို ပြောနေတာဖြစ်သည်။

"ဟုတ်ပါတယ် မိစောက အပြစ်ရှိတဲ့သူပါ၊ ဒါကြောင့် မိစော မိစော အလုပ်ထွက်သွားဖို့ ဆုံးဖြတ်လိုက်ပါပြီ"

"ဟာ..."

"မိစော ဘကယ်သွားတော့မှာပါ ကိုကိုကြီးရယ်၊ ကိုကိုကြီးဆီက ဘာတစ်ခုကိုမှ မိစော မမျှော်လင့်ပါဘူးရှင်"

"ဟာ...မိစော မသွားရပါဘူး၊ မိစော ဘယ်ကိုမှ မသွားရဘူး"

"ရှင်"

မိစောက အရမ်းအံ့အားသင့်သွားတဲ့ မျက်လုံးဝိုင်းလေးတွေနဲ့ သူ့ကိုမော့ကြည့်တော့တာ။



www.burmeseclassic.com

www.burmeseclassic.com



သက်ပိုင်က သူ့စိတ်ကို သူမထိန်းနိုင်တော့ဘဲ မိစောရဲ့ ပြည့်ပြည့်တင်းတင်း ကိုယ်လေးကို ဖက်တွယ်ထားလိုက်မိတော့သည်။

အချစ်ဆိုတဲ့ အရာက ဘယ်လိုမှ မျှော်လင့်မထားပါပဲ သူ့နှလုံးသားနဲ့ သူ့ဦးနှောက်ကို အလဲထိုးပါရောလား၊ သနားစရာကောင်းတဲ့ ချစ်သူလေးကို ရင်ခွင်ထဲ ထည့်ထားပြီး သူက တတွတ်တွတ်နဲ့ ပြောနေမိသွားတော့သည်။

"ကိုကိုကြီး မိစောကို ချစ်တယ်၊ မိစော ဘယ်မှထွက်သွားစရာ မလိုဘူး၊ ကိုကိုကြီး မိစောကို လက်ထပ်မယ်"

"အို..."

မိစော အံ့သြလွန်းလို့ အသက်ရှူတောင် မှားသွားရပေတာ။

"မိစော...မိစော အိပ်မက်မက်နေတာလား ကိုကိုကြီး"

"အဟွန်း...အိပ်မက် မဟုတ်ပါဘူး ကလေးရယ်၊ တကယ်ပါ၊ ကိုကိုကြီး မိစောကို သနားတယ်၊ မိစောကို မနာကျင်စေချင်ဘူး၊ မနစ်နာစေချင်ဘူး၊ ပြီးတော့ မိစောကို





ချစ်တယ်ဗျာ"

"ကိုကိုကြီးရယ်"

မိစောက ဝမ်းသာလွန်းတဲ့ဒဏ်ကို ဘယ်လိုမှ မခံနိုင်တော့ပဲ ရှိုက်ကြီးတငင် ငိုချလိုက်မိတော့တာ။

ဒီတော့ ကိုကိုကြီးက မိစောရဲ့မျက်ရည်တွေကို အနမ်းနဲ့ သုတ်ဖယ်ပေးပြီး အနမ်းတွေနဲ့ပဲ မိစောကို ချော့မော့တော့တာ။

"ကလေးရယ် မငိုပါနဲ့ဗျာ"

"ကိုကိုကြီးရယ် မိစောလေ မိစော ကိုကိုကြီးကို ချစ်တယ်၊ ကိုကိုကြီးဘက်က ချစ်ချစ် မချစ်ချစ် မိစောကတော့ တစ်သက်လုံး ချစ်နေမှာပါ၊ ဘယ်လိုမျှော်လင့်ချက်မျိုးမှလဲ မထားပါဘူးရှင်"

"ချစ်ဖို့ကောင်းလိုက်တာဗျာ၊ ဒီလောက် ချစ်စရာကောင်းတဲ့ ချစ်သူလေးကို စောစောစီးစီး မမြင်နိုင်ခဲ့တာ ကိုကိုကြီး တော်တော်ညံ့ဖျင်းခဲ့တာပါဗျာ အဟွန်း...ဟွန်း"

"ကိုကိုကြီး"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မိစောလေ မိစော ကိုကိုကြီးကို ဘယ်လောက်ချစ်သလဲဆိုရင် ကိုကိုကြီးရဲ့ အငွေ့အသက်လေးတွေ ပျောက်သွားမှာ စိုးရိမ်လို့ ညတုန်းကဝတ်ခဲ့တဲ့ မိစောရဲ့ အဝတ်တွေကို တစ်ဘဝစာ အလုံအခြုံ သိမ်းထားပါတယ်ရှင်"

"ကလေးရယ်"

ကိုကိုကြီးက မိစောရဲ့ မျက်နှာလေးကို ဆွဲမော့ယူပြီး ရှည်လျားတဲ့ အနမ်းတွေ ခြွေနေတော့တာ။

* * *



## အခန်း (၁၉)

"ဘုရားရေ"

တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် ဒေါ်လုံးက ကတုန်ကယင်ကြီး ဖြစ်သွားရတော့သည်။

မိစောရဲ့ အခန်းရှေ့ကနေ အမြန်ဆုံး ပြေးထွက်လာခဲ့ရတော့သည်။ ဒေါ်လုံးက မိစော နေမကောင်းတာကို ဆေးလေး ဘာလေးတိုက်ဖို့အတွက် လာခဲ့တာပါ။

အခန်းတံခါက မဟတဟလေး ဖြစ်နေတာမို့ ဘာရယ်မဟုတ်ဘဲ အခန်းထဲကို ချောင်းကြည့်လိုက်တဲ့ အချိန်မှာ အချစ်ရည်လူးနေတဲ့ မြင်ကွင်းကို တွေ့မြင်လိုက်ရတော့တာ။

"ဘုရား...ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ရေအေးတစ်ခွက်ကို သောက်ချလိုက်တာတောင် ရင်တုန်နေတာတွေက သက်သာမသွားပါ။

ရင်ဘတ်ကို ဖိထားပေမဲ့ ငြိမ်သက်မသွား။

ဒေါ်လုံးက ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့အောင်ကို ယောင်ချာချာ ဖြစ်နေရတော့သည်။ ဒီအတိုင်းဆို မိစောနဲ့ မောင်သက်ပိုင်က ငြိနေကြတာပေါ့။ ဟိုနေ့ကပဲ မောင်သက်ပိုင်က နွှေ့ကို ချစ်တယ်လို အော်ဟစ်ပြီးတောင် ပြောခဲ့တာပါ။

အဲဒါကို ဒေါ်လုံးရော မိစောပါ အသေအချာ ကြားခဲ့တာပဲ။ အခု ဘာဖြစ်လို့ မိစောနဲ့ မောင်သက်ပိုင် ငြိနေရတာလဲ။

အင်း…ဒီနေ့ ထူးခြားတဲ့နေ့လို့တော့ ထင်မိသား။

ဒေါ်လုံးက ဟင်းအိုးကို မြည်းကြည့်သည်။ အရသာခံလို့ မရပါ။ စိတ်တွေက ကသောင်းကနင်း ဖြစ်နေတာမို့ ဟင်းချက်လို့ပင် မရတော့။

မောင်သက်ပိုင်နဲ့ နွှေကလေးကို ဖြစ်သွားစေချင်တာပါ။ အခု တကယ်ဖြစ်မယ့်ဖြစ်တော့ မိစောနဲ့ ဖြစ်နေတာပဲ။

မသန္တာတို့ ဆရာတို့သာသိရင် ဘာပြောကြမလဲ။





မိစောက အိမ်ဖော်မလေးဆိုတော့ သဘောတူကြပါ့မလား။

"အို…ဒီလောက်အထိ ဖြစ်နေမှတော့ သဘောမတူလို့ ရမလား"

ဒေါ်လုံးက မိစောဘက်က ဝင်တွေးပြီး စိတ်ပူပေးနေပြန်သည်။

မောင်သက်ပိုင်ကရော မိစောလေးကို အတည်ကြံတာမှ ဟုတ်ရဲ့လား။ မတော်မတရားတဲ့ ကိစ္စမျိုးတော့ ဒေါ်လုံးက အဖြစ်မခံနိုင်ပါ။

ဆင်းရဲသား အချင်းချင်း ရိုင်းပင်းရပါလိမ့်မည်။ ဒါကြောင့် ဒီကိစ္စကို မသိချင်ယောင် ဆောင်နေလို့မဖြစ် မသန္တာကို ပွင့်ပွင့်လင်းလင်း ပြောပြရပါလိမ့်မည်ဟု ဒေါ်လုံးက အသေအချာ ဆုံးဖြတ်လိုက်ရတော့သည်။

ထိုအချိန်တွင် နွှေကလည်း ချစ်သူရဲ့ ရင်ခွင်ထဲမှာ ခိုနွဲ့လို့ အရာရာကို မေ့လျော့နေတော့တာ။

ကိုကိုရဲ့ အနမ်းတွေ…

အပယ့အယ…



www.burmeseclassic.com

www.burmeseclassic.com



အချောအမြူတွေက နွေ့ကို ဖမ်းစားထားလိုက်ပါပြီ။

အဲဒီလိုပဲ မင်းနေမျိုးကလည်း နွေခေါင်ခေါင်ဆိုတဲ့ မိန်းမလှလေးဆီမှာ အကြွင်းမဲ့ ကျရှုံးနေရတော့သည်။

ဒီနေ့ပဲ ချစ်သူဘဝရောက်ရတဲ့ ချစ်စဦးအချိန်မှာ တစ်စက္ကန့်စာလောက်တောင် မဝေးချင်တော့တဲ့ ဆန္ဒတွေနဲ့ သူ့ရင်ထဲမှာ မွတ်သိပ်နေရတော့တာ။

ချစ်သူလေးကို ကျောင်းမတက်ခိုင်းဘဲ သူ့ရင်ခွင်ထဲမှာပဲ ထည့်ထားမိနေလေသည်။

"အချစ်ရယ် ကိုကိုတော့ အချစ်နဲ့ဝေးရမှာကို အရမ်း ကြောက်တာပဲဗျာ"

"အို...ဘာကြောင့်ဝေးရမှာလဲ ကိုကိုရယ်"

"ကံကြမ္မာဆိုတာ ကြိုတင်သိနိုင်တာမှ မဟုတ်ပဲဗျာ"

"နွေနဲ့ကိုကို ဒီလောက်တောင် ချစ်နေတာ ဝေးစရာ လား"

"လူကြီးတွေရဲ့ သဘောထားက ရှိသေးတယ်လေ"

ကိုကို ပြောမှပဲ နွေက ကြောက်လန့်လာမိတော့တာ။





ဟုတ်ပါရဲ့နော်...

ဒယ်ဒီနဲ့မေမေက နွေ့ကို သက်ပိုင်နဲ့ အတင်းပေးစားရင် ဘယ်လိုလုပ်မလဲ၊ ခုရက်ပိုင်းမှာပဲ သက်ပိုင်ကလည်း နွေ့ကို ချစ်တယ်လို့ ပြောထားတာပါ။

နောက်ပြီးတော့ သက်ပိုင်က ကိုကို့ကိုလည်း ကလေး အဖေလို့ စွပ်စွဲပြီး ကြည့်လင်တာမှ မဟုတ်ဘဲ။ မေမေ့ကိုသာ နွေ ကလေးအဖေတစ်ယောက်နဲ့ ချစ်ကြိုက်နေပါတယ်လို့ ကုန်းချောလိုက်ရင် မေမေက နွေ့ကို သက်ပိုင်နဲ့ ပေးစား ပစ်လိုက်တော့မှာပေါ့။

မေမေနဲ့ဒယ်ဒီက ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ပြန် ဖိတ်ဖို့ စိတ်ကူးထားချင်ထားကြမှာ။

အတွေးနဲ့ နွေက ထိတ်လန့်သွားရတော့တာ။ ကိုကိုနဲ့ ဝေးရမယ်ဆိုရင် နွေ့ဘဝလေးလည်း ခြောက်သွေ့အက်ကွဲ သွားရတော့မှာပါ။

အချစ်မရှိတဲ့ နောက်မှတော့ နွေ့ဘဝလည်း ပျော်စရာ ကင်းမဲ့သွားရတော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"နွေ..."

"ရှင်..."

"ဘာတွေတွေးနေလို့ ဒီလောက်တောင် ငြိမ်နေရတာလဲဗျာ"

"ကိုကိုနဲ့နွေ ဝေးများဝေးသွားရင်'

နွေ့ စကားမဆုံးခင်မှာပဲ ကိုကိုက လက်ချောင်းလေးတွေနဲ့ နွေ့ နှုတ်ခမ်းလေးကို ပိတ်ထားလိုက်တော့တာ။

"မတွေးပါနဲ့ ကလေးရယ်၊ ဝေးစရာအကြောင်း မရှိပါဘူးဗျာ၊ ဒီနေ့ အိမ်ပြန်ရောက်တာနဲ့ ကိုကို့မိဘတွေကို မိန်းမတောင်းပေးဖို့ ပြောလိုက်တော့မယ်၊ နွေကလဲ နွေ့မိဘတွေကို ပြောထားလိုက်တော့ပေါ့"

"လွယ်ပါ့မလား ကိုကို၊ ဒီနေ့ပဲချစ်ပြီး ဒီရက်အတွင်းမှာပဲ လက်ထပ်ဖို့ စီစဉ်တာကို နွေ့ဘက် လက်ခံနိုင်ပါ့မလား၊ နွေတို့ရဲ့အချစ်ကို နွေတို့ပဲ သိတာပါ။ တခြားလူတွေ ဘယ်လိုသိနိုင်မှာတဲ့လဲ"

"စိတ်ချ နွေ၊ လူကြီးတွေ သဘောမတူရင်တော





ကိုကိုကတော့ အချစ်ကို ခိုးပြေးမှာပဲဗျာ၊ ချစ်ကရော ကိုကိုခေါ်ရင် လိုက်ရဲပါ့မလား"

နွေက အချစ်ကပေးတဲ့ ခွန်အားတွေနဲ့ မဆိုင်းမတွဘဲ ပြန်ဖြေလိုက်မိတော့တာ။

"ကိုကိုခေါ်ရင် နွေ လိုက်ရဲပါတယ်နော်"

"ဒါဆို စိတ်ညစ်စရာတွေ မတွေးနဲ့တော့နော်၊ ကိုကို ကိုကို လက်ထပ်ပေးဖို့ လူကြီးတွေ အရင်ပြောမယ်၊ တကယ် ပို့ လူကြီးတွေက ကန့်ကွက်ရင် ကိုကိုတို့ အားလုံးနဲ့ဝေးတဲ့ ရာကို ထွက်ပြေးမယ်နော်"

"ကိုကို့ သဘောပါရှင်"

"ချစ်ဖို့ကောင်းလိုက်တာဗျာ အဟွန်း...ဟွန်း"

မင်းနေမျိုးက ချစ်သူလေးကို လွတ်ထွက်ပျောက်ဆုံး းမှာ စိုးရိမ်ပြီး ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်မိတော့တာ။ နိုင်ရင် အချိန်နာရီတွေကို ရပ်တန့်ထားလိုက်ချင်ပါရဲ့။

"အချစ်ရယ် ကိုကိုတို့တွေ့တာ အရမ်းနောက်ကျ ပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟှာင်...ဘာဖြစ်လို့ပဲ"

ချစ်သူလေးက အတိတ်တလန့်လေး မေးတော့တာ။

"ဩော်...စောစောစီးစီးတွေ့ရင် စောစောစီးစီးချစ်ရ မှာ မဟုတ်လားဗျာ၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက တွေ့ခဲ့ရင် ခုဆိုရင် ဆယ်နှစ်တာချစ်ပြီးပြီပေါ့ မဟုတ်ဘူးလား"

"ဟိုး ...ဆရာ လွန်ခဲ့တဲ့ဆယ်နှစ်တုန်းကဆို နွေ့အသက် က ကိုးနှစ်ဆယ်နှစ်ပဲ ရှိသေးတာနော်၊ အချစ်ဆိုတာ ဘာမှ မသိသေးလို့ အဲဒီအချိန်ကတွေ့ရင်လဲ အလကားပဲ"

ချစ်သူလေးရဲ့ ချစ်စဖွယ်အပြောလေးကို သဘောကျ သူက ရယ်မောမိသွားသည်။

"အချစ်က ထူးဆန်းတယ်နော်"

"ဘာဖြစ်လို့လဲဟင်"

"သူစိမ်းနှစ်ယောက်ကို အရင်းနှီးဆုံး လူတွေအဖြစ် ပြောင်းလဲလေးနိုင်လို့ပေါ့ဗျာ"

ပြောပြီးတာနဲ့ သူက ချစ်သူလေးရဲ့ မျက်နှာလှ လေးကို မြတ်နိုးလွန်းစွာနဲ့ အနမ်းတွေ နေရာမလပ်အေ





ခြွေချလိုက်မိတော့သည်။

ချစ်သူလေးက မျက်တောင်ကော့ကြီးတွေကို မှေးယှက် ပြီး သူ့အနမ်းတွေကို ခံယူနေတော့တာ။

သူ့ရင်ခွင်ထဲမှာ ချစ်သူလေးသာ ရှိနေပါစေ၊ အရာရာကို ရင်ဆိုင်ရဲတဲ့ ခွန်အားနဲ့ သတ္တိတွေ အမြဲတမ်း ပြည့်နှက်နေ မှာပါ။

"အချစ်ရယ် လုံးဝမခွဲကြေးနော်" လို့ သူက ပြောလိုက် တော့ ချစ်သူလေးက ရှိုင့်ယစ်မှုးတဲ့ အသံလေးနဲ့ ခပ်တိုးတိုး ပြန်ပြောသည်။

"ဘဝအဆက်ဆက် မခွဲဘူး ကိုကို" တဲ့။

အဲဒီအခါမှာတော့ စကားတတ်တဲ့ ချစ်သူ့နှုတ်ခမ်း လေးကို သူက အချစ်အနမ်းတွေနဲ့ ဂုဏ်ပြုလိုက်မိတော့တာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

မချစ်မီခင်က အချစ်ဆိုတာကို ကိုယ်နဲ့ ဘာမှမဆိုင်သလိုမျိုးပါ။

ချစ်မိသွားတော့လည်း အချစ်ကလွဲပြီး ဘာမှ မသိတော့။

အခုလည်း သက်ပိုင်က ချစ်သူအနားက မခွဲချင် မခွာချင် ဖြစ်နေရတော့သည်။ အချစ်တွေမှာ သာယာယာစ်မူးပြီး ချစ်သူလေးကို အချိန်တိုင်း ချစ်ချင်နေမိတော့သည်။

"ကိုကိုကြီး သွားတော့နော်၊ ကြီးကြီးလုံး ရှိနေတယ်"

ချစ်သူလေးက ထိတ်လန့်ကြောက်ရွံ့နေတဲ့ မျက်လုံးလေးနဲ့ သူ့ကို ပြောနေတာပါ။





"ရှိတော့ရော ဘာဖြစ်လဲဗျာ"

"ဟို…မိစောတို့ကို ကြီးကြီးလုံး တွေ့သွားရင် လူကြီးတွေနဲ့ တိုင်ပြောတော့မှာပေါ့ ကိုကိုကြီးရယ်"

"တိုင်တော့ရော ဘာဖြစ်လဲဗျာ၊ ကိုကိုကြီးက မိစောကို လက်ထပ်မှာလေ၊ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ"

ပြောလည်းပြော ချစ်သူလေးကိုလည်း ပွေ့ဖက်ထားလိုက်မိသည်။

တကယ်လည်း သက်ပိုင်က ဘယ်သူ့ကိုမှ ဂရုမစိုက်တော့ပါ။

ဒယ်ဒီနဲ့ မေမေက မိစောနဲ့ သဘောမတူဘူးဆိုရင်လည်း သူဂရုစိုက်မှာ မဟုတ်ပါ။

သူကတော့ အားလုံးနဲ့ လဲလှယ်ပြီးတော့ ချစ်သူလေးကို လက်ထပ်ဖို့ ဆုံးဖြတ်ထားလိုက်ပါပြီ။

မဟုတ်ဘူးလေ၊ ကိုကိုကြီးကိုတော့ ဘာပြောမှာလဲ၊ မိစောက ဒီအိမ်က အိမ်ဖော်ပါ ကိုကိုကြီးရယ်၊ မိစောကိုပဲ ဝိုင်းပြောကြမှာပေါ့"



www.burmeseclassic.com

"မိစောရယ်"

သူက ချစ်ရသူလေးကို သနားမိသွားသည်။

"ကိုကိုကြီး သွားတော့နော်၊ မိစော မိစော ကြောက်လို့ပါ"

"မကြောက်ပါနဲ့ မိစောရယ်၊ ကိုကိုကြီး တစ်ယောက်လုံး မိစော အနားမှာရှိနေတာ ဘာမှကြောက်စရာ မလိုဘူး"

"မိစောနဲ့ ကိုကိုကြီးကို သဘောတူမှာတဲ့လား ရှင်"

"သဘောမတူရင်လဲ ကိုကိုကြီးကတော့ မိစောကိုပဲ ရအောင်လက်ထပ်မှာပါဗျာ၊ ကိုယ်ဟာ ယောကျ်ားကောင်း တစ်ယောက်ပါ"

"မိစော မိစောတော့ ကြောက်တာပဲ သိပါတယ် ကိုကိုကြီးရယ်"

သက်ပိုင်က ချစ်သူလေးကို ကြင်နာစွာ ထွေးထားပြီး ချစ်သူလေး စိတ်ချမ်းသာအောင် ဘာတွေလုပ်ပေးရမလဲလို့ စဉ်းစားမိသည်။

"ကဲ...မိစော ရေချိုးအဝတ်လဲပြီး အလှပြင်၊ ကိုကိုကြီးနဲ့





မိစော လျှောက်လည်ကြမယ် ဟုတ်လား"

"ဟင်...တကယ်လား"

ရုတ်တရက် မျက်ဝန်းလေးတွေ တောက်ပပြီး ချစ်သူလေးက ဝမ်းသာသွားပြီးမှ ချက်ချင်းပဲ ခေါင်းလေးကိုခါယမ်းတော့သည်။

"မဖြစ်...မဖြစ်ပါဘူး၊ မိစောမှာ အလုပ်တွေရှိသေးတယ်၊ အလုပ်တွေမပြီးရင် မိစောကို ဆူကြမှာပေါ့"

သူက မိစောလေးကိုပို၍ သနားသွားရပြန်သည်။

မိစော ဘဝလေးကို ခုမှပဲ သူအပြည့်အဝ နားလည်မိပြီး နင့်နင့်နည်းနည်း သနားကြင်နာမိတော့တာ။ ကြည့်ပါဦး မိစောက လွတ်လပ်ခွင့်တွေအားလုံးကို အဆုံးရှုံးခံပြီး အလုပ်လုပ်နေရတာပဲ။

"ဘာမှလုပ်စရာ မလိုတော့ဘူးကွာ၊ အခုကစပြီး မိစောလဲ ဒီအိမ်က အိမ်ဖော် မဟုတ်တော့ဘူး၊ မိစောက ကိုယ်ရဲ့ဇနီးလောင်း ဖြစ်သွားပြီ၊ ကဲ...ကိုယ့်စကားကို နားထောင်နော်၊ အခု ရေချိုးပြင်ဆင်ပြီး ထွက်လာခဲ့၊ ကိုစောင့်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



နေမယ်”

ပြောပြီးတာနဲ့ ကိုကိုကြီးက မိစောရဲ့ နဖူးကိုနမ်းပြီး အခန်းထဲကနေ ထွက်သွားတော့သည်။

မိစောကက အိပ်မက်မက်နေတာလားလို့ ထင်နေမိတော့တာ။ အဖြစ်အပျက်တွေက မယုံနိုင်စရာနော်။

ကိုကိုကြီးက မိစောကို လက်ထပ်မယ်တဲ့၊ မိစောကို ချစ်တယ်တဲ့၊ ဝမ်းသာလွန်းလို့ မိစောရဲ့ ရင်ခုန်သံတွေက မြန်ဆန်လွန်းနေတော့တာ၊

ရေချိုးရင်း မိစောက ဝမ်းသာလွန်းပြီး ငိုမိပြန်သည်။ ကိုကိုကြီးရယ် မိစောကို လှည့်စားနေတာတော့ မဟုတ်ပါဘူးနော်။ တကယ်လို့ ကိုကိုကြီးက လှည့်စားပြီး နောက်ဆုံးမှာ ရက်စက်ပစ်မယ်ဆိုရင်လည်း မိစောကတော့ ကိုကိုကြီးကို မမုန်းနိုင်ပါဘူးရှင်။ ကျေနပ်စွာပဲ ကိုကိုကြီး ပေးသမျှကို လက်ခံယူမှာပါ။

မိစော ရေချိုးပြီး အဝတ်လဲနေတဲ့ အချိန်မှာပဲ အခန်းထဲကို ကြီးကြီးလုံး ဝင်လာသည်။





“မိစော ကြီးကြီးလုံးကို မလိမ်နဲ့နော်၊ သက်ပိုင်က ညည်းကို အတင်းအဓမ္မ ကြံစည်တာလား”

ကြီးကြီးလုံးက တည့်တည့်ကြီး မေးချလိုက်တာမို့ မိစောမှာ ဘာပြောရမှန်းမသိအောင်ဘဲ ရှက်ရွံ့ထူပူ သွားရတော့တာ။

“မ…မဟုတ်ပါဘူး”

“ဘယ်လိုလဲ မိစောရယ်၊ မြန်မြန်ပြောစမ်းပါ”

“ကြီးကြီးလုံးက သိ…သိနေတယ်လား”

“ကျုတ်…သိနေတာ မဟုတ်ဘူးဟေ့၊ မျက်စိနဲ့ကို မြင်ထားတာ၊ ပြောစမ်း မိစော ညည်း နစ်နာမှာစိုးလို့ ငါ မေးနေတာပါအေ”

ဒီတော့မှ မိစောက ရှက်ရှက်ရွံ့ရွံ့ ကြောက်ကြောက် လန့်လန့်နဲ့ အဖြစ်အပျက်တွေကို ပြောပြမိတော့သည်။

ညကကိစ္စကနေ အခုထိကို မခြွင်းမချန် ပြောပြလိုက်တော့မှ ကြီးကြီးလုံးက ရင်ဘတ်ဖိပြီး သက်ပြင်းချတော့တာ။

“ညည်းကို တကယ်ယူမယ်ဆိုတော့ တော်သေးတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



မိစောရယ်၊ ဒါပေမဲ့ ဆောက်ဖြစ်မှ ကျောင်းဒကာနော်၊ အရမ်းယုံနေလို့လဲ မဖြစ်သေးဘူး"

"မိစော…မိစော ဘာလုပ်ရမလဲဟင် ကြီးလုံး"

"ညည်းက ဘာလုပ်တတ်မှာလဲအေ၊ ငါ မသန္တာကို အားလုံးပြောပြလိုက်မယ် စိတ်မပူနဲ့"

ကြီးကြီးလုံးက ခပ်မြန်မြန် ပြန်ထွက်သွားသည်။

မိစောကတော့ ကိုကိုကြီးကို ယုံကြည်မိနေတဲ့သူပါ။ တကယ်လို့ ကိုကိုကြီးက လှည်းစားသွားခဲ့ရင်တောင် အပြစ်မတင်နိုင်တဲ့သူပါ။

ဒီလိုနဲ့ပဲ မိစောက အချစ်ကလေးလာတဲ့ ခွန်အားတွေနဲ့ ကိုကိုကြီးရဲ့ ရင်ခွင်ထဲကို တိုးဝင်မိတော့တာပါ။

* * *



# အခန်း (၂၁)

သမီးနွေက ခါတိုင်း ကျောင်းပြန်ချိန်ထက် အများကြီး နောက်ကျပြီးမှ အိမ်ကို ပြန်ရောက်လာသည်။

ပြန်လာတဲ့ ပုံစံကလည်း မဝံ့မရဲပုံစံနဲ့မို့ တစ်ခုခုပဲလို့ ဒေါ်သန္တာက တွေးမိသည်။ အင်းလေ ဒီအရွယ်ရောက်ပြီဆိုတော့ ရှည်းစားသနာ ကိစ္စတွေလည်း ရှိနေလောက်ပြီပေါ့။

လောလောဆယ် သမီးကို မစစ်ဆေးနိုင်သေးပါ။ မိစောနဲ့သား သက်ပိုင် ပြန်မရောက်သေးတဲ့ ကိစ္စက ပိုပြီး အရေးကြီးနေသည်။

"သမီး နောက်ကျလိုက်တာကွယ်၊ ဒီနေ့ ကျောင်းရော



www.burmeseclassic.com

www.burmeseclassic.com



တက်ရဲ့လား"

တကယ်တော့ ဒေါ်သန္တာက ဘာမှမရည်ရွယ်ဘဲ ပြောလိုက်တာပါ။ ဒါကို သမီးက ဖြောင့်ချက်တွေ တန်းစီပြီး ပေးလာတော့ အံ့အားသင့်ရပါတော့သည်။

"နွေ...နွေ ဒီနေ့ ကျောင်းမတက်ဖြစ်ဘူး မေမေ၊ နွေ့ ချစ်သူနဲ့ လက်ထပ်ဖို့ကိစ္စ ဆွေးနွေးရင်းနဲ့ ကျောင်းချိန် လွန်သွားလို့ပါ"

"ဘယ်လို...ဘယ်လို"

"နွေ့မှာ ချစ်သူရှိနေပါပြီ မေမေ၊ နွေ မေမေ့ကို မညာချင်ပါဘူး၊ ဒါကြောင့် မေမေ့ကို အသိပေးတာပါ၊ နွေ့ ချစ်သူက နွေ့ထက် အသက်ဆယ်နှစ်လောက် ကြီးပါတယ် မေမေ"

သမီးလေးက ဒေါ်သန္တာကို ဖက်တွယ်ပြီး တတွတ်တွတ် ပြောနေတော့တာ။ ဒေါ်သန္တာက ဘာမှ မပြောနိုင်သေးခင် မှာဘဲ သမီးက တတွတ်တွတ် တောင်းပန်နေပြန်သည်။

"မေမေရယ် နွေနဲ့ နွေ့ချစ်သူကို သဘောတူပေးပါ





မေမေရယ်နော်၊ နွေ့ကို ဘာမှမပေးပါနဲ့ နွေ့ချစ်သူနဲ့ လက်ထပ်ခွင့်ပဲပေးပါနော်...နော်"

ဒေါ်သန္တာက သမီးကို သနားမိသွားတော့သည်။

ဒီလောက်ပြောနေပုံထောက်ရင် သမီးဆီမှာ စိုးရိမ်စိတ်တွေ ရှိနေလို့ပဲ ဖြစ်မှာပါ။

"နေပါဦး သမီးရယ် အေးအေးဆေးဆေး ပြောကြတာပေါ့၊ သမီး ရွေးချယ်ထားတဲ့ ချစ်သူဟာ သမီးနဲ့ ထိုက်တန်တဲ့သူဆိုရင် မေမေ့အနေနဲ့ ကန့်ကွက်စရာ မရှိပါဘူး ကွယ်"

ဒေါ်သန္တာက သမီးကို အပြုံးနဲ့ နှစ်သိမ့်လိုက်မိတော့တာ။

"မေမေ တကယ်ပြောတာပါနော်"

"တကယ်ပေါ့ သမီးရယ်၊ သမီးလေးကို မေမေ မချုပ်ချယ်ပါဘူး၊ သမီးရဲ့ အိမ်ထောင်ရေးမှာ လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့် မေမေ ပေးမှာပါ သမီးရယ်"

ဒေါ်သန္တာက တကယ်ပဲ လိုက်လိုက်လှဲလှဲ ပြော



www.burmeseclassic.com

www.burmeseclassic.com



တာပါ။

အစက်တော့ သမီးလေးကို မောင်သက်ပိုင်နဲ့ ပေးစားချင်တဲ့ ဆန္ဒမျိုးတွေ ဒေါ်သန္တာဆီမှာ တကယ်ပဲ ရှိခဲ့သည်။ အခု မောင်သက်ပိုင်နဲ့မိစောတို့ ငြိစွန်းနေတာကို သိလိုက်ရတော့ အဲဒီစိတ်ကူးတွေ အားလုံးကို ဖျက်သိမ်းပြီးသား ဖြစ်သွားခဲ့ရပါပြီ။

"ဒါ...ဒါဆို နွေ့ ကိုကို့ကို မေမေ့ဆီ ခေါ်လာတွေ့ပေးမယ်နော် မေမေ"

"အေးပါကွယ် သွား...သွား သမီး ရေမိုးချိုး အဝတ်အစားလဲ မေမေတို့အိမ်မှာ ပြဿနာရှိနေပြီ သမီးရေ"

"ဘာပြဿနာလဲ မေမေ"

"မောင်သက်ပိုင်နဲ့ မိစော မနက်ကတည်းက အတူတူ ထွက်သွားတာလေ၊ ခုထိပြန်ရောက်မလာသေးလို့ သမီးရေ၊ ဒယ်ဒီကြီးလဲ စိတ်တိုနေပြီ"

"ရှင်"

အံ့သြလွန်းလို့ နွေက ပါးစပ် အဟောင်းသားလေး





ာင် ဖြစ်သွားရတော့တာ။ တကယ့်ကို ထူးဆန်းတဲ့ တင်းမို့ ကိုယ့်ကိုစွဘောင် ကိုယ်မေ့သွားရတော့သည်။

"မေမေတို့လဲ ရုံးက ပြန်ရောက်မှပဲ သိရတာလေ"

"ဟင်...သူတို့နှစ်ယောက်က ဘာဖြစ်လို့ အတူတူ က်သွားရတာလဲ၊ မနက်တုန်းကတောင် မိစောက သူ့ မေနဲ့အဖေကို သတိရလို့ဆိုပြီးတော့ ငိုနေလို့ နွေ ချော့ထားခဲ့ ေးတယ် မေမေ"

နွေက တကယ်ပဲ တွေးရခက်သွားရတော့တာ။ သက်ပိုင် မိစောကို အရှောတာဝင်နေတာမှ မဟုတ်ဘဲ။ သူ့အခန်းကို ရှင်းပေးရင်တောင် အောက်ထုတ်ပစ်တတ်တာ နွေ့အမြင်ပဲ ာ။

အခု အပြင်ကို အတူတူ ထွက်သွားတယ်ဆိုတော့ ယ်လောက် ထူးဆန်းနေသလဲ။

"ဒေါ်လုံးကို မိစောက ပြောပြတယ်တဲ့၊ သူနဲ့ မောင် က်ပိုင် ချစ်နေကြပြီတဲ့၊ ပြီးတော့ အပြင်မထွက်ခင်မှာ င်သက်ပိုင်က မိစောရဲ့ အခန်းထဲကို ဝင်သေးတယ်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မေမေတော့ ဘာ့တွေ ဘယ်လိုထင်ရမှန်းတောင် မသိတော့ပါဘူး သမီးရယ်”

မေမေက နွေ့ကို တိုးတိုးလေး ပြောပြတာဖြစ်သည်။

နွေက ကျောင်းလွယ်အိတ်ကို ဒရွတ်တိုက်ဆွဲရင်း ကိုယ့်အခန်းကို လာခဲ့ရင်းက အတွေးတွေ ပွားနေမိတော့တာ။

မနက်က မိစော အရမ်းငိုတာကို ခုမှပဲ သံသယတွေ ဝင်လာရတော့သည်။

မိစော ပြောသလိုပဲ သက်ပိုင်နဲ့ မိစော ချစ်နေကြရင်လည်း ကောင်းတာပဲပေါ့။ ဒါပေမဲ့ သက်ပိုင်က နွေ့ကိုချစ်တယ်လို့ ပြောထားတာ ဘယ်လောက်များ ကြာသေးလို့လဲနော်။

တကယ်လို့ သူတို့နှစ်ယောက် ချစ်နေရင်ရော ဒယ်ဒီနဲ့ မေမေက သဘောတူပေးပါ့မလား။ သံဘောမတူလို့ ခွဲပစ်ရင်တော့ မိစောလေး သနားစရာပါ။

သက်ပိုင်ကရော မိစောက တကယ်ပဲ လက်ထပ်ပါ့မလား။ အပေ့ါကြံတာဆိုရင် ဘယ်လိုလုပ်မလဲ။ အတွေးတွေ့ စိတ်ရှုပ်ထွေးရင်း နွေက ရေအမြန်ချိုးလိုက်မိတော့သည်။





ထိုအချိန်တွင် သက်ပိုင်က မိစောရဲ့ လက်ကလေးကို တင်းတင်းဆုပ်ကိုင် အားပေးရင်း ကားမောင်းနေသည်။

“အရမ်း နောက်ကျနေပြီ ကိုကိုကြီးရယ်၊ မိစောကြောက်တယ် မိစော အရိုက်ခံရတော့မှာပဲ”

“အချစ်ရယ် ကိုကိုကြီး တစ်ယောက်လုံး ရှိနေတာကြောက်စရာလားဗျာ၊ အချစ်ကို ဘယ်သူမှ လက်ဖျားနဲ့ မထိစေရပါဘူး”

“ကိုကိုကြီးကိုလဲ ဆူတော့မှာပေါ့”

“ဆူတော့ရော အရေးလားဗျာ”

“မိစော ရုပ်ရှင်ကြည့်လိုက်လို့ နောက်ကျသွားရတာ၊ မိစောရဲ့အပြစ်ပါ ကိုကိုကြီးရယ်”

သက်ပိုင်က မိစောကို သနားပြီးရင်း သနားနေရတော့တာပါ။ သနားလွန်းလို့လည်း သူမလေး မရောက်ဖူးတဲ့ နေရာတွေ လိုက်လို့ပေးမိသည်။

သူမလေး မစားဖူးတာတွေ လိုက်ကျွေးမိသည်။ သူမလေး မကြည့်ဖူးတဲ့ အဆင့်မြင့်ရုပ်ရှင်ရုံကြီးမှာလည်း ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်မိသေးသည်။

ဒါကြောင့်ပဲ အိမ်ပြန်နောက်ကျရတာပါ။

ချစ်သူလေးက ကြောက်လန့်နေပေမဲ့ သူကေ
ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချထားပြီးသူမို့ ဘာကိုမှ မကြေ
တော့ပါ။ ချစ်သူလေးကို ပျော်ရွှင်အောင် လုပ်ပေးခဲ့ရ
အတွက်ပဲ သူက ကျေနပ်နေမိတော့တာ။

အစကတော့ မှားမိတဲ့အတွက် နောင်တရမိတာ အ
ပါ။ အမှားကြောင့်ပဲ မိစောလေးကို တာဝန်ယူရတော့
ဆိုတာမျိုးက နောင်တရစရာ ကောင်းပါသည်။

အခုတော့ အချစ်ကို တွေ့ရှိလိုက်ပြီမို့ သူ နောင်
မရတော့ပါ။ မိစောကိုလည်း လက်မထပ်ချင်ဘဲ လက်
ရမှာမျိုး မဟုတ်တော့ တကယ်လိုလိုချင်ချင်နဲ့ လက်
တော့မှာဖြစ်သည်။

နွေ့ကို ညီမလေးလိုပဲ ခံစားရတော့သည်။ နွေ
အစစအရာရာ ပြီးပြည့်စုံနေတဲ့ မိန်းကလေးတစ်ယောက်
မိစောလို ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးကပိုပြီး သနားကြ





စရာပါ။

သက်ပိုင်က အိမ်ပြန်ရောက်တာနဲ့ ဒယ်ဒီနဲ့မေမေ့ကို
တစ်ခါတည်းပဲ မိစောလေးနဲ့ သူလက်ထပ်တော့မယ်
အကြောင်း ပြောလိုက်ပါတော့မည်။

ပြီးတော့ မိစောလေးရဲ့ မိဘတွေဆီ အကြောင်းကြားပြီး
အမြန်ဆုံးလက်ထပ်မည်။ ဒယ်ဒီတို့ နွေတို့ ရှိနေတဲ့ ဒီအိမ်ကြီး
မှာလည်း သူ မနေတော့ပါ။

ဒယ်ဒီ့ စက်ရုံထဲက တိုက်ကလေးမှာ ချစ်သူလေးနဲ့
အတူသွားနေပါမည်။ ချစ်သူလေးကို ပျော်ရွှင်ပြည့်စုံတဲ့
ဘဝလေးတစ်ခု သူ တည်ဆောက်ပေးပါမည်။

အတွေးတွေနဲ့ပဲ သူ့ကားလေးက ခြံရှေ့ကို ရောက်လာ
တော့တာ။

"ကိုကို့ မိစော ကြောက်တယ်"

"မကြောက်ပါနဲ့ အချစ်ရယ်"

ချစ်သူလေးရဲ့ ပါးပြင်နုနုကို အားပေးတဲ့ အနမ်းလေး
ပေးလိုက်ပြီး သူက ခြံဝင်းထဲကို ရင်ကော့လို့ ကားမောင်းဝင်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တော့တာ။

သူ့ရင်ထဲမှာ အချစ်ကပေးတဲ့ အင်အားတွေ၊ သတ္တိတွေ အပြည့်နဲ့ပါ။ ဒယ်ဒီတို့ရဲ့ သဘောထား ဘယ်လိုမျိုးပဲရှိစေ ပါစေ။ သူက တုန်လှုပ်မည် မဟုတ်တာ သေချာသည်။

အမွေတွေ ဘာတွေပြုတ်ရင်တောင် သူမမှုပါ။ သူ့ဘဝ အတွက် ချစ်သူလေးကိုသာ ပိုင်ဆိုင်ခွင့်ရဖို့ လိုအပ်သည်။

ချစ်သူကိုသာရရင် တခြားအရာတွေကို ရယူဖို့အတွက် သူ စွမ်းဆောင်နိုင်မှာ သေချာပါသည်။

ဒီလိုနဲ့ပဲ ကြောက်ရွံ့တုန်လှုပ်နေတဲ့ ချစ်သူလေးရဲ့ အေးစက်စက် လက်ဖျားလေးကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး သူက ဒယ်ဒီတို့ရှေ့ကို အရောက်သွားမိတော့တာ။

"ဟော့ကောင်...သူများ သားသမီးကိုခေါ်ပြီး မင်း ဘယ်တွေ လျှောက်သွားနေတာလဲ"

မိုးချုန်းသံလို ကျယ်လောင်လွန်းတဲ့ ဒယ်ဒီကြီးရဲ့ အသံကြောင့် မိစောက လိပ်ပြာလွင့်စဉ် တော့မတတ်ကို ကြောက်လန့်သွားရတော့တာ။





ဒယ်ဒီကြီးနဲ့ မေမေကြီးရဲ့ မျက်နှာကို လုံးဝမကြည့်လို့ မိစောက ခေါင်းလေးငုံ့ထားရတော့သည်။ ဒီအချိန်မှာ မိစော အတွက် အားကိုးစရာက ကိုကိုကြီး တစ်ယောက်တည်းပဲ ရှိတာပါ။ ကိုကိုကြီး ခူးခဲ့လို့ မိစောရဲ့ ပန်းကလေး ကြွေခဲ့ရ ပါပြီ။ ကိုကို နမ်းရှိုက်ခဲ့လို့ အချစ်ပန်းလေးလည်း ကြွေခဲ့ရ ပါပြီ။

ကိုကိုကြီးက မိစောကို လက်ထပ်ပါ့မယ်လို့တော့ တဖွဖွ ပြောတာပါပဲ။ ပြောတဲ့အတိုင်း မလုပ်ရင်တော့လည်း မိစောရဲ့ ကံတရားပဲပေါ့နော်။

"ဟော့ကောင်... မေးနေတယ်လေ"

"ကိုရယ် ဖြည်းဖြည်းပြောပါ"

"ဟော့...မိဘ မျက်စိရှေ့မှာ ရမ်းကားတာမျိုး လုံးဝ လက်မခံနိုင်ဘူးကွ"

မိစောက တဆတ်ဆတ်တုန်နေတဲ့ အချိန်မှာပဲ ကိုကို ကြီးရဲ့ အေးဆေးတည်ငြိမ်တဲ့ စကားသံကို ကြားရတော့သည်။

"ကျွန်တော် မရမ်းကားပါဘူး ဒယ်ဒီ၊ မိစောကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တကယ်လက်ထပ်မှာပါ၊ ဒယ်ဒီနဲ့ မေမေဆီ တစ်ခါတည်း ခွင့်တောင်းပါရစေ၊ ကျွန်တော့်ကို မိစော လက်ထပ်ခွင့်ပေးပါ"

"အို..."

မိစောက အသက်ရှူဖို့ကိုတောင် မေလျော့သွားရတော့ တာ။

"ဟော့ကောင်...မင်း တကယ်ပြောနေတာလား၊ ဉာဏ် များနေတာလား"

"ကျွန်တော် တကယ်ပြောတာပါ. ဒယ်ဒီ၊ မိစော ကျွန်တော် တကယ်မြတ်မြတ်နိုးနိုးနဲ့ လက်ထပ်မှာပါ"

"မိစော"

ဒယ်ဒီကြီးက ခေါ်လိုက်တာမို့ မိစောမှာ ဆတ်ခနဲ တောင် တုန်သွားရတော့သည်။

"ရှင်..."

"ညည်းကရော သူ့ကို လက်ထပ်ချင်ရဲ့လား"

"ဟုတ် ဟုတ်ကဲ့"





"ဒါဆိုရင် လက်ထပ်ပေးမယ်၊ ကဲ...သွား...သွားကြ တော့"

"ဟို...ဘယ်တော့ လက်ထပ်ပေးမှာလဲ ဒယ်ဒီ၊ ကျွန်တော်တို့ကတော့ အမြန်ဆုံးပဲ ဖြစ်စေချင်တာပါ"

"အေး...ကောင်မလေး မိဘတွေဆီ အကြောင်းကြား ပြီးတာနဲ့ လက်ထပ်ပေးမယ် ဟုတ်လား"

"ကျေးဇူးတင်ပါတယ် ဒယ်ဒီ"

ကိုကိုကြီးနဲ့ မိစောက ဧည့်ခန်းထဲကနေ ထွက်ခဲ့မိသည်။ ပျော်လိုက်တာ ကိုကိုကြီးရယ်၊ မိစောကတော့ အိပ်မက် လို့ပဲ ထင်နေမိပါတယ်။

မိစော အခန်းထဲဝင်တော့ ကိုကိုကြီးက ရပ်ကြည့် နေသည်။ မိစော ရင်ထဲမှာတော့ ဟာခနဲ ဖြစ်သွားတော့သည်။ ဖြစ်နိုင်ရင် ခုပဲ အတူတူနေချင်တာပါ ကိုကိုကြီးရယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

ထင်သားသလို အတိုက်အခံတွေ မပြောရဘဲ ဒယ်ဒီဆီက သဘောတူညီမှုကို ချက်ချင်းရလိုက်တာမို့ သက်ပိုင်က အပျော်ကြီးပျော်နေတဲ့ အချိန်မှာ ဒေါ်သန္တာတို့ လင်မယားကတော့ ခေါင်းချင်းဆိုင်ပြီး ဆွေးနွေးနေကြတော့သည်။

"ကိုရယ် သားကို လက်ထပ်ခွင့် ပြုလိုက်တာ မြန်လွန်းမနေဘူးလားဟင်"

"ခွင့်မပြုရင် ကိုဟာ သားသမီးချင်း မစာနာတဲ့သူ ဖြစ်သွားရမှာပေါ့ သန္တာ။ သူ့ဘဝအတွက် သူ့ဘာသာသူ ရွေးချယ်သွားတာ ဘာမှစိတ်မကောင်း မဖြစ်နဲ့၊ လွှတ်သာ





ထားလိုက်"

တကယ်တော့လည်း ဒေါ်သန္တာက စိတ်မကောင်းဖြစ်ရုံပါပဲ။ မိစောနဲ့ လက်ထပ်နဲ့လို့ တားမြစ်လိုတဲ့ဆန္ဒ လုံးဝမရှိပါ။

ကောင်မလေး ဘယ်လောက် သနားစရာ ကောင်းထားသလဲ၊ အခြေအနေတွေကလည်း အလွန်အကျွံ အနေအထားဆိုတာကို ဒေါ်လုံး ပြောပြလို့ သိထားတာမို့ သားက လက်မထပ်ချင်ဘူးလို့ ငြင်းဆုန်ရင်တောင် အတင်းတိုက်တွန်းရမှာပါ။

"သားကလဲ မိုက်မဲလိုက်တာ ကိုရယ်၊ အင်းလေ သားသမီးဆိုတာ ကြီးလာရင် သူ့တို့ရင်ထဲက ဆန္ဒအတိုင်းပဲ လုပ်သွားကြတာ များပါတယ်"

"ယောကျ်ားတစ်ယောက် အတွက်ကတော့ သိပ်အရေးမကြီးပါဘူးဗျာ၊ ယောကျ်ားဆိုတာ မှီခိုခံရမယ့်သူ မဟုတ်လား"

"မိစောလေးကလဲ မဆိုးပါဘူး ကိုရယ်၊ ရုပ်ရည်ရေး



www.burmeseclassic.com

www.burmeseclassic.com



ကလဲ သန့်ပြန့်ပါတယ်၊ နေတာထိုင်တာလဲ ယဉ်ကျေးပါတယ်၊ ဆင်းရဲတာနဲ့ ပညာမတတ်တာတော့ ခြွင်းချက်ပေါ့လေ”

“ပြောရဦးမယ် ကိုရယ်၊ အဖြစ်အပျက်က တိုင်ပင်ထားသလားလို့တောင် ထင်ရတယ်ရှင်၊ ညနေက သမီးလေးကျောင်းက ပြန်ရောက်တာနဲ့ သန္တာ့ကို လာပြောတယ်၊ သူ့မှာ ချစ်သူရှိနေပြီတဲ့၊ အဲဒီချစ်သူနဲ့ လက်ထပ်ခွင့် ပြုပါတဲ့လေ”

“ဟောဗျာ”

“သန္တာ ပြောတယ်လေ ကိုရယ်၊ သားသမီးတွေဆိုတာ အရွယ်ရောက်လာတာနဲ့ သူ့တို့ဆန္ဒရှိတဲ့ အတိုင်းပါပဲလို့”

“သန္တာ သဘောထားကရောဗျာ”

“ဘာတတ်နိုင်မှာလဲ ကိုရယ်၊ လက်ခံသင့်တဲ့ သူဆိုရင် လက်ခံပေးလိုက်ရုံပဲ ရှိတော့တာပေါ့၊ အတိုက်အခံလုပ်ပြီး ကိုယ့်ရင်ခွင်ထဲကနေ ပေးမထွက်ဘဲ ထားလို့ရတာမှ မဟုတ်ပဲလေ”

လင်မယားနှစ်ယောက်က သက်ပြင်းကိုယ်စီချပြီး တိတ်





ိတ်သွားကြတော့တာ။

“နေ့တ...ာ်ဆုံးတော့လည်း ကိုတို့နှစ်ယောက်တည်းပဲ ျန်ရစ်ခဲ့ရမှာပေါ့လေ”

“သဘာဝပဲ ကိုရေ၊ သန္တာကတော့ ကိုယ်ရဲ့သားသမီး ွ စိတ်ချမ်းသာ ပျော်ရွှင်နေတာကိုပဲ မြင်ချင်တယ်သိလား”

“ကိုလဲ သန္တာ့လိုပါပဲဗျာ၊ မိဘတွေရဲ့ စွက်ဖက်မှု ကြောင့် ကိုတို့ချစ်သူနှစ်ယောက် ရင်ကွဲခဲ့ဖူးတယ် မဟုတ် ားဗျာ၊ ကိုတို့ရဲ့ ကလေးတွေကို ကိုတို့လိုမျိုး မခံစားစေချင် ဘူး”

“ဒါပေမဲ့ စိတ်တော့မကောင်းဘူး ကိုရယ်”

ဒေါ်သန္တာက ချစ်ခင်ပွန်းရဲ့ ရင်ခွင်မှာ မျက်နှာအပ်ထား က်မိတော့တာ။

“စိတ်မကောင်း မဖြစ်ပါနဲ့ အချစ်ရယ်”

“ကိုရယ်”

ဒေါ်သန္တာက အင့်ခနဲတစ်ချက် ရှိုက်ငိုလိုက်တော့ ခင်ပွန်းက အငိုတိတ်အောင် ချော့ဖို့အတွက် အိပ်ခန်းမီးကို



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လိုက်တော့တာ။

ထိုအချိန်တွင် ဒေါ်လုံးက နွားနို့ခွက်နဲ့အတူ နွေ့ အခန်းထဲ ဝင်လာတော့သည်။

"အယ်...ကြီးလုံး ကိုယ်တိုင်လား၊ မိစောရော ပြန်မရောက်သေးဘူးလား"

နွေ မေးတော့ ကြီးကြီးလုံးက မျက်နှာပြည့်ပြည့် ဝိုင်းဝိုင်းကြီးကို ရှုံ့မဲ့ပြီး ပြောပြတော့သည်။

"ရောက်နေပါပြီတော်၊ ဒါပေမဲ့ ဘာမှမလုပ်ရဘူးလို့ သူလူက မှာထားလို့ မလုပ်ရဲဘူး"

"ရှင်"

"ပြောရဦးမယ် သမီးရေ၊ မောင်သက်ပိုင်က မိစောကို လက်ထပ်တော့မှာတဲ့ ရှင်"

"ဘုရားရေ တကယ်လား"

နွေက အံ့ဩမိသလို ဝမ်းလည်းသာ သွားရတော့သည်။ ဘာပဲဖြစ်ဖြစ် မိစော ဒုက္ခမရောက် ရတော့ဘူးပေါ့၊ ပြီးတော့ နွေ့အတွက်လည်း စိုးရိမ်စရာ မရှိတော့ဘူး





မဟုတ်လား။

"တကယ်ပေါ့ သမီးရယ်၊ ဒီလိုဆိုတော့လည်း မိစောကံကောင်းတာပေါ့"

"ဒယ်ဒီကရော သဘောတူလားဟင် ကြီးကြီးလုံး"

"မင်း သဘောပဲတဲ့၊ သဘောမတူလို့လဲ ဘယ်ဖြစ်မလဲ သမီးရယ်၊ ဆရာကြီးက သဘောမတူဘူးကွာလို့ လုပ်လိုက်တာနဲ့ မိစောလေး ဒုက္ခရောက်ရမှာပေါ့၊ မိန်းကလေးဆိုတာ နာရတဲ့ဘက်က ချည်းပဲလေ၊ မောင်သက်ပိုင်ကလဲ ယောကျ်ားပီသပြီး သူ့တာဝန်သူ ယူချင်တဲ့စိတ် ရှိလို့သာပေါ့ကွယ်၊ တခြားလူ အဘော်များများလို အိုင်တွေ့တိုင်း ခြေဆေးပြီး အဲဒီအိုင်ကို မေ့ပစ်ထားလိုက်တဲ့ သူမျိုးသာဆိုရင် မိစောတော့ ရေတိမ်နစ်ရမှာ"

ကြီးကြီးလုံး ပြောနေတာတွေကို နားထောင်ရင်း နွေက သဘောပေါက်သွားသည်။ မနက်က မိစော ငိုနေတာရယ်၊ အခု အဖြစ်အပျက်ရယ်ကို ဆက်စပ်ကြည့်လိုက်တာနဲ့ပဲ နွေ့မှာ ကြက်သီးဖျန်းဖျန်း ထရတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



မိစောနဲ့သက်ပိုင် မှားခဲ့ငြိခဲ့ကြလို့ ဒီလိုဖြစ်ရတာပေါ့။

"သက်ပိုင်က မိစောကို ချစ်ရောချစ်ပါ့မလား ကြီးလုံးရယ်၊ စိတ်မချမ်းမသာကြီးနဲ့ လက်ထပ်လိုက်ရတာမျိုး ဆိုရင်လဲ ရေရှည်မှာ ဘယ်ကောင်းပါ့မလဲနော်"

"အဲဒါပဲ ထူးဆန်းတာပေါ့ သမီးရေ၊ မိစောက ကြီးလုံးကို ပြောပြတယ်၊ မောင်သက်ပိုင်က မိစောကို ချစ်တယ်တဲ့လေ၊ ကြီးလုံး အထင်တော့ ကောင်မလေးကို သနားချစ်ချင်သွားတာပဲ ဖြစ်မှာပါ"

"ဘယ်လိုပဲချစ်ချစ် ချစ်တယ် မြတ်နိုးတယ်ဆိုရင်တော့ အကောင်းဆုံးပဲပေါ့ ကြီးလုံးရယ်နော်"

"သမီးလေးကတော့ တည်ငြိမ်လိုက်တာ စိတ်မဆိုးနဲ့နော်၊ ကြီးကြီးလုံးကတော့လေ သမီးလေးကို မောင်သက်ပိုင်နဲ့ သဘောတူနေမိတာ"

နွေက ရယ်ရယ်မောမောပဲ ပြန်ပြောလိုက်မိသည်။

"နွေတို့က ကလေးကတည်းက အတူတူ နေလာခဲ့တဲ့ မောင်နှမတွေပါ ကြီးလုံးရယ်"





ကြီးကြီးလုံး ပြန်ထွက်သွားတော့ နွေက စိတ်လက်ပေါ့ပါးပြီး ကျန်ရစ်ခဲ့ရတော့သည်။

သက်ပိုင်နဲ့ မိစော လက်ထပ်တော့မှာဆိုရင် နွေ့ဆီမှာ စိုးရိမ်ပူပန်စရာ ဘာမှမရှိတော့ပါ။

ကိုကိုရေ...

နွေတို့ အမြန်ဆုံးနီးချင်ပြီကွယ်၊ ကိုကို့ကို နွေ စိတ်မချပါဘူး။ ကိုကိုလည်း သက်ပိုင်လိုပဲ အိမ်ကအလုပ်သမားမိန်းကလေးတစ်ယောက်နဲ့ ထိမိငြိမိလို့ လက်ထပ်လိုက်ရပါတယ်ဆိုရင် နွေ ရင်ကွဲရမှာပေါ့ကွယ်။

တွေးရင်းကပဲ နွေက စိတ်သောကတွေ ဖြစ်ရတော့တာ။ ချစ်သူနှစ်ယောက်အတွက် မမြင်ရတဲ့ အန္တရာယ်တွေ အများသားနော်။

ကိုကိုရယ်...

မမြင်ရတဲ့ အန္တရာယ်တွေကို နွေ ကြောက်ပါတယ်ကွယ်၊ ဒါကြောင့် ကိုကိုနဲ့ အမြန်ဆုံးလက်ထပ်ဖို့ပဲ နွေ ကြိုးစားပါတော့မယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



နွေခေါင်ခေါင်က မျက်ရည်ကလေး ဝေ့သီပြီး ချစ်သူ ကိုကိုနဲ့ အမြန်ဆုံးနီးချင်တဲ့ ဆန္ဒတွေနဲ့ ပူလောင်နေချိန်မှာ မင်းနေမျိုးကလည်း အချစ်ကို သိမ်းပိုက်ပိုင်ဆိုင်နိုင်ဖို့ ကြိုးစားနေရလေသည်။

"ကျွန်တော့်ကို မိန်းမတောင်းပေးပါတော့ မေမေ"

"မြန်လှချည်းလား သားရယ်"

"မမြန်ပါဘူး မေမေ၊ ကျွန်တော် အသက်အရွယ်နဲ့ဆို နောက်တောင်ကျနေ ပါသေးတယ်ဗျာ"

သူ့စကားကို မေမေက ရယ်မောတုံ့ပြန်သည်။

"အရင်တုန်းကတော့ သားသားနဲ့ပဲ ဘဝကိုမြှုပ်နှံမယ်ဆို"

"အဲဒီတုန်းက ကျွန်တော်မှ မချစ်တတ်သေးတာ"

"ဩော်...ဩော် အခုတော့ ချစ်တတ်ပြီပေါ့လေ။ သားရဲ့ မိန်းကလေးက သားထက် ငယ်လွန်းမနေဘူးလားကွယ်"

"ဆယ်နှစ်ပဲ ကွာတာပါ မေမေရယ်၊ ယောကျ်ားပဉ္စင်း မိန်းမပုခက်တွင်းဆိုတဲ့ စကားတောင် ရှိသေးတာပဲ၊ ဆယ်နှစ်





ဆိုတာ မကွာပါဘူးဗျာ"

"ဟုတ်ပါပြီ ကောင်မလေးက ခေတ်ရှေ့ပြေးနေတဲ့ ဆတ်ကော့လပ်ကော့လေး ဆိုရင်လဲ မေမေကတော့ သဘော မတူချင်ဘူးကွယ်၊ ရေရှည်မှာ သားပဲ စိတ်ဆင်းရဲရလိမ့်မယ်"

"ဆတ်ကော့လက်ကော့လေး မဟုတ်ပါဘူးဗျာ၊ မေမေ တွေ့တာနဲ့ ချစ်သွားမှာပါ၊ ပြီးတော့ ချမ်းချမ်းသာသာနဲ့ ပညာလဲတတ်တဲ့ မိန်းကလေးပါ မေမေ"

"နေပါဦး၊ ဘယ်သူ့ သမီးလဲ၊ ဘယ်မှာနေတာလဲ"

ချစ်သူလေးရဲ့ နေရပ်လိပ်စာကို ပြောပြလိုက်တော့ မေမေက သဘောကျသွားပုံရသည်။ ဆင်းရဲတာ ချမ်းသာတာ အရေးမကြီးပါဘူးလို့ ဘယ်လိုပဲပြောပြော ချမ်းသာတဲ့ ဂုဏ်သရေရှိ မိန်းကလေးမျိုးကိုပဲ မေမေက ရွေးမတော်ချင်မှာပါ။

ချစ်သူလေးရဲ့ မိဘနာမည်ကို ပြောပြလိုက်တာနဲ့ မေမေ့ မျက်နှာက ကြည်လင်သွားတော့သည်။

"ဩော် တကယ့်ဒိတ်ဒိတ်ကျဲတွေပဲ သားရေ၊ မေမေ တို့ဘက်က ကရောကပယ် သွားလုပ်လို့တော့ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့ထက်တောင်တက်ကြွပြီး သမီး တောင်းချင်နေတော့ သူ့မှာပြုံးရသေးသည်။

အချစ်ရယ်...

ကိုကို့တို့ အမြန်ဆုံး နီးရတော့မှာပါဗျာ။

* * *



# အခန်း (၂၃)

ဒေါ်သန္တာတို့ရဲ့ သီရိဂေဟာ အိမ်ကြီးအတွင်း အပြောင်းအလဲတွေက မြန်ဆန်လွန်းလှသည်။

တစ်ပတ်ဆယ်ရက် အတွင်းမှာပဲ သားနဲ့မိစောက လက်ထပ်ပြီး သွားခဲ့ပါပြီ။

ရုံးတက်လက်မှတ်ထိုး မင်္ဂလာဆွမ်းပဲ ကျွေးရတာမို့ ဘာမှ မပင်ပမ်းပါ။ အခုဆို သားနဲ့မိစောက ဟန်းနီးမွန်းတောင် ထွက်သွားလေပြီ။

ဒီရက်အတွင်းမှာပဲ သမီးကိုလည်း စေ့စပ်ကြောင်းလမ်းပြီးသွားပါပြီ။ စာပေးပွဲဖြေပြီးတာနဲ့ သမီးလည်း လက်ထပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တော့မည်။

သမီးကတော့ ခမ်းခမ်းနားနား မင်္ဂလာဆောင်ဖြစ်မှာပါ။

ဘာပဲဖြစ်ဖြစ် ဒေါ်သန္တာတို့လင်မယားကတော့ သားနဲ့ သမီးအတွက် စိတ်အေးချမ်းသာရပြီမို့ အချစ်တွေ ပြန်နုပျိုပြီး လန်းဆန်းတက်ကြွနေကြတော့တာ။

"သန္တာရေ"

"ရှင်...ကို"

"ကိုတို့လဲ မင်္ဂလာထပ်ဆောင်ရရင် မကောင်းဘူးလား ဗျာ အပျွန်း...ပျွန်း"

"သွားပါ ကလေးတွေကိုကြည့်ပြီးတော့ ကိုက ငယ်မူ ပြန်ချင်နေတာလား"

"ငယ်မူပြန်တယ်လို့ ပြောရအောင် ကိုတို့က ဘယ် လောက်များ ကြီးနေသေးလို့လဲဗျာ"

"ပျွန်း...အဘိုးကြီးဖြစ်နေပြီ၊ ဒါကို ဘယ်လောက်များ ကြီးသေးလို့လဲတဲ့ ကိုကတော့လေ၊ သူများတွေကြားရင် ရယ်ကြမယ်ရှင့်"





ဒေါ်သန္တာက မျက်စောင်းလေးနဲ့ ပြောလိုက်မိတာပါ။

"အချစ်ရယ် လူကသာ အိုချင်အိုမယ်၊ အချစ်ကတော့ မအိုပါဘူးဗျာ၊ ဘယ်လိုလဲ ကိုအချစ်တွေ နုပျိုနေတုန်းပဲဆိုတာ ခုပဲ သက်သေပြလိုက် ရတော့မလားပြော"

ပြောပြောဆိုဆို ချစ်ခင်ပွန်းက အတင်းပဲပွေ့ဖက်ပြီး နမ်းရှိုက်လိုက်လေတော့ ဒေါ်သန္တာမှာ ဆယ်ကျော်သက် လေးလို ရင်တွေ ခုန်လာရတော့တာ။

'အို...ကိုကလဲ ကလေးကလား' လို့ ပြောလိုက်တဲ့ အသံလေးကတောင် တုန်ခါသွားရတော့သည်။

"အချစ်ရယ် ကိုတို့ဝေးခဲ့ရတဲ့ နှစ်တွေအတွက် အတိုး ချပြီး ချစ်ကြဘာပေါ့ဗျာ၊ မြေးတွေ တစ်လှေကြီးရတဲ့အထိ အချစ်မပြယ်ကြေးနော်"

"ကိုရယ်"

ဒေါ်သန္တာက ချစ်ခင်ပွန်းရဲ့ ရင်ခွင်ထဲကို တိုးဝင်နေ လိုက်မိတော့သည်။

စီပွားဥစ္စာရော...



www.burmeseclassic.com

www.burmeseclassic.com



အချစ်မေတ္တာပါ ပြီးပြည့်စုံတဲ့နေတဲ့ ဘဝမှာ လိုအပ်ချက်ဆိုတာ ရှိပါဦးတော့မလားကွယ်”

ဒီလိုဘဝမျိုးကို ရောက်ဖို့အတွက် မောပန်းစွာ ဖြတ်သန်းကြိုးစားလာခဲ့ရတဲ့ အတိတ်တွေက အဝေးမှာ ကျန်နေရစ်ခဲ့ပါပြီ။

အခုတော့ ဘဝအမောတွေကို ချစ်ခင်ပွန်းရဲ့ ရင်ခွင်ထဲမှာ ခိုဝင်ဖြေဖျောက်နိုင်ခဲ့ ရပြီပေါ့ကွယ်။

* * *



# အခန်း (၂၄)

နွန်းမြတဲ့ လရောင်က ပင်လယ်ရေပြင်ပေါ် ထိုးဖြာကျနေလေသည်။

ကမ်းစပ်ကို လာထိတဲ့ လှိုင်းတွေရဲ့အသံက စည်းချက်မှန်မှန်နဲ့ ချော့သိပ်နေသလိုမျိုးပါ။

ကြင်စဦး ဇနီးမောင်နှံနှစ်ယောက်ဖြစ်တဲ့ သက်ပိုင်နဲ့ မိစောက လရောင်ကို ခိုလှုံရင်း ပင်လယ်လေးကို ရှုရှိုက်နေကြသည်။

“ကိုကိုကြီးရယ် မိစောကတော့ ခုထိ အိပ်မက်မက်နေတာလားလို့ ထင်နေမိတုန်းပါပဲ”

မိစောက ကိုကိုကြီးရဲ့ ရင်ခွင်မှာ မှီတွယ်ရင်း ပြောနေမိတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါပဲ။

မိစောရဲ့ ဘဝလေးက ပုံပြင်တွေထဲကလို ပြောင်းလဲသွားခဲ့တာကိုး။ ကိုကိုကြီးရဲ့ အချစ်တွေကလည်း အင်အားကြီးမားလွန်းလို့ မိစောမှာ အံ့သြ ကျေးဇူးတင်နေရတော့သည်။

မိစော တကယ် ကံကောင်းခဲ့ပါပြီ။

"အဟွန်း...နုထိအိပ်မက်လို့ ထင်နေတုန်းပဲ ဆိုရင်တော့ အိပ်မက် မဟုတ်ဘူးဆိုတာ ခပ်ကြမ်းကြမ်းလေး သက်သေပြမှရတော့မယ်ဗျာ လာခဲ့"

"အို"

ကိုကိုကြီးက မိစောရဲ့ ခန္ဓာကိုယ်လေးကို ပိုင်ပိုင်နိုင်နိုင် ပွေ့ချီပြီး ဘန်ဂလိုရှိရာသို့ ခြေလှမ်းကျဲကြီးတွေနဲ့ ခေါ်ဆောင်လာတော့တာ။

မိစောက ကိုကိုကြီးရဲ့ တုတ်ခိုင်တဲ့ လည်တိုင်ကို အားကိုးတကြီး ဖက်တွယ်ထားပြီး မျက်လုံးလေး စုံမှိတ်ထားလိုက်မိတော့တာ။

"ဟော...ကောင်မလေး၊ ကိုကိုကြီးက ရေထဲပစ်ချလိုက်





မှာ မကြောက်ဘူးလားဗျာ အဟွန်း...ဟွန်း"

"မကြောက်ပါဘူးနော်"

"ဘာဖြစ်လို့ မကြောက်တာလဲ"

"အဟင့်...မိစောဆီက အချစ်ကပေးတဲ့ အင်အားနဲ့ သတ္တိတွေ အပြည့်ရှိပါတယ်နော်၊ ဘာကိုမှ မကြောက်ဘူး"

"ပြောတတ်လိုက်တဲ့ နှုတ်ခမ်းလေးကို ဆုချရမယ်ဗျာ အဟွန်း...ဟွန်း"

ကိုကိုကြီးရဲ့ အချစ်တွေကြောင့် မိစောက လေဟုန်စီးသွားရတော့သည်။

"အချစ်ရယ် အရမ်းချစ်တာပဲဗျာ"

"မိစောလဲ ပြောမပြတတ်အောင်ကို ချစ်ရပါတယ် ကိုကိုကြီးရယ်"

အဲဒီနောက်မှာတော့ အချစ်အတိပြီးတဲ့ အနမ်းတွေနဲ့ ချစ်သူနှစ်ဦးက ချစ်ကမ္ဘာကြီးဆီသို့ ရွက်လွှင့်သွားကြလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

"နွေကလေး"

"အင်ဟင်"

"ကိုကို့ကို ချစ်ရဲ့လားဗျာ"

"ပြောနေစရာ လိုသေးလို့လား ကိုကိုရယ်"

"ပြောစရာတော့ မလိုတော့ပါဘူးဗျာ၊ ဒါပေမဲ့ ကြားချင်သေးတယ်လေ"

"ကဲ...ကြားချင်ရင်လဲ ပြောမယ် နားထောင်၊ ကိုကို့ကို မုန်းတယ်"

"ဟာကွာ"

"ထပ်ပြောမယ် အရမ်းမုန်းတာပဲ"

"နွေ နော်"

"မုန်းတယ် မုန်းတယ် မုန်းတယ်"





နွေက ချစ်တဲ့ ကိုကို့ကို ကျီစယ်မိတာပါ။

"ကဲ...ဒီလောက်တောင် မုန်းတာ လာခဲ့"

ကိုကိုက အတင်းဆွဲဖက်ပြီး နွေ့ကိုနမ်းတော့ နွေ့မှာ လန့်သွားရသည်။ အခုရောက်နေတဲ့ နေရာက နွေတို့ရဲ့ ခြံထဲမှာ မဟုတ်လား။

"ဟော့...ကိုကို လူကြီးတွေ တွေ့ကုန်မယ်နော်...လွှတ်"

"တွေ့တွေ့ပေါ့ မကြာခင် လက်ထပ်တော့မှာပဲဟာ၊ နမ်းတော့ရော ဘာဖြစ်သေးလဲ၊ နွေ မကျေနပ်ရင် ကိုကို့ကို ကြိုက်သလောက် ပြန်နမ်းပေါ့"

"သွားပါ လူလည်ကြီး"

ရုန်းရင်းဖယ်ရင်းနဲ့ပဲ နွေက ကိုကို့ ရင်ခွင်ထဲကို ရောက်သွားရတော့တာ။

ဆွဲငင်အား ပြင်းထန်လွန်းတဲ့ ရင်ခွင်ကြီးထဲကို ရောက်သွားတိုင်း နွေ့မှာ ပြန်မထွက်နိုင်တော့ပါ။

"အတူတူ နေချင်ပြီဗျာ"

"နေရတော့မှာပါ ကိုကိုရယ်၊ နွေ ကျောင်းပြီးဖို့ တစ်လလောက်ပဲ လိုတော့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတွေကို ပြန်ပြင်ပြောရအောင် အချစ်ရယ်၊ ကျောင်းမပြီးခင် လက်ထပ်တော့မယ်လို့လေ"

"အို...ရမလား ကိုကိုရဲ့"

"ဒါဆို ခုပဲ ခိုးပြေးမယ်"

"ကိုကိုနော် ပေါက်ကရတွေ"

နွေ့ အော်သံတွေက မိုးစက်မိုးပေါက်တွေလို နွေ့မျက်နှာလှလှလေးဆီ ပြိုဆင်းလာကြတော့တာ။

"ကိုကိုရယ်"လို့ ညည်းညူရင်းနဲ့ပဲ နွေက ကိုကိုရဲ့ အချစ်တွေမှာ အရည်ပျော်သွားရတော့တာ။

ကိုကိုနဲ့ နွေတို့ရဲ့ အချစ်တွေကြောင့် ခြံထဲက ပန်းတွေ ပွင့်ကုန်သည်။

ငှက်ကလေးတွေကလည်း တစ်ကောင်မကျန် အချစ်တေးကို သီဆိုကုန်သည်။ နွေတို့ရဲ့ ခိုင်မာတဲ့ အချစ်ကြောင့်ပဲ ကမ္ဘာကြီးတစ်ခုလုံး သာယာနေတော့တာ။

ချစ်သူတိုင်း ပေါင်းဆုံနိုင်ပါစေ။

မေပုလဲဦး

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com